**နမော တဿ ဘဂဝတော အရဟတောသမ္မာ သမ္ဗုဒ္ဓဿ**

## အဘိဓမ္မာတရားတော်

ဗုဒ္ဓရှင်တော်မြတ် ဟောကြားတော်မူခဲ့သည့် နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံတရား ဒေသနာတော်များ အနက် အဘိဓမ္မပိဋကတ်တရားတော်များသည် စကြဝဠာ အနန္တ၊ ကမ္ဘာအနန္တတည်းဟူသော လောကဓာတ် အားလုံးနှင့်ပါ အကျုံးဝင်သက်ဆိုင်သည့်အလျောက် အလွန်ပင် ကျယ်ဝန်းနက်နဲ၍ ခက်ခဲသိမ်မွေ့သော တရားတော်များ ဖြစ်ပါသည်။

၎င်းတရားတော်များကို ဟောကြားတော်မူရာတွင် ကာလ၊ ဒေသ၊ ပုဂ္ဂိုလ်၊ အခြေအနေများကို မငဲ့ကွက်ဘဲ တရားကုန်အောင်၊ နည်းစုံဟောတော်မူခြင်းဖြစ်ပါသည်။ အဘိဓမ္မာ တရားတော်အတွင်း၌ ဉာဏ်ကြီးရှင်တို့ ကြိုက်သလောက် ဉာဏ်ကစားနိုင်၊ ဉာဏ်ကွန့်မြူးနိုင်ကြပါသည်။ ထို့ကြောင့် အဘိဓမ္မာဒေသနာတော်ကို ဉာဏ်နု့ သူတို့ ကြောက်၍ ဉာဏ်ကြီး။သူတို့ ကျေနပ်ကြခြင်းဖြစ်ပါသည်။

၎င်းမျှကျယ်ဝန်းနက်နဲသော အဘိဓမ္မာတရားတော်များကို အနှစ်ချုပ်လိုက်ပါက စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟူသော ပရမတ္ထတရားလေးပါးသာရကြောင်း အဘိဓမ္မတ္ထသင်္ဂဟကျမ်းခေါ် သင်္ဂြိုဟ်ကျမ်း၌ လာပါသည်။ ၎င်းပရမတ္ထတရား ၄-ပါးကိုပင် ထပ်မံအကျဉ်းချုပ်ပါက သင်္ခတပရမတ်တရားနှင့် အသင်္ခတပရမတ်တရားဟူ၍ ၂-မျိုးရပါသည်။

## သင်္ခတပရမတ်တရား

စိတ်ပရမတ်တရား၊ စေတသိက်ပရမတ်တရားနှင့် ရုပ်ပရမတ်တရားသုံးပါးတို့ကို သင်္ခတပရမတ် တရားများဟု ခေါ်ပါသည်။ သင်္ခတဟူသောစကားမှာ ပေါင်းစပ်ပါဝင်ဖွဲ့ စည်း ဖြစ်ပေါ်ခြင်းသဘောဟု အဓိပ္ပါယ် ရပါသည်။

ထို့ကြောင့် တိကအင်္ဂုတ္တိုရ် ပါဠိတော်တွင် **"တီဏိ မာနိ ဘိက္ခဝေ သင်္ခတလက္ခဏာနိ၊ ကတမာနိ တီဏိ ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ၊ ဌိတဿ အညထတ္တံ ပညာယတိ"**ဟု ဖွင့်ဆိုမိန့်ကြား တော်မူခဲ့ပါသည်။

အဓိပ္ပါယ်မှာ ဖြစ်ပေါ်ခြင်းသည် ဉာဏ်၌ထင်ရှား၏။ ပျက်သုဉ်းပျောက်ကွယ်ခြင်းသည် ဉာဏ်၌ထင်ရှား၏။ အဖြစ်နှင့် အပျက်တို့၏ကြား၌ တည်ခြင်းသဘောသည် ဉာဏ်၌ထင်ရှား၏ ဟုဆိုလိုခြင်းဖြစ်ပါသည်။

## အသင်္ခတပရမတ်တရား

နိဗ္ဗာန်ပရမတ်တရားကို အသင်္ခတပရမတ်တရားဟု ခေါ်ပါသည်။ အသင်္ခတဟူသောစကားမှာ ပြုပြင်စီရင်မှု ကင်းခြင်း၊ ဖွဲ့စည်းဖြစ်ပေါ်မှု မရှိခြင်းသဘောကို ဆိုလိုခြင်း ဖြစ်ပါသည်။ **"သင်္ခတ ပဋိပက္ခံ အသင်္ခတံ နိဗ္ဗာနန္တိ ဘာသန္တိ"** ဟူသောဖွင့်ဆိုချက်အရ သင်္ခတသဘောနှင့် ဆန့်ကျင်ဘက်သဘောဟု အဓိပ္ပါယ်ရပါသည်။

ထို့ကြောင့် တိကအင်္ဂုတ္တိုရ်ပါဠိတော်တွင် **"တီဏိ မာနိ ဘိက္ခဝေ အသင်္ခတလက္ခဏာနိ၊ ကတမာနိ**

created using
BCL easyPDF
Printer Driver
Click here to purchase a license to remove this image

**တီ ဏံ န ဥပ္ပါဒေါ ပညာယတိ၊ န ဝယော ပညာယတိ၊ န ဌိတဿ အညထတ္တံ ပညာယတိ"**ဟုဖွင့်ဆိုသည့် ဒေသနာတော်အရ မဖြစ်ပေါ်ခြင်းသည် ညဏ်၌ထင်ရှား၏။ မပျောက်ကွယ်ခြင်းသည် ညဏ်၌ထင်ရှား၏။ တည်မနေ ခြင်းသည် ညဏ်၌ထင်ရှား၏ဟူ၍ဖြစ်ပါသည်။ နိဗ္ဗာန် ပရမတ်အကြောင်းကို ဖော်ပြသည့်အခါ အကျယ်တဝင့်ရှင်း လင်းဖော်ပြဦးမည် ဖြစ်ပါသည်။

## ပရမတ္ထတရား၏ အဓိပ္ပါယ်

ပရမတ္ထဟူသောစကားရပ်မှာ ပရမနှင့်အတ္ထကို ပေါင်းစပ်ထားသော စကားရပ်ဖြစ်ပါသည်။ ပရမသည် မွန်မြတ် သော၊ အတ္ထသည်အနက်သဘောဖြစ်သည်။ ထို့ကြောင့် ပရမတ်-မွန်မြတ်သော အနက်အဓိပ္ပါယ်သဘော ဖြစ်ပါသည်။ ပညာရှိအများက ဤပရမတ္ထဟူသောစကားရပ်ကို အနည်း ငယ်ချဲ့ထွင်၍ အဓိပ္ပါယ်ဖွင့်ဆိုရာတွင် မဖောက်မပြန်၊ မြဲမှန် အပ်မြတ်သော အနက်သဘောဟူ၍ ဖြစ်ပါသည်။ မိမိ၏ တရားကိုယ်သဘော၌သာ မြဲမြံစွာတသမတ် တည်းဖော်ပြနေသဖြင့် မြတ်သည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

## စိတ်ပရမတ်တရား

စိတ်ပရမတ်တရား၏ တရားကိုယ်အနက်သဘောမှာ **"သိ"**သဘောဖြစ်ပါသည်။ ကွဲပြားသောအာရုံနှင့် ဒွါရများကို အကြောင်းပြု၍သိစိတ် ၆-မျိုးဖြစ်ပေါ်ပါသည်။ ယင်းတို့မှာ-

၁။ အဆင်းရူပါရုံနှင့်မျက်စေ့အကြည် စက္ခုပသာဒတို့ကို အကြောင်းပြု၍ဖြစ်သော မြင်သိစိတ်။

၂။ အသံသဒ္ဒါရုံနှင့် နားအကြည် သောတပသာဒတို့ကို အကြောင်းပြု၍ ဖြစ်သောကြားသိစိတ်။

၃။ အနံ့ဂန္ဓာရုံနှင့် နှာခေါင်းအကြည် ဃာနပသာဒတို့ကိုအကြောင်းပြု၍ဖြစ်သော နံသိစိတ်။

၄။ အရသာ ရသာရုံနှင့်လျှာအကြည် ဇိဝှါပသာဒတို့ကို အကြောင်းပြု၍ဖြစ်သောအရသာသိစိတ်၊စား သိစိတ်။

၅။ အတွေ့အထိဖောဋ္ဌဗ္ဗာရုံနှင့် ကိုယ်အကြည်ကာယ ပသာဒတို့ကို အကြောင်းပြု၍ဖြစ်သော ကိုယ်ထိ သိစိတ်။

၆။ တွေးကြံစရာဓမ္မာရုံနှင့် မနောအကြည်၊ မနောဓာတ်တို့ကို အကြောင်းပြု၍ဖြစ်သော ကြံသိစိတ်တို့ဖြစ် ပါသည်။

## စေတသိက်ပရမတ်တရား

စေတသိက်ပရမတ်တရား၏ တရားကိုယ်အနက် သဘောမှာ **"သိ"**သဘောတွင် ပေါင်းစပ်ပါဝင်သည့် အခြံ အရံသဘောများဖြစ်ပါသည်။ စေတသိက်တရားစုစုပေါင်း ၅၂-ပါးရှိပါသည်။ စိတ်အားလုံးနှင့် ယှဉ်တွဲဖြစ်ပေါ်သော စေတသိက် ၇-ပါးရှိပါသည်။ ယင်းတို့မှာ-

၁။ ဖဿ အာရုံကို တွေ့ထိခြင်းသဘော

၂။ ဝေဒနာ အာရုံကို ခံစားခြင်းသဘော

၃။ သညာ အာရုံကို မှတ်သားခြင်းသဘော။

၄။ စေတနာ ယှဉ်ဖက်တရားတို့ကို စေ့ဆော်ခြင်းသဘော။

created using BCL easyPDF Printer Driver
Click here to purchase a license to remove this image

၅။ ဧကဂ္ဂတာ အာရုံ၌တည်ကြည်ခြင်းသဘော။
၆။ ဇီဝိတိန္ဒြေ ယှဉ်ဖက်တရားတို့ကို စောင့်ထိန်းခြင်းသဘော။
၇။ မနိသိကာရ နှလုံးသွင်းခြင်း သဘောတို့ ဖြစ်ပါသည်။

မြင်သိစိတ် ဖြစ်သည်နှင့်တစ်ပြိုင်နက် ထိုမြင်သိစိတ်နှင့် တကွအာရုံနှင့် ထိတွေ့ခြင်းသဘော၊ အာရုံကို ခံစားခြင်းသဘော၊ အာရုံကို မှတ်သားခြင်းသဘောတို့အပါအဝင် အာရုံကို နှလုံးသွင်းခြင်းသဘောစသည့် စေတသိက်တရား ၇-ပါးတို့ပါ တစ်ပြိုင်နက် ပေါင်းစပ်ပါဝင်နေသည်ဟု ဆိုလို ခြင်းဖြစ်ပါသည်။

ထိုနည်းအတိုင်းပင် ကြားသိစိတ်၊ နံသိစိတ်၊ အရသာ သိစိတ်၊ ထိသိစိတ်နှင့်တွေးကြံစိတ်တို့ ဖြစ်ပေါ်ရာ၌ လည်း ဤအခြံအရံ စေတသိက်တရား ၇-ပါးတို့သည် ပေါင်းစပ်ပါဝင် ဖြစ်ပေါ်ကြသည်။ ထို့ကြောင့် ယင်း စေတသိက်တရား၇-ပါးကို စိတ်အားလုံးနှင့် ယှဉ်တွဲဖြစ်ပေါ်သော စေတသိက်များဟူ၍ ဟောကြားခဲ့ပါသည်။

## စိတ်နှင့်စေတသိက်တို့ယှဉ်တွဲဖြစ်ပေါ်ပုံနိယာမ

စိတ်တရားနှင့်စေတသိက်တရားတို့ ပေါင်းစပ်ဖွဲ့စည်း ဖြစ်ပေါ်ရာတွင်-

၁။ ဧကုပ္ပါဒ အတူတကွဖြစ်ခြင်း။
၂။ ဧကနိရောဓ အတူတကွချုပ်ခြင်း။
၃။ ဧကဝတ္ထုက မှီရာဝတ္ထုတူခြင်း။
၄။ ဧကာလမ္ဗန အာရုံတူခြင်းဟူသော ဓမ္မနိယာမဥပဒေသနှင့်အညီ ဖြစ်ပေါ်ကြပါသည်။

ဤနေရာတွင် ဖော်ပြလိုသည်မှာ စိတ်ပရမတ် တရား နှင့်စေတသိက်ပရမတ်တရားတို့သည် သီးခြားစီရှိနေ ကြရာမှ လာရောက်တွေ့ဆုံ ပေါင်းစပ်ဖွဲ့စည်းပြီး အဖြစ်တရား တစ်ခု အနေဖြင့် ထွက်ပေါ်လာသည်ဟု မှတ်ယူရန် မဟုတ်ပါ။ မျက်စိနှင့်အဆင်းရူပါရုံတို့ တိုက်ဆိုမိသော အခါကျမှ အသစ်စက်စက် ဖြစ်ပေါ်လာသည့် မြင်သိစိတ် တွင် စိတ်ပရမတ်နှင့် စေတသိက်ပရမတ်တို့ ပေါင်းစပ်ပါဝင်နေပုံကို ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်ဖြင့် ခွဲခြမ်းစိတ်ဖြာ၍ ဝေဖန်ဟောကြားတော်မူခြင်း ဖြစ်ပါသည်။

ဤသဘောကို ထင်ရှားစေသည့် ဥပမာသာဓက တစ်ခုမှာ ပင်လယ်၊ သမုဒ္ဒရာအတွင်းမှရေကို ကော်ခပ်၍ ဤရေမှာ ဂင်္ဂါမြစ်ရေ၊ ဤရေမှာ ယမုံနာမြစ်ရေ၊ ဤရေမှာ အစိရဝတီမြစ် ရေ၊ ဤရေမှာ မဟီမြစ်ရေ၊ ဤရေမှာ သရဘူ မြစ်ရေစသည်ဖြင့် ခွဲခြား၍ဖော်ပြသကဲ့သို့ သိစိတ်တစ်ခုတွင်ပါဝင်သော ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ စသည့် စေတသိက်တရားများကို တရားကိုယ်သဘောလက္ခဏာများနှင့်တကွ ခွဲခြား၍ ဟောကြားတော် မူခြင်းဖြစ်ပါသည်။ ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်မှာ လက်ဖျစ်တီး၍ အံ့ချီးလောက်သောဂုဏ်တော်၊ မဖြစ်စဖူး ထူးကဲလှသော ဂုဏ်တော်တို့နှင့်ပြည့်စုံကြောင်း နာယူမှတ်သားရပါသည်။

## ပကိဏ်းစေတသိက်များ

စိတ်တိုင်းတွင် ပေါင်းစပ်ပါဝင် ယှဉ်တွဲဖြစ်ပေါ်သည့် စေတသိက် ၇-ပါးအပြင် အခြားသော စေတသိက် များလည်း ရှိသည်။ စိတ်အားလုံးနှင့်မယှဉ်နိုင်ဘဲ အချို့သောစိတ်တို့နှင့်သာ ရောရောပြွန်းပြွန်း ယှဉ်သော စေတသိက်များကို ပကိဏ်း စေတသိက်များဟု ခေါ်ပါသည်။ ယင်းပကိဏ်း စေတသိက်များမှာ ၆-ပါးဖြစ်ပါသည်။

created using
BCL easyPDF
Printer Driver
Click here to purchase a license to remove this image

ယင်းတို့မှာ-

၁။ ဝိတက် - ကြံစည်ခြင်းသဘော

၂။ ဝိစာရ - သုံးသပ်ခြင်းသဘော

၃။ အဓိမောက္ခ - ဆုံးဖြတ်ခြင်းသဘော

၄။ ဝီရိယ - အားထုတ်ခြင်းသဘော

၅။ ပီတိ - နှစ်သက်ခြင်းသဘော

၆။ ဆန္ဒ - လိုလားတောင့်တခြင်းသဘောတို့ ဖြစ်ပါသည်။

## အကုသိုလ်စေတသိက်များ

တစ်ဖန် အကုသိုလ်စိတ် (ကိလေသာစိတ်) များတွင် ယှဉ်သော အကုသိုလ်စေတသိတ်များမှာ ၁၄-ပါး ဖြစ်ပါသည်။ ယင်းတို့မှာ

၁။ မောဟ - အာရုံ၏ အမှန်သဘောကို ဖုံးကွယ်သောသဘော။

၂။ အဟိရိက - မကောင်းမှု၌ မရှက်ခြင်း သဘော။

၃။ အနောတ္တပ္ပ - မကောင်းမှု၌ မကြောက်ခြင်း သဘော။

၄။ ဥဒ္ဓစ္စ - ပျံ့လွင့်ခြင်းသဘော။

၅။ လောဘ - လောကီအာရုံ၌ တွယ်တာခြင်း သဘော။

၆။ ဒိဋ္ဌိ - မှားယွင်းသိမြင်ခြင်းသဘော။

၇။ မာန - ထောင်လွှားခြင်းသဘော။

၈။ ဒေါသ - ခက်ထန်ကြမ်းတမ်းခြင်း သဘော။

၉။ ဣဿာ - မနာလိုခြင်းသဘော။

၁၀။ မစ္ဆရိယ - ဝန်တိုခြင်းသဘော။

၁၁။ ကုက္ကုစ္စ - ပြုခဲ့မိခြင်း၊မပြုခဲ့မိခြင်း အတွက် ပူ ပန်ကြောင့်ကြခြင်း သဘော။

၁၂။ ထိန - ထိုင်းမှိုင်းခြင်းသဘော။

၁၃။ မိဒ္ဓ - ငိုက်မြည်းခြင်းသဘော။

၁၄။ ဝိစိကိစ္ဆာ - ယုံမှားခြင်း သဘောတို့ ဖြစ်ပါသည်။

## ကုသိုလ်စေတသိက်များ

ထို့ပြင် ကုသိုလ်စိတ်များတွင် ယှဉ်သောစေတသိတ်များမှာ စုစုပေါင်း ၂၅-ပါးရှိပါသည်။ ယင်းတို့မှာ-

၁။ သဒ္ဓါ - အမှန်၌ ယုံကြည်ခြင်း သဘော။

၂။ သတိ - အမှန်၌ အောက်မေ့ခြင်း သဘော။

၃။ ဟိရိ - မကောင်းမှု၌ ရှက်ခြင်းသဘော

၄။ ဩတ္တပ္ပ - မကောင်းမှု၌ကြောက်ခြင်းသ ဘော။

၅။ အလောဘ - လောကီအာရုံကိုမလိုချင်မှု သဘော။

၆။ အဒေါသ - မခက်ထန်၊ မကြမ်းတမ်းခြင်းသဘော။

created using BCL easyPDF Printer Driver
Click here to purchase a license to remove this image

၇။ တတြမဇ္ဈတ္တတာ - စိတ်စေတသိတ်တို့ကို အပိုအလွန်မရှိအောင်အလယ်အလတ်၌ တည့်မတ်မှု၊ လျစ်လျူပြုမှု သဘော။
၈။ ကာယပဿဒ္ဓိ - စေတသိက်များ၏ ငြိမ်းအေးမှု သဘော။
၉။ စိတ္တပဿဒ္ဓိ - စိတ်၏ငြိမ်းအေးမှုသဘော။
၁၀။ ကာယလဟုတာ - စေတသိက်များ၏ ပေါ့ပါးမှု သဘော။
၁၁။ စိတ္တလဟုတာ - စိတ်၏ ပေါ့ပါးမှုသဘော။
၁၂။ ကာယမုဒုတာ - စေတသိက်များ၏နူးညံ့မှုသ ဘော။
၁၃။ စိတ္တမုဒုတာ - စိတ်၏နူးညံ့ခြင်းသဘော။
၁၄။ ကာယကမ္မညတာ - စေတသိက်များ၏ ခန့်ညားခြင်း သဘော။
၁၅။ စိတ္တကမ္မညတာ - စိတ်၏ခန့်ညားခြင်းသဘော။
၁၆။ ကာယပါဂုညတာ - စေတသိက်များ၏ ပြွမ်းတီး လေ့လာမှုသဘော။
၁၇။ စိတ္တပါဂုညတာ - စိတ်၏ ပြွမ်းတီး လေ့လာမှု သဘော။
၁၈။ ကာယုဇုကတာ - စေတသိက်များ၏ဖြောင့်မတ်မှုသဘော။
၁၉။ စိတ္တုဇုကတာ - စိတ်၏ ဖြောင့်မတ်မှုသဘော။
၂၀။ သမ္မာဝါစာ - အသက်မွေးဝမ်းကြောင်းနှင့် မဆိုင်သောဝစီကံများမှ ရှောင် ကြဉ်မှုသဘော။
၂၁။ သမ္မာကမ္မန္တ - အသက်မွေးဝမ်းကြောင်းနှင့် မဆိုင်သောကာယကံများမှ ရှောင်ကြဉ်မှုသဘော။
၂၂။ သမ္မာအာဇီဝ - အသက်မွေးဝမ်းကြောင်းနှင့် ဆိုင်သော ကာယကံ ဝစီကံများမှ ရှောင်ကြဉ်မှုသဘော။
၂၃။ ကရုဏာ - ဒုက္ခိတသတ္တဝါပုဒ်ကို အာရုံ ပြု၍ သနားမှုသဘော။
၂၄။ မုဒိတာ - သုခိတသတ္တဝါပုဒ်ကို အာရုံ ပြု၍ ဝမ်းမြောက်မှုသဘော။
၂၅။ ပညိန္ဒြေ - ဉာဏ်ပညာဖြစ်မှုနှင့်တကွ အစိုးရခြင်းသဘောတို့ ဖြစ်ပါသည်။

စိတ်ပရမတ်တရားနှင့် စေတသိတ်ပရမတ်တရားတို့၏ တရားကိုယ်သဘောများကို ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ထို့အပြင် စိတ်တရားနှင့်စေတသိတ်တရားတို့၏ တရားကိုယ်အသီးသီးတို့သည်လည်း ရှိနေနှင့်ပြီးသား အရှိတရားများ မဟုတ်ကြဘဲ သိစိတ်တစ်ခု အသစ်ဖြစ်ပေါ်လာသော အခါတွင်မှ ယင်းသိစိတ်တွင် ပေါင်းစပ်ပါဝင် ဖြစ်ပေါ်ကြ သည်ကိုလည်း ရှင်းလင်းဖော် ပြခဲ့ပြီးဖြစ်ပါသည်။

သိစိတ်တစ်ခုသည် အကြောင်းတရားများနှင့် အထောက်အပံ့တရားများကို အမှီပြု၍သာလျှင် ဖြစ်ပေါ်လာရပါသည်။ အကြောင်းကင်း၍လည်းကောင်း အထောက်အပံ့ကင်း၍လည်းကောင်း အလိုလို ဖြစ်ပေါ်လာသည် မဟုတ်ပါ။ ဤအချက်ကို **"သဟေတု ဓမ္မာ၊ သပ္ပစ္စယာ ဓမ္မာ"**ဟု အဘိဓမ္မာ ဒုကမာတိကာတွင် ဘုရားရှင်ဟောကြားတော်မူခဲ့ပါသည်။

## ကိုယ်ပိုင်စွမ်းအား အတ္တမရှိပုံ

သိစိတ်ဖြစ်ပေါ်လာခြင်းမှာ တစ်ခုမဟုတ်ဘဲ အစုသဘောဖြင့်သာ ဖြစ်ပေါ်လာပါသည်။ ဤအချက်နှင့်ပတ်သက်၍လည်း**"န သကေန ဗလေန ဇာယရေ၊ နာပိ သကေန ဗလေန တိဋ္ဌရေ၊ ပရဓမ္မာ ဝသာနုဝတ္တိနော ဇာယရေ၊ သင်္ခါရာ အတ္တဒုဗ္ဗလာ"**ဟူသော ဒေသနာတော်ရှိပါသည်။ အဓိပ္ပါယ်မှာ စိတ်တရား၊ စေတသိက်တရား

created using BCL easyPDF Printer Driver
Click here to purchase a license to remove this image

တစ်ခုခုသည် ကိုယ်ပိုင်စွမ်းအားဖြင့်လည်းကောင်း၊ ကိုယ်ပိုင် ခွန်အားဖြင့်လည်းကောင်း မဖြစ်ပေါ်နိုင်၊ မတည်တံ့နိုင်၊ အခြား သောတရားများ၏သဘောသို့ လိုက်၍သာလျှင် ဖြစ်ပေါ်ရ၊ တည်တံ့ရသဖြင့် ဤစိတ်တရား စေတသိက် တရားတို့၌ ကိုယ်ပိုင်စွမ်းအားတည်းဟူသော **'အတ္တ'** သဘောမရှိဟု ဆိုလိုပါသည်။

## ရုပ်ခန္ဓာ ကုဋေငါးထောင် နာမ်ခန္ဓာကုဋေတစ်သိန်း

အကြောင်းတရားများ အထောက်အပံ့တရားများ စုဝေးညီညွတ်သည့် အခိုက်အတန့်သာ ဖြစ်ပေါ် လာရသော သိစိတ်နာမ်တရားများသည် အကြောင်းတရား တစ်ခု၊ အထောက်အပံ့တရားတစ်ခု ချို့တဲ့သည်နှင့် တစ်ပြိုင်နက် ချုပ်ဆုံးပျောက်ကွယ်ရပါသည်။ လက်ဖြစ်တစ်တွက် လျှပ်တစ်ပြက်အတွင်း ရုပ်ခန္ဓာပေါင်း ကုဋေ ငါးထောင်ဖြစ်၍ ချုပ်သကဲ့သို့ နာမ်ခန္ဓာပေါင်းလည်း ကုဋေတစ်သိန်းဖြစ်၍ ချုပ်သည်ဟု ဟောကြားတော် မူခဲ့ပါသည်။

အဘိဓမ္မာတရားတော်အရ တွက်ချက်ရာတွင်မူ စိတ်ခန္ဓာတစ်ခု၏ အဖြစ်အပျက်ကိုပင် ဖြစ်ခဏ၊ တည်ခဏ၊ ပျက်ခဏဟု ထပ်မံစိတ်ဖြာ၍ ခဏငယ် ၃-ချက် ဖြင့် တွက်ချက်ပါသည်။ ဤတွက်ချက်နည်းအရ ရုပ်ခန္ဓာတစ်ခု၏သက်တမ်းသည် စိတ်ခန္ဓာ ၁၇-ခု၏ သက်တမ်းနှင့်ညီမျှ၍ ခဏငယ်အားဖြင့် ၅၁-ချက် ကြာမြင့်ပါသည်။

ခဏငယ်၅၁-ချက်သက်တမ်းရှိသော မျက်စေ့အကြည်ရုပ်နှင့် ခဏငယ် ၅၁-ချက်သက်တမ်းရှိသော အဆင်းရုပ်တို့၏ တိုက်ဆိုင်မှုအကြောင်း အထောက် အပံ့ကြောင့် ခဏငယ် ၃-ချက်သာ သက်တမ်းရှိသော မြင်စိတ်အပါအဝင်စိတ် ၁၇-ခုပါသည့် ဝီထိစိတ်အစဉ် (သိစိတ်အစဉ်)သည် ဖြစ်လည်း ဖြစ် ချုပ်လည်းချုပ်လေ၏။

## ဖြစ်ရာဌာနချုပ်

ဒေသနာတစ်ခုတွင်လည်း **"သင်္ခါရာ ဥပ္ပါဒဒေသေ အနိရုဇ္ဈိတွာ ကေသဂ္ဂမတ္တမ္ပိ ဒေသန္တရသင်္ကမန္တ နတ္ထိ"**ဟု ဟောကြားတော်မူခဲ့ပါသည်။ အဓိပ္ပါယ်မှာ သင်္ခါရတရား (နာမ်တရား ရုပ်တရား အပါအဝင်)တို့သည် ဖြစ်ရာဌာန၌ မချုပ်ဆုံးဘဲ တစ်ဆံချည် ပမာဏသော်မျှ ရွေ့လျားနိုင်ခြင်း မရှိပေ"ဟူ၍ ဖြစ်ပါသည်။

လယ်တီဆရာတော်ဘုရား၏ ဒိဋ္ဌိပြုတ်လမ်း မြတ်ကမ္မဋ္ဌာန်းဟူသော စာတမ်း၌--

၁။ ဦးခေါင်း၊ ခြေလက်စသော ကိုယ်ခန္ဓာမျိုးသည် ရုပ်ခန္ဓာ မည်၏။

၂။ စိတ်ကြံစည်မှု အမျိုးမျိုးသည် နာမ်တရားမည်၏။

၃။ ဤရုပ်တရားနာမ်တရားတို့သည် တစ်ဘဝမှတစ် ဘဝသို့ပြောင်းသွားသည်မရှိ သံသရာ၌ ကျင်လည် သည်မရှိ ဖြစ်ပွားရာဌာန၌သာ ဆီမီးပမာ သိုမှီးရာမရှိ ချုပ်ဆုံးကွယ်ပလေ၏"ဟု ပြထားပါသည်။

## စိတ် ၈၉-ပါး

စိတ်ပရမတ်တရားနှင့် စေတသိက်ပရမတ်တရား ၅၂-ပါးတို့ အမျိုးမျိုးအဖုံဖုံ ပေါင်းစပ်ဖွဲ့စည်း ဖြစ်ပေါ်ကြရာ စိတ်အရေအတွက်အားဖြင့် ၈၉-ပါးဖြစ်ပေါ်နိုင်ကြောင်း အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းတွင် လာရှိပါသည်။ စကြဝဠာအနန္တ ကမ္ဘာအနန္တ၌လည်းကောင်း ဗုဒ္ဓဘာသာဝင်များ လက်ခံထားသည့် အပါယ် ၄-ဘုံ ကာမသုဂတိ ၇-ဘုံ ပြဟ္မာ ၂၀-ဘုံ၊ ပေါင်း ၃၁-ဘုံ၌လည်းကောင်း ဖြစ်ဖြစ်သမျှသော သက်ရှိသတ္တဝါ

created using BCL easyPDF Printer Driver
Click here to purchase a license to remove this image

သဏ္ဍာန်တွင် ဖြစ်ပေါ်နိုင်သော စိတ်အရေအတွက်မှာ ၈၉-ပါးသာရှိသည်။ ယင်းအရေ အတွက်ကို အမျိုးအစား အားဖြင့် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

၁။ အကုသိုလ်စိတ် - လောဘမူ ၈-ပါး
- ဒေါသမူ ၂-ပါး
- မောဟမူ ၂-ပါး = **ပေါင်း ၁၂-ပါး**

၂။ အဟိတ်စိတ် - အကုသလဝိပါက် ၇-ပါး
- အဟိတ်ကုသလဝိပါက် ၈-ပါး
- အဟိတ်ကြိယာ ၃-ပါး = **ပေါင်း ၁၈-ပါး**

၃။ ကုသိုလ်စိတ် - မဟာကုသိုလ်စိတ် ၈-ပါး
- မဟာဝိပါက်စိတ် ၈-ပါး
- မဟာကြိယာစိတ် ၈-ပါး = **ပေါင်း ၂၄-ပါး**
- ရူပကုသိုလ်စိတ် ၅-ပါး
- ရူပဝိပါက်စိတ် ၅-ပါး
- ရူပကြိယာစိတ် ၅-ပါး = **ပေါင်း ၁၅-ပါး**
- အရူပကုသိုလ်စိတ် ၄-ပါး
- အရူပ ဝိပါက်စိတ် ၄-ပါး
- အရူပကြိယာစိတ် ၄-ပါး = **ပေါင်း ၁၂-ပါး**

၄။ လောကုတ္တရာစိတ်- မဂ်စိတ် ၄-ပါး
-ဖိုလ်စိတ် ၄-ပါး = **ပေါင်း ၈-ပါး**
= စုစုပေါင်း ၈၉-ပါးဖြစ်ပါသည်။

ဤစိတ် ၈၉-ပါးကို အကျဉ်းချုပ်ခွဲခြားပါက အကုသိုလ်စိတ် ၁၂-ပါး၊ ကုသိုလ်စိတ် ၂၁-ပါးနှင့် အဗျာကတစိတ် ၅၆-ပါးတို့ ဖြစ်ကြပါသည်။

## ဒုစရိုက် ၁၀-ပါး

အကုသိုလ်စိတ် ၁၂-ပါးတို့ကြောင့် သူ့အသက်သတ် ခြင်း သူ့ဥစ္စာခိုးခြင်း၊ သူ့အိမ်ယာပြစ်မှားခြင်းဟူသော ကာယကံ ၃-ပါးကို ကျူးလွန်ပါသည်။ လိမ်လည်ပြောခြင်း၊ ကုံးချောခြင်း၊ ကြမ်းတမ်းစွာဆဲရေးခြင်း၊ ပြိန်ဖြင်းသောစကားများ ပြောခြင်းဟူသော ဝစီကံ ၄-ပါးကို ကျူးလွန်ပါသည်။ သူတစ်ပါးစည်းစိမ်ကို လိုချင်ခြင်း၊ သူ့အားပျက်စီးစေလိုခြင်း၊ အယူဖောက်ပြား မှားယွင်းခြင်းဟူသော မနောကံ ၃-ပါးကို ကျူးလွန်ပါသည်။ စုစုပေါင်း ဒုစရိုက် ၁၀-ပါးတို့ကို ကျူးလွန် ပါသည်။

## သုစရိုက် ၁၀-ပါးနှင့် ပုညကြိယာဝတ္ထု ၁၀-ပါး

မဟာကုသိုလ်စိတ် ၈-ပါးကြောင့် ဒုစရိုက် ၁၀-ပါး ကို ရှောင်ကြဉ်၍ ဒုစရိုက် ၁၀-ပါး၏ အပြန်ဖြစ်သော သုစရိုက် ၁၀-ပါးကို ကျင့်သုံးပါသည်။ ထို့ပြင် ပေးကမ်း စွန့်ကြဲခြင်း၊ ကိုယ်ကျင့်တရားကို ထိမ်းသိမ်းစောင့်ရှောက်

created using BCL easyPDF Printer Driver
Click here to purchase a license to remove this image

ဆောက်တည် ခြင်း၊ မေတ္တာ ကရုဏာ ဗုဒ္ဓါနုဿတိ စသည့် ဘာဝနာများ ပွားများခြင်း၊ မာန်မာနကင်း၍ ရိုသေကျိုးနွံတတ်ခြင်း၊ ကုသိုလ်တရားတို့ကို ကူညီဆောင်ရွက်တတ်ခြင်း၊ မိမိ၏ ကုသိုလ်ကောင်းမှုကို မျှဝေခြင်း၊ အခြားသူတို့၏ ကောင်းမှုကုသိုလ်ကို ဝမ်းမြောက်စွာ ကောင်းချီးပေးခြင်း၊ တရားတော်ကို နာယူခြင်း၊ တရားတော်ကို ဟောကြားပေးခြင်း၊ အယူဖြောင့်မတ်မှန်ကန်ခြင်းစသော ပုညကြိယာ ၁၀-ပါးတို့ကို ကျင့်သုံးပါသည်။

## ဈာန်အဘိညာဉ်များ

ရူပကုသိုလ်စိတ် ၅-ပါး၊ အရူပကုသိုလ်စိတ် ၄-ပါးတို့ကြောင့် ဈာန်များရရှိခြင်း၊ အဘိညာဉ် ၅-ပါး၊ ၆-ပါး၊ ၇-ပါး၊ သမာပတ် ၈-ပါးရခြင်းတို့ကို ဖြစ်စေပါသည်။ (ရူပဈာန် ၄-ပါး၊ အရူပဈာန် ၄-ပါး ပေါင်း ၈-ပါးကို သမာပတ်ဟု ခေါ်သည်။)

## မဂ်ကိစ္စပြီးမြောက်ခြင်း

လောကုတ္တမဂ်ကုသိုလ်စိတ် ၄-ပါးကြောင့် ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်းကိစ္စ၊ သမုဒယသစ္စာကို ပယ်ခြင်းကိစ္စ၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းကိစ္စ၊ မဂ္ဂသစ္စာကို ပွားခြင်းကိစ္စတို့ကို ပြီးမြောက်စေပါသည်။

## ပုဂ္ဂိုလ်သတ္တဝါမဟုတ်

ဓမ္မသင်္ဂဏီ အဋ္ဌကထာအရ **"ကုသလာဓမ္မာ အန ဝဇ္ဇသုခဝိပါကလက္ခဏာ၊ ဓမ္မာ နိဿတ္တနိဇ္ဇီဝသဘာဝါ"** ကုသိုလ်တရားဟူသည့် အပြစ်ကင်းပြီး ကောင်းကျိုးချမ်းသာ နှင့်တကွ ဖြစ်ပေါ်လာသော တရားစုများဖြစ်၍ ပုဂ္ဂိုလ်၊ သတ္တဝါ၊ အသက်လိပ်ပြာ မဟုတ်သော သဘာဝတရား၊ သဘောတရားဖြစ်ကြောင်း နာယူမှတ်သားကြရပါသည်။

အလားတူပင် **"အကုသလာဓမ္မာ သာဝဇ္ဇ ဒုက္ခ ဝိပါကလက္ခဏာ၊ ဓမ္မာ နိဿတ္တနိဇ္ဇီဝသဘာဝါ"** အကုသိုလ် တရားဟူသည် အပြစ်နှင့်တကွ ဆင်းရဲကျိုး ဖြစ်ပေါ်လာသော တရားစုဖြစ်၍ ပုဂ္ဂိုလ်၊ သတ္တဝါ၊ အသက်၊ လိပ်ပြာမဟုတ်သော သဘာဝတရား၊ သဘောတရား ဖြစ်ကြောင်း နာယူမှတ်သားကြရပါသည်။

## မှားယွင်းသော အယူအစွဲ

ပုဂ္ဂိုလ်၊ သတ္တဝါ၊ လိပ်ပြာ ဟူသော အတ္တ အယူအစွဲ မှာ ပရမတ္ထအားဖြင့် အဟုတ်အမှန်ဖြစ်ပေါ်နေသော ရုပ်တရား နာမ်တရားတို့ကို ထိုးထွင်း၍သိမြင်နိုင်ခြင်း မရှိဘဲ အသွင်သဏ္ဌာန်ပုံဟန်၊ အရိပ်၊ နိမိတ်တို့ကိုသာ အဟုတ်အမှန်သဘောအဖြစ် မှားယွင်းလက်ခံထားသော အယူအစွဲ ဖြစ်ပါသည်။ ဤအကြောင်းများကို ကိလေသာတရားများ ဖော်ပြရာတွင် အသေးစိတ်ဖေါ်ပြထားပါသည်။

စိတ်ပရမတ်တရားနှင့် စေတသိက်ပရမတ်တရား တို့၏ တရားကိုယ်သဘောများကိုလည်းကောင်း၊ စိတ်၊ စေတသိက် ပရမတ်တရားတို့ အတူတကွ ပေါင်းစပ်ယှဉ်တွဲ ဖွဲ့စည်းဖြစ်ပေါ်ပုံတို့ကိုလည်းကောင်း ဖော်ပြခဲ့ပြီးနောက် ရုပ် ပရမတ်အကြောင်းကို ဆက်လက်ဖော်ပြအပ်ပါသည်။

created using
BCL easyPDF
Printer Driver
Click here to purchase a license to remove this image

## ရုပ်ပရမတ်တရား

ရုပ်ပရမတ်တရား၏ တရားကိုယ်သဘောမှာ သိ သဘောကင်း၍ ပြောင်းလဲသောသဘောရှိပါသည်။ ရုပ်ပရမတ်တွင် သိ-သဘောမရှိပါ။ သိ-သဘောပါဝင် နေပါက သီးခြားပရမတ်တရားမဟုတ်တော့ပါ။ ပြောင်းလဲသဘောကိုပင် ဖောက်ပြန်သောသဘော၊ ရွေ့လျားသော သဘောများအနေဖြင့် ဖော်ပြရပါသည်။

## ရုပ်စစ် ၁၈-ပါး

ရုပ်ပရမတ်တရားသည် အရေအတွက်အားဖြင့် ဆယ့်ရှစ်ပါးရှိပါသည်။ မူလအခြေခံရုပ်လေးပါးရှိပြီး မဟာဘုတ် လေးပါးဟုခေါ်ပါသည်။ ယင်းတို့မှာ-

၁။ ပထဝီ - ခိုင်မာသောသဘော။
၂။ တေဇော - ပူသဘော။
၃။ အာပေါ - ယိုစီးသဘော။
၄။ ဝါယော - လှုပ်သဘောတို့ဖြစ်ပါသည်။

## အဖြစ်တရား

ဤရုပ်ပရမတ်တရားတို့သည်လည်း တသီးတခြားစီ ရှိနေကြသည့်အရှိတရားများမဟုတ်ပါ။ ရုပ်တရားအဖြစ် တစ်ခုတွင် ပေါင်းစပ်ပါဝင်နေသော တရားကိုယ်သဘောတို့ ဖြစ်ပါသည်။ သဗ္ဗညုတဉာဏ်တော်ဖြင့်သာ တရားကိုယ်သဘောများကို ခွဲခြမ်းစိတ်ဖြာ၍ ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပါသည်။

## အစုဖြစ်၍ တစ်ခု(အတ္တ)မဟုတ်

ဤရုပ်တရားအဖြစ်သည်လည်း စိတ်နာမ်တရား အဖြစ်ကဲ့သို့ပင်တစ်ခုမဟုတ်ပါ။ အစုသဘောသာ ဖြစ်ပါသည်။

## ဥပါဒါရုပ်များ

မဟာဘုတ်တရား၄-ပါးတို့ ပေါင်းစပ်ဖွဲ့စည်းမိကြသည်နှင့် တစ်ပြိုင်နက်ဥပါဒါရုပ်များဖြစ်ကြသော

၁။ ဝဏ္ဏ - အဆင်း
၂။ ဂန္ဓ - အနံ့
၃။ ရသ - အရသာ
၄။ သြဇာ - အဆီအစေး ရုပ်တရား ၄-ပါးသည်လည်း တစ်ပြိုင်နက် ပေါင်းစပ်ပါဝင် ဖြစ်ပေါ်ကြပါသည်။

## အဋ္ဌကလာပ်ရုပ်များနှင့် ပသာဒရုပ် ၅-ပါး

ဤရုပ်တရား ၈-မျိုးကို ခွဲခြား၍မရသော အဝိနိဗ္ဘောဂရုပ်အစု၊ အဋ္ဌကလာပ်ရုပ်အစုဟု ခေါ်ပါသည်။ ဤရုပ် တရားများအပြင် တရားကိုယ်အားဖြင့် ခြားနားသော ရုပ်ပရမတ်အစုတရားများလည်း ရှိပါသေးသည်။ ယင်းတို့မှာ ပသာဒ ရုပ်ဟုခေါ်သော အကြည်ရုပ် ၅-ပါး ဖြစ်ပါသည်။

created using BCL easyPDF Printer Driver
Click here to purchase a license to remove this image

၁။ စက္ခုပသာဒရုပ် - မျက်စေ့အကြည်
၂။ သောတပသာဒရုပ် - နားအကြည်ရုပ်
၃။ ဃာနပသာဒရုပ် - နှာခေါင်းအကြည်ရုပ်
၄။ ဇိဝှာပသာဒရုပ် - လျှာအကြည်ရုပ်
၅။ ကာယပသာဒရုပ် - ကိုယ်အကြည် ရုပ်တို့ဖြစ်ပါ သည်။

## ဘာဝရုပ်စသည်များ

၁။ ဣတ္ထိဘာဝရုပ် - **'မ'**သဘာဝရုပ်
၂။ ပုမ္ဘာဝရုပ် - **'ဖို'**သဘာဝရုပ် အားဖြင့် ဘာဝရုပ် ၂-ပါး ဖြစ်ပါသည်။

အသံသဒ္ဒရုပ် ၁-ပါး၊ ဟဒယဝတ္ထုရုပ် ၁-ပါး၊ ဇီဝိတရုပ် ၁-ပါးတို့ကို ထည့်သွင်း ရေတွက်ပါက အားလုံးပေါင်း ၁၈-ပါးသော ရုပ်တရားများကို အောက်ပါအတိုင်း ရေတွက်ရရှိပါသည်။

မဟာဘုတ် ၄-ပါး
ဥပါဒါရုပ် ၄-ပါး
ပသာဒရုပ် ၅-ပါး
ဘာဝရုပ် ၂-ပါး
သဒ္ဒရုပ် ၁-ပါး
ဟဒယဝတ္ထုရုပ် ၁-ပါး
ဇီဝိတရုပ် ၁-ပါး = **ပေါင်း ၁၈-ပါး**

ဤရုပ်တရား ၁၈-ပါးတို့ကို နိပ္ဖန္နရုပ်ပြီးပြည့်စုံသော ရုပ်များ သဘာဝရုပ်စစ်မှန်သော ရုပ်များ၊ ရူပရုပ် ပင်ကိုယ် ရုပ်များ၊ သလက္ခဏရုပ်-လက္ခဏာထိုက်သောရုပ်များဟူ၍ ဒေသနာတော်များတွင် ဖွင့်ဆိုဖော်ပြပါသည်။

## အနိပ္ဖန္နရုပ် ၁၀-ပါး

ထို့ကြောင့် လက္ခဏရုပ်လေးပါးဖြစ်သော ဥပစယ၊ သန္တတိ၊ ဇရတာ၊ အနိစ္စတာရုပ်တို့ကိုလည်းကောင်း၊ ဝိကာရ ရုပ်သုံးပါးဖြစ်သော လဟုတာရုပ်၊ မုဒုတာရုပ်၊ ကမ္မညတာရုပ် တို့ကိုလည်းကောင်း၊ ဝိညတ်ရုပ်၂-ပါး ဖြစ်သော ကာယ ဝိညတ်ရုပ်၊ ဝစီဝိညတ်ရုပ်တို့ကိုလည်းကောင်း၊ ပရိစ္ဆေဒရုပ်ဖြစ်သော အာကာသရုပ် ကိုလည်းကောင်း ဤဆယ်ပါး သော ရုပ်တရားတို့မှာ အနိပ္ဖန္န၊ အသဘာဝ၊ အရူပ၊ အလက္ခဏရုပ်များဖြစ်၍ ချန်လှပ်ထားခဲ့ပါသည်။ ယင်းရုပ် ၁၀-ပါးကိုပါ ထည့်သွင်းရေတွက်ပါက ရုပ် ၂၈-ပါးဖြစ်ပါသည်။

## ရုပ်များဖွဲ့စည်းဖြစ်ပေါ်သည့်နိယာမ

ရုပ်တရားများဖွဲ့စည်းဖြစ်ပေါ်ရာတွင်-

၁။ ဧကုပ္ပါဒ အတူတကွဖြစ်ခြင်း။
၂။ ဧကနိရောဓ အတူတကွချုပ်ခြင်း။
၃။ ဧကနိဿယ မှီရာမဟာဘုတ်တူခြင်း။
၄။ သဟဝုတ္တိနော သက်တမ်းတူခြင်းဟူသော ဓမ္မနိယာမသဘာဝ ဥပဒေသနှင့်အညီ ဖြစ်ပေါ်ကြပါသည်။

created using BCL easyPDF Printer Driver
Click here to purchase a license to remove this image

## ရေမြေတောတောင်များ ဖွဲ့စည်းဖြစ်ပေါ်ပုံ

နေ၊ လ၊ နက္ခတ်၊ တာရာ၊ ဂြိုဟ်၊ ကမ္ဘာ၊ ရေ၊ မြေ၊ တော၊ တောင်၊ ပင်လယ်၊ သမုဒ္ဒရာစသည်တို့သည် အထက် တွင် ဖော်ပြခဲ့သည့် အဋ္ဌကလာပ်ရုပ် ၈-ပါးတို့၏အဖွဲ့ အစည်း များဖြစ်ကြပါသည်။

## အကြည်ရုပ်စသည်တို့ဖွဲ့စည်းဖြစ်ပေါ်ပုံ

သက်ရှိသတ္တဝါတို့တွင် ဖြစ်ပေါ်သောမျက်စေ့၊ နား၊ နှာခေါင်း၊လျှာနှင့် ကိုယ်အကြည်ရုပ်တို့သည် အဋ္ဌကလာပ် ၈-ပါးနှင့်ဆိုင်ရာ ပသာဒရုပ်နှင့်ဇီဝိတရုပ်တို့ပါပေါင်း၍ ကလာပ်စည်း ၁၀-ခုဖြင့် ပေါင်းစပ်ဖွဲ့စည်း ဖြစ်ပေါ်ပါသည်။

အလားတူပင် ဘာဝရုပ်များဖြစ်ကြသည့် ဣတ္ထိ ဘာဝရုပ်၊ ပုမ္ဘာဝရုပ်တို့ ဖွဲ့စည်းဖြစ်ပေါ်ရာတွင်လည်း အဋ္ဌကလာပ်ရုပ် ၈-ပါးနှင့်ဆိုင်ရာ ဘာဝရုပ်၊ ဇီဝိတရုပ်တို့ပါပေါင်း၍ ကလာပ်စည်း ၁၀-ပါးဖြင့် ဖွဲ့စည်းဖြစ်ပေါ်ကြ ပါသည်။

ဟဒယဝတ္ထုမှာလည်း ဟဒယဝတ္ထုရုပ် ၁-ပါး၊ အဋ္ဌကလာပ်ရုပ် ၈-ပါးနှင့်ဇီဝိတရုပ် ၁-ပါး ပေါင်း ၁၀-ပါး သောကလာပ်စည်းတို့ဖြင့် ဖွဲ့စည်းဖြစ်ပေါ်ရပါသည်။

## ပညတ်တရားများ

အဝိနိဗ္ဘောဂ-ခွဲခြား၍ မရသောရုပ်တရား ၈-ပါး ပါဝင် ပေါင်းစပ်နေခြင်းကိုလည်းကောင်း၊ စက္ခုအကြည် စသည့် ရုပ်တရား ၁၀-ပါး ပေါင်းစပ်ပါဝင်နေခြင်းကိုလည်းကောင်း သမူဟပညတ်ဟုခေါ်ပါသည်။

ယင်းကလာပ်ပေါင်းမြောက်မြားစွာ ပေါင်းစပ်ပါဝင်သော အခြေအနေကို ဃဏ(အမှုန်အခဲ) ပညတ်ဟု ခေါ်ပါသည်။ ယင်းအမှုန်အခဲများ မြောက်မြားစွာ ပေါင်းစပ်ပါဝင်သောအခြေအနေရောက်သောအခါ သဏ္ဍာနပညတ် (ပုံပန်းသဏ္ဍာန်)ဖြစ်လာပါသည်။ ထို့အပြင် ကာလခြား၍ အရင်၊ နောက်ဖြစ်လာသည်များကို သန္တတိပညတ် (အလျင် အစဉ်အတန်း)ဟုခေါ်ပါသည်။ နောက်ဆုံးတွင်မှ အမည်နာမတပ်၍သတ်မှတ်သုံးစွဲကြရာ ယင်းကို နာမပညတ်ဟု ခေါ်ပါသည်။

ဤသည်ကိုရည်၍ ရှေးပညာရှိ အရိယာသူတော်ကောင်းကြီးတို့က **"အဋ္ဌကလာပ ဓာတ်ခဲတစ်ခု ခေါ်ရိုး ပြုကြ နှိုင်းတုစရာ ပမာမရ ဓာတ်ခဲအပေါင်း ထောင် သောင်းမက အနန္တများစွာ ပေါင်းစုလာသော် အမာ အပျော့ အပေါ့အလေး အသေးအကြီး နှီးနှီးထွေထွေ ပွေပွေလီလီ အရည်အဖတ် ဒြပ်သဏ္ဍာန် ပေါ်လာပြန် သည် မှားရန်အကြောင်းနိမိတ်တည်း"**ဟု စပ်ဆိုဟောကြားတော်မူခဲ့ကြပါသည်။

စိတ်၊ စေတသိက်၊ ရုပ်ဟူသော ပရမတ်တရား ၃-ပါး ကို သင်္ခတပရမတ်ဟုခေါ်ပါသည်။ သင်္ခတပရမတ် ဆိုသည်မှာ ပြုပြင်စီရင်အပ်သော ပရမတ်တရားများ ဖြစ်ပါသည်။ ပြုပြင်စီရင်အပ်သောဆိုသည်မှာ ကွဲပြားခြား နားသော သဘာဝတို့ပေါင်းစပ်ပါဝင်ဖွဲ့စည်းအပ်သော သဘောဖြစ်ပါသည်။

မတူကွဲပြားခြားနားသော တရားကိုယ်သဘောရှိသည့် စိတ်ပရမတ်တရားနှင့် စေတသိက်ပရမတ်တရားတို့ ပေါင်းစပ် မိသည်နှင့်တစ်ပြိုင်နက် **"ဖြစ်"**ဟူသောနာမ်သဘောတရား ထင်ရှားလာပါသည်။ အလားတူပင် မတူ

created using BCL easyPDF Printer Driver
Click here to purchase a license to remove this image

ကွဲပြားခြားနားသည့် ရုပ်ပရမတ်တရားတို့ ပေါင်းစပ်မိသည် နှင့်တစ်ပြိုင်နက် **“ဖြစ်”** ဟူသော ရုပ်သဘောတရား ထင်ရှား လာပါသည်။ ထို့ကြောင့် စိတ်ပရမတ်တရားကိုလည်းကောင်း၊ ရုပ်ပရမတ်တရားကိုလည်းကောင်း **“ဖြစ်”**တရား များ(ဥပ္ပါဒ တရားများ)ဟု ဒေသနာတော်များတွင် ဟောကြားတော်မူပါသည်။

ဤအဖြစ်တရားများကိုပင် သင်္ခါရတရားများ ဟုလည်း သုံးနှုန်းဟောကြားတော်မူပါသည်။ **“အဒဿန တော အာယန္တိ ဘဂ္ဂါ ဂစ္ဆန္တိ အဒဿနံ၊ ဝိဇ္ဇုပမာ ဏောဝ အာကာသေ ဥပ္ပဇ္ဇန္တိ ဝယန္တိစ”** ဟူသော မဟာနိဒ္ဒေသ ပါဠိတော်မြတ်ရှိပါသည်။ အဓိပ္ပါယ်မှာ “မမြင် ရရာအရပ်မှ ရောက်ရှိလာ၍ မမြင်ရရာ အရပ်သို့ပင် ပျက်သုဉ်းရောက်ရှိသွား၏။ ဥပမာသော်ကား ကောင်းကင်၌ လျှပ်စစ်လျှပ်နွယ်များသည် ဖြစ်လည်းဖြစ်၊ ချုပ်လည်းချုပ် သကဲ့သို့တည်း” ဟူ၍ ဖြစ်ပါသည်။

**“အနုပ္ပန္နာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ စ နိရုဇ္ဈရေ”**ဟူသော ဒေသနာတော်၌ မဖြစ်သဘောမှ ဖြစ်ပေါ်လာ၍ ဖြစ်ပေါ်ပြီး နောက်လည်း ချုပ်ပျောက်လေ၏”ဟု ဟောကြားခဲ့ပါသည်။

## ဖြစ်ကုန်၊ မရှိတရားများ

ထို့ကြောင့် စိတ် စေတသိက် ရုပ် ပရမတ်တရားများကို ဖြစ်၊ ကုန်၊ မရှိတရားများဟု နားလည်သဘော ပေါက်ရန် အလွန်အရေးကြီးပါသည်။ **“ကုန်”**ဟုဆိုရာတွင်လည်း အလွန်လျှင်မြန်သောအဟုန်ဖြင့် အကြွင်းအကျန်မရှိ ကုန်ဆုံးနေသည်ကို နားလည်သဘောပေါက်ရန် အလွန် အရေးကြီးပါသည်။

နှလုံးသွင်း၍စီစစ်သိရှိနိုင်ရန် လက်တွေ့သာဓကတစ်ခုကို ဖော်ပြလိုပါသည်။ မာကျောသည့်လက်ဖဝါးနှစ်ခု ကို ခပ်ခုံးခုံးပြု၍ အားထည့်ပြီးတီးကြည့်ပါ။ ကျယ်လောင်သည့် အသံရုပ်တရား ဖြစ်ပေါ်လာသည်ကို ကိုယ်တွေ့သိနိုင်ပါသည်။ မတီးမီက မည်သည့်နေရာတွင်မှာမှ ရှိနေနှင့်ပြီးသား မဟုတ်ပါ။ တီးခိုက်ခဏတွင် ဖြစ်ပေါ်လာ၍ ချက်ချင်းပင် ချုပ်ပျောက်သွားသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ချုပ်ပျောက် ပြီးနောက် လုံးဝမရှိတော့ပါ။ ထို့ပြင် မည်သည့်အခါတွင်မှ ပြန်လည်ပေါ်ပေါက်လာမည် မဟုတ်တော့ပါ။ နောင်အခါ ဖြစ်ပေါ်လာသော အသံသည် အသစ်အသစ် ဖြစ်ပေါ်လာခြင်းသာ မှန်ပါသည်။

ဤသာဓက၌ပင် အသံနှင့် နားတို့တိုက်မိသောကြောင့် အသံဖြစ်ခိုက်ခဏ၌ ကြားစိတ်လည်းဖြစ်ပါသည်။ ဤကြားစိတ်သည်လည်း အသံမဖြစ်မီက မည်သည်နေရာတွင်မှာမှ ရှိနှင့်ပြီးသားမဟုတ်ပဲ အသံနှင့် နားထိခိုက်မိသော ခဏတွင်သာ ကြားစိတ်ဖြစ်၍ အလွန်လျင်မြန်သော အဟုန်ဖြင့် ချုပ်ပျောက် ကုန်ဆုံး သွားပါသည်။ ကုန်ဆုံးပြီးသောကြား စိတ်သည် မည်သည့်အခါတွင်မှာမှ ပြန်လည်ပေါ်ပေါက်လာ မည်မဟုတ်ပေ။ နောင်အခါ ဖြစ်လာသောကြားစိတ်တို့သည် အသစ်အသစ်ဖြစ်လာခြင်းသာ မှန်ပါသည်။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာတွင်လာသည့်**“ဒဋ္ဌဗ္ဗာ သင်္ခတာ ဓမ္မာ၊ ပုဗ္ဗာပရန္တေသု ဝိဝိတ္တတော၊ နိစ္စသုဘ သုခတ္တတ္တ၊ သုညတော ဟေတုဝုတ္တိတော”** ဟူသော တရားတော်ကိုလည်း နာယူမှတ်သားခဲ့ရပါသည်။

အဓိပ္ပါယ်မှာ “သင်္ခတတရားတို့ကို မဖြစ်မီရှေးကာ လ၌လည်းကောင်း ဖြစ်ပြီးနောက်ကာလ၌ လည်းကောင်း မရှိ လုံးလုံး ကင်းသုဉ်းသောအားဖြင့် ရှုအပ်ဆင်ခြင်အပ်၏။ အကြောင်းကိုမှီ၍သာလျှင် ဖြစ်ပေါ်လာပြီးဖြစ်ခဏ၌ပင် ကုန်ဆုံးကွယ်ပျောက်ရသည့်အတွက် မြဲခြင်း၊တင့်တယ်ခြင်း ချမ်းသာခြင်း၊ အစိုးရခြင်းဟူသော အနှစ်သာရကင်းသောအားဖြင့်လည်း ရှုမြင်အပ် ဆင်ခြင်အပ်လေ၏”ဟူ၍ ဖြစ်ပါသည်။

created using BCL easyPDF Printer Driver
Click here to purchase a license to remove this image

## ရုပ်နာမ်နှစ်ပါးခေါင်းစဉ်ဖြင့် ဟောကြားပုံ

ဗုဒ္ဓရှင်တော်မြတ်သည် ဤသင်္ခတပရမတ်တရား များဖြစ်သော စိတ် စေတသိက် ရုပ်ပရမတ်တရားသုံးပါးမှ ထုတ်နှုတ်၍ ရုပ်တို့၏ ပေါင်းစပ်ဖွဲ့စည်းဖြစ်ပေါ်မှုကို ရုပ်တရားအစုဟုလည်းကောင်း၊ စိတ်နှင့်စေတသိက်တို့ ပေါင်းစပ်ဖွဲ့စည်းဖြစ်ပေါ်မှုကို နာမ်တရားအစုဟုလည်းကောင်း ရုပ်နာမ်တရား ၂-ပါးအနေဖြင့် ခေါင်းစဉ်ပြု၍ ဟောကြားတော်မူခဲ့ပါသည်။

## ခန္ဓာငါးပါးခေါင်းစဉ်ဖြင့်ဟောကြားပုံ

အလားတူပင် သင်္ခတပရမတ်တရားသုံးပါးမှ စိတ်တရားအစု ဝိညာဏက္ခန္ဓာ၊ စေတသိက်တရား ၅၂-ပါးအနက်မှ ဝေဒနာစေတသိတ်တရားအစုကို ဝေဒနက္ခန္ဓာ၊ သညာစေတ သိတ်တရားအစုကို သညာက္ခန္ဓာ၊ ကျန်စေတသိတ်တရား ၅၀-ပါးအစုကို သင်္ခါရက္ခန္ဓာဟု နာမ်ခန္ဓာ လေးပါးဖွဲ့၍ ရုပ်တရားများကို ရူပက္ခန္ဓာဟုဖွဲ့ပြီး ခန္ဓာ ၅-ပါးတရားအနေဖြင့်လည်း ခေါင်းစဉ်ပြု၍ ဟောကြားတော်မူခဲ့ပါသည်။

## အာယတန ၁၂-ပါးခေါင်းစဉ်ဖြင့် ဟောကြားပုံ

တစ်ဖန်စက္ခု(မျက်စေ့) သောတ(နား) ဃာန (နှာခေါင်း) ဇိဝှာ(လျှာ)ကာယ(ကိုယ်)ဟူသော ဝတ္ထုရုပ် ၅-ပါးနှင့် မနဓာတ်ဟုခေါ်အပ်သော နာမ်တရားတစ်ပါးတို့ကို အတွင်းအာယတန ၆-ပါးဖွဲ့၍ အဆင်း(ရုပ်) အသံ (သဒ္ဒ) အနံ့(ဂန္ဓ) အရသာ(ရသ) အတွေ့အထိ(ဖောဋ္ဌဗ္ဗ) ဟူသော ရုပ် ၅-ပါးနှင့် စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန်,ပညတ် အပါအဝင် ဓမ္မာရုံ ၁-ပါး၊ ပေါင်း ၆-ပါးကို အပြင်အာယတန ဖွဲ့ပြီး အာယတန ၁၂-ပါး တရားခေါင်းစဉ်ဖြင့်လည်း ဟောကြားတော်မူခဲ့ပါသည်။

## ဓာတ် ၁၈-ပါးခေါင်းစဉ်ဖြင့် ဟောကြားပုံ

အထက်တွင်ဖော်ပြခဲ့သည့်အတွင်း အာယတန ၆-ပါးကို အခံဓာတ် ၆-ပါးဟုလည်းကောင်း၊ အပြင်အာယ တန ၆-ပါးကို အတိုက်ဓာတ် ၆-ပါးဟုလည်းကောင်း၊ ထိုအခံဓာတ် ၆-ပါးနှင့် အတိုက်ဓာတ်၆-ပါးတို့ကိုအမှီပြု၍ ဖြစ်ပေါ်လာသော မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ ရသာသိစိတ်၊ ထိသိစိတ်၊ ကြံသိစိတ် ၆-ပါးတို့ကို အပေါ် ဓာတ် ၆-ပါး ဟုဖွဲ့၍လည်းကောင်၊ ပေါင်းဓာတ် ၁၈-ပါး တရားဟူသော ခေါင်းစဉ်ဖြင့် ဟောကြားတော်မူခဲ့ပါသည်။

## ပဋိစ္စသမုပ္ပါဒ်တရားခေါင်းစဉ်ဖြင့်ဟောကြားပုံ

ရုပ်တရား၊ နာမ်တရားတို့၏ အကြောင်းအကျိုး သဘောဖြင့် ဆက်စပ်ဖြစ်ပေါ်ပုံများကို ပဋိစ္စသမုပ္ပါဒ် တရားတော်ဖြင့်လည်း ဟောကြားတော်မူခဲ့ပါသည်။

## သစ္စာလေးပါးတရားခေါင်းစဉ်ဖြင့် ဟောကြားပုံ

လောကီစိတ်နှင့်စေတသိက်တရား ၅၁-ပါး၊ ရုပ်တရားတို့ကို ဒုက္ခသစ္စာဟုလည်းကောင်း၊ လောဘစေတ သိက်တရားကို သမုဒယသစ္စာဟုလည်းကောင်း၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပစသည့် စေတသိက်တရား ၈-ပါးကို မဂ္ဂသစ္စာဟုလည်းကောင်း၊ နိဗ္ဗာန်တရားကို နိရောဓသစ္စာဟုလည်းကောင်း သစ္စာလေးပါးတရား ခေါင်းစဉ်ဖြင့်လည်း ဟောကြားတော်မူခဲ့ပါသည်။

created using BCL easyPDF Printer Driver
Click here to purchase a license to remove this image

## သင်္ခတပရမတ်တရားဆိုင်ရာ အချက်အလက်များ

သင်္ခတပရမတ်တရားများဖြစ်ကြသော စိတ်စေတသိက်ရုပ်တရားများနှင့် ပတ်သက်၍ အောက်ပါအချက်အလက်များကို ထုတ်နှုတ်ရရှိပါသည်။

၁။ စိတ်နှင့် စေတသိက်ပရမတ်တရားတို့၏ တရားကိုယ်သဘောမှာ ၅၃-ပါးရှိပါသည်။

၂။ ရုပ်ပရမတ်တရားတို့၏ တရားကိုယ်သဘောများမှာ ၁၈-ပါးရှိပါသည်။

၃။ ဤတရားကိုယ်သဘောများသည် သီးခြားစီရှိနေကြသော အရှိတရားများမဟုတ်ပါ။ အဖြစ်တရားများတွင် ပေါင်းစပ်ပါဝင်နေသည့် တရားကိုယ်သဘောများကို သဗ္ဗညုတဉာဏ်တော်ဖြင့် ထုတ်ဖော်၍ ဟောကြားတော်မူခဲ့ခြင်းဖြစ်ပါသည်။

၄။ ဗုဒ္ဓရှင်တော်မြတ် ဟောကြားတော်မူပြီးနောက် သာဝကများသည် ဉာဏ်ဖြင့် ထင်ရှားသက်ရောက်သိမြင်နိုင်သည်။

၅။ ရုပ်တရား နာမ်တရားတို့သည် ပေါင်းစပ်ဖွဲ့စည်းဖြစ်ပေါ်သည့် တရားများဖြစ်၍ တစ်ခုမဟုတ်ပါ။ သို့မဟုတ် အတ္တသဘောမဟုတ်ပါ။ "အစုသဘော၊ အနတ္တသဘော"သာဖြစ်ပါသည်။

၆။ အကြောင်းတရား အထောက်အပံ့တရားတို့ ညီညွတ်စုဝေးသည့်အခိုက်၌သာ ဤရုပ်တရား နာမ်တရားတို့ဖြစ်နိုင်သောကြောင့် "သဟေတုဓမ္မ သပ္ပစ္စယဓမ္မ"မျိုးဖြစ်သည်။

၇။ အကြောင်းတရား အထောက်အပံ့တရား ချို့တဲ့ သည်နှင့် တစ်ပြိုင်နက် ကုန်ဆုံးကွယ်ပျောက်ကြသည်။ မမြဲသောအနိစ္စတရားမျိုး ဖြစ်သည်။

၈။ ရုပ်တရား နာမ်တရားတို့သည်အဖြစ်ဟူသော အစ နှင့်အပျက်ဟူသောအဆုံးရှိသဖြင့် (အာဒိ၊ အန္တ) တရားမျိုးဖြစ်သည်။

၉။ ရုပ်တရား နာမ်တရားတို့သည် ဖြစ်၊ကုန်တရားမျိုး ဖြစ်၍ ခိုင်ခံ့ခြင်းမရှိသောကြောင့် အဓုဝတရားမျိုးဖြစ်သည်။

၁၀။ ဖြစ်ကုန်တရားမျိုးဖြစ်၍အကန့်အသတ်များ အပိုင်း အခြားများရှိပြီး တစ်ဆက်တည်း တစ်ပြင်တည်း တစ်သဘောတည်း မဟုတ်သောကြောင့် "အသင်္ခတ" တရားမျိုးဖြစ်သည်။

၁၁။ အဖြစ်အပျက်များ မျိုးစုံအောင် မရေမတွက်နိုင်လောက်အောင်ပြောင်းလဲ၍ ဖြစ်ပေါ်တတ်သောတရားမျိုး ဖစ်သဖြင့် ရွေ့လျားသော ဖောက်ပြန်သော "ဝိပရိဏာမ"တရားမျိုးဖြစ်သည်။

၁၂။ ရုပ်တရားနာမ်တရားတို့သည် ဖြစ်မှုပျက်မှုတည်းဟူသော သင်္ခါရနိမိတ်သာမက အဆက်မပြတ် ဒလစပ်ပျံ့နှံ့စွာသော ဖြစ်မှုပျက်မှုတို့၏ အလျဉ်သဘော၊ အစဉ်သဘောတို့ကြောင့် နေ၊ လ၊ နက္ခတ်၊ တာရာ၊ ဂြိုဟ်၊ ကမ္ဘာများ၊ ရေ၊ မြေ၊ တော၊ တောင်များဟူသော ပညတ်နိမိတ်များ၊ ငရဲ၊ တိရိစ္ဆာန်၊ လူ၊ နတ်၊ ဗြဟ္မာ စသောပုဂ္ဂလ၊ သတ္တနိမိတ်များလည်း ဖြစ်ပေါ်ကြသည်။ ထို့ကြောင့် "သနိမိတ္တ" တရားမျိုးဖြစ်သည်။

၁၃။ ဤပညတ်နိမိတ်များ ပုဂ္ဂလသတ္တပညတ်နိမိတ်များသည် တဏှာဒိဋ္ဌိတို့ဖြင့် စွဲလမ်းအပ်သော တရားများဖြစ်သဖြင့် "ပဏိဟိတ"တရားမျိုး ဖြစ်သည်။

၁၄။ ရုပ်တရားနာမ်တရားတို့ ဖြစ်ပေါ်ရာတွင် တစ်ခုမဟုတ်၊ အစုသဘောသာ ဖြစ်၍ အနတ္တသဘောသာ ဖြစ်ပါသည်။ အတ္တသဘော**"ငါ"**မှုလည်းကောင်း၊ အတ္တနိယသဘော**"ငါ့ဟာ"**မှုလည်းကောင်း ဆိတ်သုဉ်းသည့်"သုညတအနတ္တ"တရား မျိုးဖြစ်သည်။

created using BCL easyPDF Printer Driver
Click here to purchase a license to remove this image

၁၅။ ရုပ်တရားနာမ်တရားတို့သည် ဒလစပ်ဖြစ်ကုန်နေသောတရားများဖြစ်သဖြင့် ပင်ကိုယ်အားဖြင့် ဆင်းရဲနေသော တရား၊သာယာသိမ်းပိုက်ဖွယ် မဟုတ်သောအချီးနှီးတရား ဒုက္ခတရားမျိုးသာ ဖြစ်သည်။

၁၆။ အကြောင်းတရားများ၊ အထောက်အပံ့တရားများ စုဝေးညီညွတ်ပါကမဖြစ်ပေါ်စေရန် လည်းကောင်း၊ အကြောင်းတရားများ၊ အထောက်အပံ့တရားများအနက် တစ်ခုချို့တဲ့လျှင် မပျက်သုဉ်းစေရန်လည်းကောင်း၊ မည်သည့်တန်ခိုးရှင်၊ မည်သည့်ပုဂ္ဂိုလ်ကမျှ တားမြစ်ပိတ်ပင်ခြင်းငှာ မစွမ်းနိုင်သော "အဝသဝတ္တန"အလိုသို့မလိုက်သော တရားမျိုးသာဖြစ်သည်။

## အသင်္ခတပရမတ်တရား

တရားကိုယ်အားဖြင့် ကွဲပြားခြားနား၍ ယင်းကွဲပြားခြားနားသောသဘောများ ပေါင်းစပ်ပါဝင်စုဝေးဖြစ်ပေါ်ခြင်းကို သင်္ခတပရမတ်၊ သို့မဟုတ် အဖြစ်ပရမတ်ဟု ဖော်ပြခဲ့သည်။ ယခုအခါ "အသင်္ခတပရမတ် သို့မဟုတ် နိဗ္ဗာန်ပရမတ်"အကြောင်းကိုဆက်လက်ဖော်ပြအပ်ပါသည်။

အသင်္ခတပရမတ် သို့မဟုတ် နိဗ္ဗာန်ပရမတ်သည် ကွဲပြားခြားနားသည့်သဘောများမရှိဘဲ တရားကိုယ်အားဖြင့် တစ်မျိုးတည်းသောသဘောသာ မှန်ပါသည်။ ထို့ကြောင့် ပေါင်းစပ်ဖွဲ့စည်း ဖြစ်ပေါ်ခြင်းမရှိပါ။ အဖြစ်တရားမဟုတ်ပါ။

## သီးခြားအရှိပရမတ်သဘော

အဖြစ်တရားမဟုတ်သော အဖြစ်တရားတို့မှ ကင်းလွတ်နေသော သီးခြားအရှိပရမတ်တရားသာ မှန်ပါသည်။ ဤအချက်ကို ဥဒါန်းပါဠိတော် တတိယနိဗ္ဗာန ပဋိသံယုတ္တသုတ္တန်တရားတော်တွင် **"အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတံ"** စသည်ဖြင့် ဟောကြားတော်မူခဲ့ပါသည်။

"ချစ်သားတို့ ဖြစ်ပေါ်ခြင်းမရှိသော၊ ဖြစ်ပွားမှုမရှိ သော၊ ပြုလုပ်ခြင်းမရှိသော၊ မပြုပြင်မစီရင်အပ်သော ဤအသင်္ခတဓာတ် နိဗ္ဗာန်တရားသည် ရှိသည်သာတည်း။ အကယ်၍သာ နိဗ္ဗာန်တရားသည် မရှိခဲ့မူ ဖြစ်ပေါ်သော၊ ဖြစ်ပွားသော ပြုလုပ်အပ်သော၊ ပြုပြင်အပ်သော ထိုတရားတို့မှ လွတ်မြောက်ရမှုသဘောသည် မရှိတော့ပေရာ" ဟူ၍ ဖြစ်ပါသည်။

## မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် မျက်မှောက်ပြုအပ် အာရုံပြုအပ်သည့်တရား

**"လောကုတ္တရသင်္ခါတံ စတုမဂ္ဂဉာဏေန သစ္ဆိ ကာတဗ္ဗံ၊ မဂ္ဂဖလာနမာရမ္မဏဘူတံ"** ဟုအဘိဓမ္မတ္ထသင်္ဂဟကျမ်းတွင် မိန့်ဆိုဖော်ပြထားပါသည်။ အဓိပ္ပါယ်မှာ "စိတ်,စေတသိက်,ရုပ်ဟူသော ဖြစ်ပျက်သင်္ခတလောကကို လွန် မြောက်သော၊ သို့မဟုတ် ဖြစ်ပျက်လောကမှ အလွတ် ဖြစ်သော အသင်္ခတဓာတ်၊ မဖြစ်မပျက်သဘော နိဗ္ဗာန်ပရမတ်တရားသည် ပရမတ်တရား ၄-ပါးတို့တွင် သီးခြားပရမတ် တရားတစ်ပါးဖြစ်၍ အရိယာမဂ်ဉာဏ် ၄-ပါးတို့ဖြင့် မျက်မှောက်ပြုအပ်သောတရား၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့၏ အာရုံတရားဖြစ်ကြောင်းကို ဖော်ပြထားပါသည်။

created using
BCL easyPDF
Printer Driver
Click here to purchase a license to remove this image

## သီးခြားဓမ္မာရုံတရား

အရှိပရမတ်တရားဖြစ်သော အသင်္ခတနိဗ္ဗာန်သည် ဓမ္မာရုံတရား ၁-ပါးဖြစ်ကြောင်းကို ဥဒါန်းပါဠိတော်လာ ပထမနိဗ္ဗာန ပဋိသံယုတ္တသုတ်၌ ဟောကြားတော်မူခဲ့ပါသည်။ **"အတ္ထိ ဘိက္ခဝေ တဒါယတနံ ယတ္ထ န ပထဝီ န အာပေါ န တေဇော န ဝါယော န အာကာသာနဉ္စာယတန န ဝိညာဏဉ္စာယတန"** စသည်ဖြင့် ဟောကြားခဲ့ပါသည်။

အဓိပ္ပါယ်မှာ- "ရဟန်းတို့ ဓမ္မာယတန နိဗ္ဗာန် ပရမတ်သည် ရှိသည်သာတည်း၊ ထိုနိဗ္ဗာန်အရပ်၌ ပထဝီဓာတ် အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်သည် မရှိ၊ အာကာသာနဉ္စာယတနစျာန် ဝိညာဏဉ္စာယတန စျာန် စသည်တို့လည်း မရှိ" ဟူ၍ ဖြစ်ပါသည်။

ဓမ္မာရုံတရား ၆-ပါးရှိရာ ယင်းတို့မှာ ပသာဒ၊ သုခုမ ဟူသော ရုပ်တရား ၂-ပါး၊ စိတ္တ,စေတသိကဟူသော နာမ်တရား ၂-ပါး၊ ပညတ်တရား ၁-ပါးနှင့် နိဗ္ဗာန်တရား ၁-ပါး ပေါင်း ၆-ပါးဖြစ်ပါသည်။

အသင်္ခတ နိဗ္ဗာန်တရားသည် ရုပ်ဓမ္မာရုံတရား၊ နာမ် ဓမ္မာရုံတရား၊ ပညတ်ဓမ္မာရုံတရားတို့ဖြင့် မရောမယှက်သော သီးခြားအရှိ ပရမတ်ဓမ္မာရုံတရားဖြစ်သည်။

## မဂ်စိတ် ဖိုလ်စိတ်များဖြစ်ပေါ်လာပုံ

နိဗ္ဗာန်ဓမ္မာရုံတရား၏ အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည်ဖြစ်၍ မဂ်စိတ်ဖိုလ်စိတ်များ ဖြစ်ပေါ်လာရပါသည်။ အခြားသောဓမ္မာရုံတရား ၅-ပါးတို့သည် မဂ်စိတ်ဖိုလ်စိတ်များ ဖြစ်ပေါ်စေရန် အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုနိုင်ကြသည် မဟုတ်ပါ။

## နိဗ္ဗာန်သည် တည်ရာမှီရာ မရှိ

အသင်္ခတပရမတ်နိဗ္ဗာန်တရားသည် မည်သည့်တရားမျိုးကိုမှ တည်ရမှီရသည်မဟုတ်ကြောင်း၊ တည်ရာမှီရာ မရှိကြောင်းကိုလည်း "ရဟန်းတို့ ထိုနိဗ္ဗာန်သည် တည်ရာမရှိ၊ ဖြစ်ခြင်းမရှိ၊ အာရုံပြုမှု မရှိသည်သာတည်း"ဟု ပထမနိဗ္ဗာန ပဋိသံယုတ္တသုတ္တန်တရားတော်၌ **"အပဋ္ဌိတံ အပဝတ္တံ အနာရမ္မဏမေဝေတံ"**ဟု ဟောကြားတော်မူပါသည်။

## နိဗ္ဗာန်၏ ငြိမ်သက်ခြင်းလက္ခဏာ

အသင်္ခတနိဗ္ဗာန်၏ တရားကိုယ်သဘောကို သန္တိ လက္ခဏငြိမ်သက်သောသဘောဟု ဖွင့်ဆိုဟောကြားတော်မူပါသည်။ ငြိမ်သက်သောသဘောဆိုသည်မှာ လှုပ်ရှားခြင်း၊ ခြောက်ခြားခြင်းမရှိသည့်သဘော၊ လှုပ်ရှားမှု၊ ခြောက်ခြားမှုကင်းနေ၍ ပင်ကိုယ်အားဖြင့် ငြိမ်သက်နေသည့် သဘောပင် ဖြစ်ပါသည်။

## မရွေ့လျားခြင်းရသ

ကိစ္စရသ၊ သမ္ပတ္တိရသ နှစ်မျိုးအနက်နိဗ္ဗာန်၌ ကိစ္စရသမရပါ။ သမ္ပတ္တိရသအနေဖြင့် မရွေ့လျား၊ မပြောင်းလဲသော အစ္စုတိရသဖြစ်ပါသည်။ ဤမရွေ့လျား၊ မပြောင်းလဲသောသဘောကိုပင် ခုဝခိုင်မြဲသောသဘောဟုလည်း ဟောကြားတော်မူပါသည်။

created using BCL easyPDF Printer Driver
Click here to purchase a license to remove this image

## နိမိတ်ကင်းသောအာရုံ

ဉာဏ်၌ အာရုံထင်ရာတွင် အရိပ်နိမိတ်များလုံးဝ ကင်းရှင်းသည့်သဘောအနေဖြင့် အာရုံထင်ခြင်းဖြစ်ပါသည်။ ယင်းကို **"အနိမိတ္တုပစ္စုပဋ္ဌာန"**ဟု ဆိုပါသည်။ စိတ်၊ စေတသိက်၊ နာမ်တရားတို့သည် ဖြစ်မှုပျက်မှုဟူသော သင်္ခါရနိမိတ်များ ထင်ရှားပါသည်။ ရုပ်တရားတို့မှာ ဖြစ်မှု ပျက်မှုဟူသော သင်္ခါရ နိမိတ်များသာမက ပုံဟန်သဏ္ဌာန် ပညတ်နိမိတ်များလည်း ထင်ရှားပါသည်။ ထိုကဲ့သို့သော အရိပ်နိမိတ်များ လုံးဝကင်းသည့်သဘော အနေဖြင့်သာ အာရုံဖြစ်ရာ တဏှာဒိဋ္ဌိတို့ဖြင့် ညွတ်ကိုင်း တပ်မက်၍ မရနိုင်ပါ။ ယင်းကို အနတ္တသဘော၊ အပ္ပဏိဟိတသဘော ဟုဓမ္မနယ်ပယ်တွင် သုံးနှုန်းပါသည်။

## နိဗ္ဗာန်သည် အစမရှိ၊အဆုံးမရှိ

အသင်္ခတနိဗ္ဗာန်တရားသည် အစမရှိသကဲ့သို့ အဆုံး အပိုင်းအခြားမရှိသော အနာဒိအနန္တတရားဖြစ်ပါသည်။

## နိဗ္ဗာန်၌သိသောသဘောမရှိ

နိဗ္ဗာန်သည် စိတ်၊ စေတသိက်များကဲ့သို့ အာရုံကိုသိ သည့်သဘော ညွတ်ကိုင်းသည့် သဘောမရှိပါ။ ယင်းအချက် ကို ဓမ္မဝေါဟာရအားဖြင့် အနာရမ္မဏဟု သုံးနှုန်းပါသည်။

## နိဗ္ဗာန်သည်မြဲသောတရား

စိတ်၊စေတသိက်၊ရုပ်တရားတို့ဖြင့်သာ ပေါင်းစပ်ဖွဲ့စည်းအပ်သော စကြဝဠာအနန္တ၊ ကမ္ဘာအနန္တ၊ နေလနက္ခတ်၊ တာရာ၊ သက်ရှိသက်မဲ့တို့သာ ပျက်သုဉ်းကုန်ဆုံးကြသော်လည်း နိဗ္ဗာန်တရားသည်ကား ပျက်သုဉ်းကုန်ဆုံးခြင်း မရှိသဖြင့် မြဲသော နိစ္စတရား ဖြစ်ပါသည်။

## ရုပ်နာမ်ခန္ဓာတို့၏ ဗဟိဒ္ဓတရား

နိဗ္ဗာန်သည် စိတ်၊စေတသိက်၊ရုပ်တို့၏ အစုအ ပေါင်းဖြစ်သော ခန္ဓာ၅-ပါးမှအပဖြစ်သောကြောင့် ဗဟိဒ္ဓတရားဖြစ်ပါသည်။ ထိုသို့ ဗဟိဒ္ဓတရားပင်ဖြစ်သော်လည်း ခန္ဓာတို့နှင့် တစ်ဆက်တစ်စပ်တည်းရှိနေသော အရှိတရား ဖြစ်သောကြောင့်" ဝိသုဒ္ဓိမဂ်မဟာဋီကာ၌ **'နိဗ္ဗာနံ ခန္ဓပဋိဗဒ္ဓမေဝ"**ဟု ဖွင့်ဆိုတော်မူခဲ့ပါသည်။ ဤအချက်ကို ရှေးဆရာတော်ကြီးများက ရဟန်း၏ခန္ဓာကိုယ်နှင့် ဝတ်ဆင်အပ်သော သင်္ကန်းကို ဥပမာပြု၍ သဘာဝအားဖြင့် တစ်ခြားစီဖြစ်သော်လည်း တသီးတခြားစီမဟုတ်ဘဲ တစ်ဆက်တစ်စပ်တည်းရှိနေကြောင်း ရှင်းလင်းဟောကြားခဲ့ကြပါသည်။

ထို့ပြင် မြစ်ချောင်း အင်းအိုင်တွင် ရေချိုးနေသော လူ၏ခန္ဓာကိုယ်သည် ရေနှင့်မထိမစပ်သော နေရာဟူ၍ မရှိကြောင်းကိုလည်း ဥပမာဖြင့် ရှင်းပြတော်မူခဲ့ကြပါသည်။ မဟာဂန္ဓာရုံဆရာတော်ကြီးကလည်း ဒုက္ခ(ခန္ဓာ)၏အနီး၌ **"သူလဲမပါ၊ ငါလဲမရှိ၊ ဇာတိကွာကင်း၊ ဇရာရှင်း၍၊ နာခြင်း သေဘေး၊ အရှည်ဝေးလျက်၊ အေးတကြည် ကြည်၊ အားလုံးကုန်ကိန်းခန်းဆိုက်သဖြင့် ငြိမ်းချမ်းလိုက်ပါတဲ့ နိဗ္ဗာန်၏အနှစ် အဆီသည်"**စသည်ဖြင့် ခန္ဓာနှင့်နိဗ္ဗာန်တို့ တစ်ဆက်တစ်စပ်ထဲဖြစ်ကြောင်း ဖွင့်ဆို ရေးသားတော်မူပါသည်။

created using BCL easyPDF Printer Driver
Click here to purchase a license to remove this image

## မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ ဖြစ်ပေါ်ပုံ

နိဗ္ဗာန်သည် မျက်မှောက်ပြုအပ်သော သစ္ဆိကာတဗ္ဗ တရားဖြစ်ပါသည်။ မျက်မှောက်ပြုဟူသော စကားရပ်သည် မျက်စေ့၏ရှေ့မှောက်တွင်ရှိသောအရာကို အခက်အခဲမရှိ ပြတ်သားစွာ မြင်နိုင်သကဲ့သို့ ထက်ဝန်းကျင်အလွန်ထင်ရှားလှသည့် အသင်္ခတဓာတ်နိဗ္ဗာန် ပရမတ်တရားတော်မြတ်၏ အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုလိုက်သည်နှင့်တစ်ပြိုင်နက် ယှဉ်ဖော်ယှဉ်ဖက်စေတသိက် ၃၆-ပါးနှင့်တကွ နိဗ္ဗာန်ကိုမြင်သော မဂ်ဉာဏ်ဖိုလ်ဉာဏ်များ ဖြစ်ပေါ်ကြပါသည်။ ထိုမဂ်ဉာဏ်ဖိုလ်ဉာဏ်များကို ဥဒပါဒ် ၅-ချက်ဖြင့် ဓမ္မစက္ခု ဉာဏ်၊ အထူးသိသောဉာဏ် ၊အပြားအားဖြင့်သိသောပညာ၊ ထိုထွင်းသိသော ဝိဇ္ဇာဉာဏ်၊ အလင်းပေါက်သိသော အာလောကဉာဏ်တရားတို့ဟု ဖော်ပြပါသည်။ ထို့ကြောင့် နိဗ္ဗာန်သည် နေရာဒေသမရွေး အချိန်ကာလမရွေး ထက်ဝန်းကျင်အားလုံး၌ အစဉ်အမြဲရှိနေသော၊ မဂ်စိတ် တို့ဖြင့် ၄-ကြိမ်မျက်မှောက်ပြုပြီးနောက် ဖိုလ်စိတ်တို့ဖြင့် အကြိမ်ကြိမ် အာရုံပြုအပ်သောတရားဖြစ်ပါသည်။

## နေရာဒေသမရွေး၊ အချိန်ကာလမရွေး၊ မျက်မှောက်ပြု အာရုံပြုနိုင်သည်

နိဗ္ဗာန်တရားသည် ရုပ်တရား၊ နာမ်တရားတို့မှအပ တရားဖြစ်သောကြောင့် ရုပ်နာမ်ဓမ္မတည်းဟူသော လောက ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ နိဗ္ဗာန်တရားသည် တသီးတခြားပရမတ်တရားအနေဖြင့် အစဉ်အမြဲရှိနေသော နိစ္စတရား ဖြစ်ပါသည်။

သာဓကအားဖြင့် ပုဂ္ဂိုလ်တစ်စုံတစ်ယောက်သည် ဇေဝရက်တောင်ထိပ်၌ ညဥ့်သန်းခေါင်အချိန်တွင် နိဗ္ဗာန်တရားကို မျက်မှောက်ပြုသည် ဆိုပါစို့၊ ထိုပုဂ္ဂိုလ်၏ ခန္ဓာအတွင်း၌လည်းကောင်း၊ ခန္ဓာနှင့်ယှဉ်၍လည်းကောင်း၊ နိဗ္ဗာန်တရားကို သယ်ဆောင်သွားသည်ဟု မဆိုနိုင်ပေ၊ နေရာဒေသမရွေး၊ အချိန်ကာလမရွေး ရှိနှင့်နေပြီးသော နိဗ္ဗာန်တရားကို မိမိ ရောက်ရာဒေသ၌ အလွယ်တကူ မျက်မှောက်ပြုနိုင်သည်သာ ဖြစ်ပါသည်။

## နိဗ္ဗာန်ပရမတ်ဆိုင်ရာ အချက်အလက်များ

အသင်္ခတပရမတ်ဖြစ်သော နိဗ္ဗာန်တရားတော်မြတ် နှင့် ပတ်သက်၍ အောက်ပါအချက်အလက်များကို ထုတ်နှုတ် ရရှိပါသည်။

၁။ နိဗ္ဗာန်ပရမတ်တရားသည် အရှိပရမတ်တရား ရွေ့လျားခြင်းမရှိသောသဘော၊ ပြောင်းလဲခြင်းမရှိသော သဘော၊တစ်မျိုးတည်းသောသဘောသာဖြစ်သည်။

၂။ နိဗ္ဗာန်ပရမတ်၏ တရားကိုယ်သဘောမှာ ငြိမ်းသက်၊ ငြိမ်းချမ်းခြင်းသဘော၊ သန္တိလက္ခဏာဖြစ်သည်။

၃။ နိဗ္ဗာန်ပရမတ်တရားသည် အကြောင်းကင်းသော အထောက်အပံ့ကင်းသော အဟေတုက၊အပ္ပစ္စယ တရားဖြစ်ပါသည်။

၄။ နိဗ္ဗာန်ပရမတ်တရားသည် တည်ရာမှီရာ ကင်းသော အပ္ပတိဋ္ဌိကတရားဖြစ်သည်။

၅။ နိဗ္ဗာန်ပရမတ်တရားသည် အစမရှိ၊ အဆုံးမရှိသော အနာဒိအနန္တတရား ဖြစ်သည်။

၆။ နိဗ္ဗာန်ပရမတ်တရားသည် နိစ္စ-မြဲသော ဓုဝ-ခိုင်ခံ့သော သဿတ-တစ်ဆက်တည်း တစ်ပြင်တည်း တစ်သဘောတည်းဖြစ်သော အဝိပရိဏာမ-မဖောက်မပြန် မပြောင်းလဲသောတရားဖြစ်သည်။

၇။ နိဗ္ဗာန်ပရမတ်တရားသည် ဖြစ်မှု၊ ပျက်မှု သင်္ခါရနိမိတ်သော်လည်းကောင်း၊ အမှုံအခဲ ပုံဟန်သဏ္ဌာန် ပညတ်နိမိတ်များသော်လည်းကောင်း ကင်းရှင်းသော အနိမိတ္တတရားဖြစ်သည်။

created using
BCL easyPDF
Printer Driver
Click here to purchase a license to remove this image

၈။ နိဗ္ဗာန်ပရမတ်တရားသည် တဏှာဒိဋ္ဌိတို့ဖြင့် ညွတ် ကိုင်းမရအပ်သော အနတတရား၊ တဏှာဒိဋ္ဌိတို့ဖြင့် တွယ်တာတောင့်တ၍မရသော အပ္ပဏိဟိတတရားတော် ဖြစ်သည်။

၉။ နိဗ္ဗာန်ပရမတ်တရားသည် သီးခြားအရှိ ဓမ္မာရုံတရားဖြစ်၍ မဂ်စိတ်ဖိုလ်စိတ်များ ဖြစ်ပေါ်စေရန် အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။ နိဗ္ဗာန်တရားမှလွဲ၍ အခြားဓမ္မာရုံတရားများဖြင့် မဂ်စိတ် ဖိုလ်စိတ်တို့ မဖြစ်ပေါ်နိုင်ပါ။

၁၀။ နိဗ္ဗာန်ပရမတ်တရားသည် စိတ်၊ စေတသိက်တရားတို့ကဲ့သို့ အာရုံကိုသိခြင်းသဘောမရှိသည့် အနာရမ္မဏ တရားဖြစ်သည်။

၁၁။ နိဗ္ဗာန်ပရမတ်တရားသည် ရုပ်နာမ်ခန္ဓာတို့၏ပြင်ပတရား ဗဟိဒ္ဓတရားဖြစ်သော်လည်း ရုပ်နာမ်ခန္ဓာတို့နှင့် တစ်ဆက်တည်း တစ်စပ်ထည်းသော အရှိသဘော ဖြစ်သည်။

၁၂။ နိဗ္ဗာန်ပရမတ်တရားသည် ရုပ်တရားနာမ်တရားတို့ဖြင့် သွားအပ်၊ ရောက်အပ်ဆိုက်အပ်သောတရား မဟုတ်သကဲ့သို့ နိဗ္ဗာန်တရားကလည်း ရုပ် တရားနာမ်တရားတို့ထံ လာအပ်၊ ဆိုက်ရောက်အပ်သော တရားမျိုး မဟုတ်ပါ။ မျက်မှောက်ဒ္ဓထင်ရှားရှိ၍ မျက်မှောက်ပြုအပ်သော အာရုံပြုအပ်သောတရား ဖြစ်ပါသည်။

၁၃။ နိဗ္ဗာန်ပရမတ်တရားသည် အချိန်ကာလ နေရာ ဒေသတိုဖြင့် ကန့်သတ်ပိုင်းခြား၍ မရနိုင်သော ကာလဝိမုတ်တရား ဖြစ်သည်

၁၄။ နိဗ္ဗာန်ပရမတ်တရားကို အလုံးစုံသောတရားတို့၏ သက်ရောက်စီးဝင်ရာ ကုန်ရာ ဆုံးရာဟု ဌာနျူ ပစာရ နည်းအားဖြင့်လည်း ဟောကြားတော်မူခဲ့ပါသည်။

၁၅။ နိဗ္ဗာန်ပရမတ်တရား၏ အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည်ဖြစ်၍ အရိယာမဂ်တရားကို ပေါ်ပေါက်လာ ပါသည်။ ယင်းမဂ်တရားများ၏ အစွမ်းဖြင့် ကိလေသာတရားများ ချုပ်ငြိမ်းရုပ်သိမ်းကြပါသည်။ ဤသို့ ကိလေသာများ ချုပ်ငြိမ်းခြင်းကိုပင် နိဗ္ဗာန်ဟု ဖလူပစာရနည်းဖြင့်လည်း ဟောကြားတော်မူပါသည်။ ထို့ပြင် နိဗ္ဗာန်ပရမတ်တရားကို ကိလေသာတို့၏ ချုပ်ငြိမ်းကြောင်း အကြောင်းအရင်းအနေဖြင့်လည်း ဟောကြားတော်မူခဲ့ပါသည်။

## နိဗ္ဗာန်၏ဂုဏ်များ

နိဗ္ဗာန်ပရမတ်တရား၏ သဘောသဘာဝနှင့် အချင်းအရာများကို ဖေါ်ပြပြီးနောက် နိဗ္ဗာန်တရား၏ ဂုဏ်များ အနက်အချို့ကို ဆက်လက်ဖော်ပြအပ်ပါသည်။

၁။ ဒီပ - သံသရာ ဝဲဩဃတွင် မျောနေရ သောပုဂ္ဂိုလ်တို့၏တည်ရာ၊ မှီရာ ကျွန်းကြီးသဖွယ် ဖြစ်သောတရား။

၂။ တာဏ - အပါယ်ဘေးစသည်မှ စောင့် ရှောက်ပေးသောတရား။

၃။ လေဏ - အပါယ်ဘေးကြောက်သူတို့၏ ပုန်းအောင်း ရာတရား။

၄။ သိဝံ - ဘေးမရှိသည်၏အဖြစ်ကို ပြုတတ် သောတရား။

၅။ အမတ - သေခြင်းမရှိရာတရား။

၆။ သရဏ - အရိယာတို့၏ နေအိမ်သဖွယ်ဖြစ်ရာတရား။

created using BCL easyPDF Printer Driver
Click here to purchase a license to remove this image

၇။ အပလောကိတ - အခါခပ်သိမ်း ထင်ရှားရှိသဖြင့် လောက၏ ပျက်စီးခြင်းသဘောမှ အပဖြစ်သောတရား။
၈။ အဗျာပဇ္ဇ - နှိပ်စက်တတ်သော တရားတို့ မရှိရာတရား။
၉။ ဝိဝဋ္ဋ - ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်များကင်းသောတရား။
၁၀။ ခေမ - ဘေးအားလုံးတို့၏ ကင်းရာဖြစ် သောတရား။
၁၁။ပါရ - နိဗ္ဗာန်ဟူသော ဟိုမှာဘက်ကမ်း တရား။
၁၂။ဝိသုဒ္ဓ - ရာဂအစရှိသော အညစ်အကြေး တို့မှ စင်ကြယ်ကြောင်းဖြစ်သော တရား။
၁၃။အပ္ပဋိသန္ဓိ - ဖြစ်ရာဘဝမှ နောက်ဘဝသို့ ပြန်၍ စပ်ခြင်း မရှိသောတရား။
၁၄။ အသံကိလိဋ္ဌ - ညစ်ညူးခြင်းမရှိသောတရား။
၁၅။ပဏီတ - မြတ်သောတရားစသည်တို့ ဖြစ်ပါသည်။

## ကိလေသာတရားများ

### ကိလေသာတရား၏ အဓိပ္ပါယ်

ကိလေသာတရားဆိုသည်မှာ အကုသိုလ် စေတ သိက်တရားများသည် စိတ်နှင့်ယှဉ်တွဲဖြစ်ပေါ်သဖြင့် စိတ်၏ ပူပန်ညစ်နွမ်းမှုများ ဖြစ်ပေါ်ခြင်းကို ဆိုလိုပါသည်။ အင်္ဂုတ္တိုရ် ပါဠိတော် ဧကနိပါတ်အစ္ဆရာသင်္ဃာတဝဂ်တွင် **"ပဘဿရ မိ ဒံ ဘိက္ခဝေ စိတ္တံ၊ တဉ္စ ခေါ အာဂန္တုကေဟိ ဥပက္ကိလေသေဟိ ဥပက္ကိလိဋ္ဌံ "**ဟူသော ဒေသနာတော်ရှိပါသည်။

အဓိပ္ပါယ်မှာ"စိတ်သည် ပကတိအားဖြင့် စင်ကြယ်သန့်ရှင်း၍ ကြည်လင်တောက်ပလျှ၏။ ထိုသည် အာဂန္တု တရားဖြစ်သော ကိလေသာတို့နှင့် ယှဉ်တွဲဖြစ်ပေါ်ရ၍သာ ပူပန်ညစ်နွမ်းသော သဘောဖြစ်ရ၏"ဟူ၍ ဖြစ်ပါသည်။ မှန်ပါသည်။ မြင်ကာမျှ၊ ကြားကာမျှ၊ နံကာမျှ၊ စားကာမျှ၊ ထိကာမျှ တွေးကြံစိတ်ဖြစ်ကာမျှတို့သည် ပင်ကိုယ်အားဖြင့် စင်ကြယ်သန့်ရှင်း၍ ကြည်လင်သောသဘောရှိကြပါသည်။ အကုသိုလ်စေတသိက်များ သို့မဟုတ် ကိလေသာစေတသိက်များ မယှဉ်ကြသေးပါ။

ဥပမာ-လှပမွှေးကြိုင်သော နှင်းဆီပန်းတစ်ပွင့်ကို မြင် ပြီဆိုပါစို့၊ နှင်းဆီပန်းကိုမြင်သောစိတ်သည် မြင်ကာမျှဖြစ်၍ စင်ကြယ်သန့်ရှင်းကြည်လင်သော အခြေအနေသာ ဖြစ်ပါသည်။ မွှေးကြိုင်သော အနံ့ကို ရှူမိသည့်အခါမှာလည်း နံကာမျှဖြစ်၍ သန့်ရှင်းကြည်လင်သော အခြေအနေသာရှိပါသည်။ မိမိအိမ် ဘုရားခန်းတွင် သီတင်းသုံးစံပယ်နေသည့် ရုပ်ပွားဆင်းတုတော်ကို သတိရခြင်းသည်လည်း တွေးကြံစိတ်မျှပင် ဖြစ်ပါသည်။ စင်ကြယ်သန့်ရှင်းကြည်လင်သော အခြေအနေတွင်သာရှိပါသေးသည်။ ဘုရားရှင်အား ကြည်ညိုသော သဒ္ဓါစိတ်များ ဖြစ်ပေါ်လာတတ်ပါသည်။ ကုသိုလ်စိတ်များဖြစ်ပါသည်။ ဘုရားရှင်အား ဆက်ကပ်လှူဒါန်းလိုသောစိတ်များ ဖြစ်ပေါ်လာတတ်ပါသည်။ ကုသိုလ်စိတ်များဖြစ်ပါသည်။

တစ်ဖန်နှင်းဆီပန်း၏ လှပသောအဆင်းကို မြင်ရခြင်း မွှေးကြိုင်သော ရနံ့ကိုရှူခြင်း၊ ချစ်သူကိုသတိရမိခြင်းတို့သည်လည်း မြင်ကာမျှနံကာမျှ၊ တွေးကြံကာမျှ၊ စိတ်များဖြစ်၍ သန့်ရှင်းကြည်လင်သော အခြေအနေများပင်ဖြစ်ပါသည်။ ချစ်သူအား တွယ်တာကပ်ငြိသော ရာဂစိတ်များဖြစ်ပေါ်လာတတ်ပါသည်။ အကုသိုလ်စိတ်များဖြစ်ပါသည်။ နှင်းဆီပန်းကို ခိုးယူလိုသောစိတ်များ ဖြစ်ပေါ်လာတတ်ပါသည်။ အကုသိုလ်စိတ်များ ဖြစ်ပါသည်။

created using BCL easyPDF Printer Driver
Click here to purchase a license to remove this image

ဤမြင်ကာမျှကြားကာမျှ၊ နံကာမျှ၊ စားကာမျှ၊ ထိကာမျှ၊ တွေးကြံကာမျှစိတ်များသည် ပင်ကိုယ်ပကတိ အားဖြင့် စင်ကြယ်သန့်ရှင်းတောက်ပ ကြည်လင်လှ၍ အယူ အစွဲများနှင့်တကွဖြစ်သော အကုသိုလ်တရားများ ကိလေသာတရားများ ယှဉ်တွဲလာသောအခါတွင်မှသာ ပူပန်ခြင်း သဘော၊ ညစ်နွမ်းခြင်းသဘောဖြစ်ကြရပါသည်။

ပကတိအားဖြင့် စင်ကြယ်သော စိတ်များဖြစ်ပေါ်မှု ကို **'ဝိညာဏစရိယ'**ဟုလည်းကောင်း၊ ယင်းစိတ်များ၏ အခြေအနေသဘောသဘာဝကို ဉာဏ်ဖြင့်သက်ရောက် နားလည်ခြင်းကို **"ဉာဏစရိယ"**ဟူ၍လည်းကောင်း၊ ယင်းစိတ်များ၏ အခြေအနေသဘောသဘာဝကို ဉာဏ်ဖြင့်သက်ရောက်နားလည်ခြင်းမရှိဘဲ အကုသိုလ် တရားများ၊ ကိလေသာတရားများ ဆက်လက်ဖြစ်ပွားရသည်ကို **"အဉာဏစရိယ"**ဟူ၍လည်းကောင်း တရားဓမ္မ နယ်ပယ်တွင် သုံးနှုန်းဟောကြားကြပါသည်။

## ကိလေသာ ၁၀-ပါး

အကုသိုလ်စေတသိက်တရား ၁၄-ပါးရှိပါသည်။ ယင်းစေတသိက်များကို စေတသိက်ပရမတ်တရား ၅၂-ပါးတွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ဤအကုသိုလ် စေတသိက်တရား ၁၄-ပါးယှဉ်သောအကုသိုလ်စိတ် တရားများမှ ကိလေသာ ၁၀-ပါးကို ဖော်ပြခြင်း ဖြစ်ပါသည်။ ယင်းတို့မှာ

၁။ **လောဘကိလေသာ** -လောကီအာရုံ၌တွယ်တာ ကပ်ငြိလိုချင်ခြင်းသဘော။
၂။ **ဒေါသကိလေသာ** - ခက်ထန်ကြမ်းတမ်းခြင်း သဘော။
၃။ **မောဟကိလေသာ** - အာရုံ၏ အမှန်သဘောကို ဖုံးကွယ်ခြင်းသဘော။
၄။ **မာနကိလေသာ** - ထောင်လွှားခြင်း သဘော။
၅။ **ဒိဋ္ဌိကိလေသာ** - မှားယွင်းစွာ သိမြင်ခြင်းသဘော။
၆။ **ဝိစိကိစ္ဆာကိလေသာ** - ယုံမှားခြင်းသဘော။
၇။ **ထိနကိလေသာ** - ထိုင်းမှိုင်းခြင်းသဘော။
၈။ **ဥဒ္ဓစ္စကိလေသာ** - ပျံ့လွင့်ခြင်းသဘော။
၉။ **အဟိရိကကိလေသာ** - မကောင်းမှု၌မရှက်ခြင်းသဘော။
၁၀။ **အနောတ္တပ္ပကိလေသာ** - မကောင်းမှု၌ မကြောက်ခြင်းသဘောတို့ ဖြစ်ပါသည်။

ကိလေသာ ၁၀-ပါးကို ဖော်ပြရာတွင် ဒေါသအုပ်စု တွင်ပါဝင်သည့် ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စစေတသိက် ၃-ပါးနှင့် မိဒ္ဓစေတသိက် ၁-ပါး၊ ပေါင်း၄-ပါးတို့ကို သီးခြား မဖော်ပြပါ။

## သံယောဇဉ်အာသဝစသည်များ

အကုသိုလ်စေတသိက်တရား ၁၄-ပါးမှပင် သံယော ဇဉ် ၁၀-ပါးတို့ကိုလည်းဖော်ပြပါသည်။ သံယောဇဉ်ဆိုသည် မှာ နှောင်ဖွဲ့သောတရားများ ဖြစ်ပါသည်။ ယင်းတို့မှာ-

၁။ **ကာမရာဂသံယောဇဉ်** - လောဘ
၂။ **ရူပရာဂသံယောဇဉ်** - လောဘ
၃။ **အရူပရာဂသံယောဇဉ်** - လောဘ
၄။ **ပဋိဃသံယောဇဉ်** - ဒေါသ

created using BCL easyPDF Printer Driver
Click here to purchase a license to remove this image

၅။ **မာနသံယောဇဉ်** - မာန
၆။ **ဒိဋ္ဌိသံယောဇဉ်** - ဒိဋ္ဌိ
၇။ **သီလဗ္ဗတပရာမာသသံယောဇဉ်** - ဒိဋ္ဌိ
၈။ **ဝိစိကိစ္ဆာသံယောဇဉ်** - ဝိစိကိစ္ဆာ
၉။ **ဥဒ္ဓစ္စသံယောဇဉ်** - ဥဒ္ဓစ္စ
၁၀။ **အဝိဇ္ဇာသံယောဇဉ်** - မောဟတို့ဖြစ်သည်။

အဟိရိက၊ အနောတ္တပ္ပ၊ ထိနမိဒ္ဓ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ထိန၊ မိဒ္ဓ ၇-ပါးကို သီးခြားမဖော်ပြပါ။ ယင်းစေတသိက် ၇-ပါးသည် ဒေါသ၊ မောဟအုပ်စုများ ဖြစ်ပါသည်။

အလားတူပင် အာသဝတရား ၄-ပါးတို့ကိုလည်း ဟောကြားခဲ့ပါသည်။ ယင်းတို့မှာ-

၁။ **ကာမာသဝ** - လောဘ
၂။ **ဘဝါသဝ** - လောဘ
၃။ **ဒိဋ္ဌာသဝ** - ဒိဋ္ဌိ
၄။ **အဝိဇ္ဇာသဝ** - မောဟ

## ဩဃ၊ ယောဂ၊ ဂန္ထ၊ ဥပါဒါန်တရားများ

တရားကိုယ်အားဖြင့်လည်းကောင်း၊ အရေအတွက်အားဖြင့်လည်းကောင်း၊ အာသဝ ၄-ပါးနှင့်ထပ်တူထပ်မျှဖြစ်သော ဩဃ ၄-ပါးတရားဖြင့်လည်းကောင်း ဟောကြားတော်မူပါသည်။ ဩဃ၏အဓိပ္ပါယ်မှာ ဝဋ်ဒုက္ခ၌ နစ်မွန်းစေတတ်သောတရားအပေါင်းဖြစ်ပါသည်။ ဩဃ ၄-ပါး တရားတို့မှာ

၁။ **ကာမောဃ** - လောဘ
၂။ **ဘဝေါဃ** - လောဘ
၃။ **ဒိဋ္ဌောဃ** - ဒိဋ္ဌိ
၄။ **အဝိဇ္ဇောဃ** - မောဟတို့ဖြစ်ပါသည်။

တရားကိုယ်အားဖြင့်လည်းကောင်း၊ အရေအတွက်အားဖြင့်လည်းကောင်း အာသဝတရား ၄-ပါး၊ ဩဃ ၄-ပါးတို့နှင့် ထပ်တူထပ်မျှဖြစ်သော ယောဂတရား ၄-ပါးတို့ဖြင့်လည်းကောင်း ဟောကြားတော်မူခဲ့ပါသည်။ ယောဂ၏အဓိပ္ပါယ်မှာ ဝဋ်ဆင်းရဲ၌ အစေးနှင့်ကပ်သကဲ့သို့ ယှဉ်စပ်ခြင်းသဘောဖြစ်ပါသည်။ ယောဂတရား ၄-ပါးမှာ

၁။ **ကာမယောဂ** - လောဘ
၂။ **ဘဝယောဂ** - လောဘ
၃။ **ဒိဋ္ဌိယောဂ** - ဒိဋ္ဌိ
၄။ **အဝိဇ္ဇာယောဂ** - မောဟတို့ဖြစ်ကြပါသည်။

တရားကိုယ်အားဖြင့် အနည်းငယ်ကွဲလွဲ၍ အရေအတွက်အားဖြင့် အာသဝ၊ ဩဃ၊ ယောဂတရားတို့ကဲ့သို့ပင် ၄-ပါးဖြင့်ဟောကြားအပ်သော ဂန္ထတရား ၄-ပါးလည်း ရှိပါသည်။ ယင်းတို့မှာ

၁။ **အဘိဇ္ဈာကာယဂန္ထ** - လောဘ

created using
BCL easyPDF
Printer Driver
Click here to purchase a license to remove this image

၂။ **ဗျာပါဒကာယဂန္ထ** - ဒေါသ
၃။ **သီလဗ္ဗတပရာမာသကာယဂန္ထ** - ဒိဋ္ဌိ
၄။ **ဣဒံသစ္စာဘိနိဝေသကာယဂန္ထ** - မှားယွင်းသော အယူ၌သာအမှန်၊ ကျန်သမျှအလွဲဟု ပြင်းစွာယူခြင်း ဒိဋ္ဌိ တို့ဖြစ်ပါသည်။

ဥပါဒါန်တရား ၄-ပါးဖြင့်လည်း ဖွဲ့စည်းဟောကြားခဲ့ပါသည်။ ဥပါဒါန်ဆိုသည်မှာ ပြင်းစွာစွဲလမ်းခြင်းဟု အဓိပ္ပါယ် ရပါသည်။ ယင်းတို့မှာ-

၁။ **ကာမုပါဒါန်** - ကာမဂုဏ် ၅-ပါး အာရုံတရား တို့ကို စွဲလမ်းခြင်း လောဘ
၂။ **ဒိဋ္ဌုပါဒါန်** - အယူမှားမှုကို စွဲလမ်းခြင်း ဒိဋ္ဌိ
၃။ **သီလဗ္ဗတုပါဒါန်** - အကျင့်မှားကို စွဲလမ်း ခြင်းဒိဋ္ဌိ
၄။ **အတ္တဝါဒုပါဒါန်** - အတ္တဝါဒကို စွဲလမ်းခြင်းဒိဋ္ဌိ တို့ဖြစ်ပါသည်။

ဤကိလေသာသံယောဇဉ်၊ အာသဝ၊ ဩဃ၊ဂန္ထ၊ ယောဂ၊ ဥပါဒါန်တရားအားလုံးတို့မှာ ဖြစ်အတူ၊ ချုပ်အတူ၊ မှီရာဝတ္ထုအတူ၊ အာရုံအတူဟူသော တူ ၄-ပါးဖြင့် အကုသိုလ်စေတသိက်တရားတို့ ပါဝင်ပေါင်းစပ် ဖွဲ့စည်းအပ်သော အကုသိုလ်စိတ်တရားများကို အမည်အမျိုးမျိုးဖြင့် ဖော်ပြဟောကြားခြင်းဖြစ်ပါသည်။ ဤကိလေသာစိတ်၊ အကုသိုလ်စိတ်တရားများသည် အရှိတရားများ မဟုတ်ကြပါ။ အဖြစ်တရားများသာ မှန်ပါသည်။

## ဒေါသစိတ်၊ မာနစိတ်တို့ဖြစ်ပေါ်ပုံ

ကိလေသာစိတ်များအနက် ဒေါသစိတ်ဖြစ်ပါက ထိုဒေါသစိတ်သည် အကြောင်းမရှိဘဲ အလိုလို တစ်ခုတည်း ထ၍ဖြစ်ပေါ်လာသည် မဟုတ်ပါ။ မြင်၊ ကြား၊ နံ၊စား၊ ထိသိစိတ်များ သို့မဟုတ် အာရုံသိစိတ်များ သော်လည်းကောင်း၊ တွေးစိတ်များသော်လည်းကောင်း ဖြစ်ပေါ် ပြီးနောက် မသင့် မတင့်သော နှလုံးသွင်းမှုနှင့်တကွ စိတ်အားလုံးတွင်ယှဉ်သော သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါး၊ ပကိဏ်ဏ စေတသိက် ၅-ပါး၊ မောဟအုပ်စု စေတသိက် ၄-ပါးနှင့် ဒေါသအုပ်စု စေတသိက် ၄-ပါး၊ ထိန၊ မိဒ္ဓ စေတသိက် ၂-ပါး၊ စုစုပေါင်း စေတသိက် ၂၂-ပါးတို့ တစ်ပြိုင်နက် ယှဉ်တွဲ၍ ဒေါသစိတ်များအဖြစ် ပေါ်ပေါက်လာခြင်း ဖြစ်ပါသည်။ တစ်ခုမဟုတ်ဘဲ အစုသဘော ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။ တစ်ခဏအတွင်း အကြိမ်ပေါင်း ကုဋေကုဋာမက ဖြစ်ပေါ် ချုပ်ပျောက်ကြပါသည်။ စိတ်တို့၏ အလျဉ်သဘော အစဉ်သဘောတို့ကြောင့် ခက်ထန်ပြင်းပြသော စိတ္တသင်္ခါရနိမိတ်များအနေနှင့် ဒေါသစိတ်၏ ခက်ထန် ကြမ်းတမ်းသည့်ပုံစံမှာ ရင်တွင်း၌ ထင်ရှားလာပါသည်။ ထို့နောက်ကား စိတ်တို့၏ ဖြစ်ကုန် နိယာမအတိုင်း ကွယ်ပျောက်ကုန်ဆုံးကြပါသည်။ ဤဒေါသစိတ်တွင် ကိလေသာအနေ ဖြင့် ဖော်ပြရပါက ဒေါသကိလေသာအပြင် မောဟကိလေသာ၊ အဟိရိကကိလေသာ၊ အနောတ္တပ္ပကိလေသာ၊ ဥဒ္ဓစ္စကိလေသာ၊ ထိနကိလေသာတရားများ တစ်ပြိုင်နက် ဖြစ်ပေါ်ကြပါသည်။

အလားတူပင် အကုသိုလ်စိတ်ဖြစ်သော မာနစိတ် အစဉ်တစ်ခု ဖြစ်ပြီဆိုပါက ပင်ကိုယ်အားဖြင့် စင်ကြယ် သန့်ရှင်း၍ ကြည်လင်တောက်ပသော မြင်၊ကြား၊နံ၊စား၊ထိ စသော အာရုံသိစိတ်များ သို့မဟုတ် တွေးကြံကာမျှ စိတ်များ ဖြစ်ပေါ်ပြီးနောက် မသင့်မတင့် နှလုံးသွင်းမှုနှင့်တကွ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါး၊ ပီတိကြဉ်သော ပကိဏ်ဏ စေတသိက် ၅-ပါး၊ မောဟအုပ်စု စေတသိက် ၄-ပါး၊ လောဘနှင့် မာနစေတသိက် ၂၊

created using BCL easyPDF Printer Driver
Click here to purchase a license to remove this image

စုစုပေါင်း စေတသိက် ၁၈-ပါးတို့ ခြံရံလျက် ယှဉ်တွဲ၍ မာနစိတ်များအဖြစ် ပေါ်ပေါက်လာပါသည်။ ဤမာနစိတ်သည်လည်း တစ်ခုမဟုတ်ဘဲ အစုသဘောဖြင့် ဖြစ်ပေါ်လာပြီး တစ်ခဏတွင်း အကြိမ်ပေါင်း ကုဋေကုဋာ ဖြစ်ပေါ် ချုပ်ပျောက်၍ အလျဉ်သဘော အစဉ်သဘောတို့ကြောင့် ထောင်လွှား တက်ကြွသော စိတ္တသင်္ခါရနိမိတ်အနေဖြင့် မာနစိတ်များ ရင်တွင်း၌ ထင်ရှားလာပါတော့သည်။ ထိုနောက်ကား စိတ်တို့၏ ဖြစ်ကုန်နိယာမအတိုင်း ကွယ်ပျောက်၊ ပျက်သုဉ်းကုန်ဆုံးကြပါတော့သည်။

ဤမာနစိတ်တွင် မာနကိလေသာ၊ လောဘကိလေသာ၊ မောဟကိလေသာ၊ အဟိရိကကိလေသာ၊ အနောတ္တပ္ပကိလေသာ၊ ဥဒ္ဓစ္စကိလေသာတရားများ တစ်ပြိုင်နက် ဖြစ်ပေါ်ကြပါသည်။ သံယောဇဉ် အနေဖြင့်ဖော်ပြရပါက ကာမရာဂသံယောဇဉ်၊ မာနသံယောဇဉ်၊ ဥဒ္ဓစ္စသံယောဇဉ်၊ အဝိဇ္ဇာသံယောဇဉ်တို့ တစ်ပြိုင်နက် ဖြစ်ပေါ်ကြပါသည်။ သင်္ခတတရား အဖြစ်တရားမှန်သောကြောင့် ဖြစ်ပေါ်လာပြီး ချုပ်ဆုံး ကွယ်ပျောက်ပါသည်။ ထပ်၍ထပ်၍ ဖြစ်ပါသည်။ ဖြစ်သမျှလည်း ချုပ်ဆုံးကွယ်ပျောက်ပြီး တစ်စုံတစ်ရာ ကျန်ရစ်ခဲ့ခြင်း မရှိပါ။

## ဖြစ်ပြီး၊ ဖြစ်ဆဲ၊ ဖြစ်လတ္တံ့ကိလေသာတို့ကို မပယ်နိုင်

ဖြစ်ခဲ့ပြီးသော အတိတ်ကိလေသာတရားများ သို့မဟုတ် ကိလေသာစိတ်များသည် မရှိတော့သည့် အတွက် ပယ်သတ်ရန် မဖြစ်နိုင်ပါ။ မဖြစ်သေးသော ကိလေသာတရား သို့မဟုတ် ကိလေသာစိတ်များသည်လည်း မဖြစ်သေးသဖြင့် လုံးဝမရှိသေးသောကြောင့် ပယ်သတ်ရန် မဖြစ် နိုင်သေးပါ။ ဖြစ်ဆဲကိလေသာတရား သို့မဟုတ် ကိလေသာစိတ်ကို ပယ်သတ်ရန်မှာလည်း စိတ်တို့၏ နိယာမသဘောအရ စိတ်နှစ်စိတ် တစ်ချိန်တည်း တစ်ပြိုင်တည်း၊ ပြိုင်တူ မဖြစ်နိုင်သည့်အတွက် ဖြစ်ဆဲကိလေသာစိတ်ကိုလည်း ပယ်သတ်၍ မရနိုင်ပါ။ ဤကဲ့သို့ ဖြစ်ပြီးသော အတိတ်ကိလေသာစိတ်များကိုလည်းကောင်း၊ မဖြစ်သေးသော အနာဂတ်ကိလေသာ စိတ်များကိုလည်းကောင်း၊ ဖြစ်ဆဲပစ္စုပ္ပန်ကိလေသာစိတ်များကိုလည်းကောင်း ပယ်သတ်ရန် မဖြစ်နိုင်ပါက မည်သို့လျှင် ကိလေသာတရားများကို ဖျက်ဆီး ချေမှုန်းနိုင်ပါမည်နည်း။

## ကိလေသာသုံးမျိုး

ကိလေသာတရားတို့၏အခြေအနေကို အဆင့်အားဖြင့် သုံးမျိုးသုံးစားခွဲခြားသတ်မှတ်နိုင်ပါသည်။ ဤအချက်ကို ရှေးပညာရှိအရိယာသူတော်ကောင်းကြီးများက-

**၁။ "လွန်ကျူးဆူပွက် မျိုးမပျက် သုံးချက်ကိလေသာ။**

**၂။ သီလသမာ,ဓိပညာ သတ်ရာ သုံးသိက္ခာ။**

**၃။ အနာနှင့်ဆေး သင့်အောင်ပေး ပျောက်ရေး မခက်ပါ"**ဟု စပ်ဆိုဆုံးမတော်မူခဲ့ကြပါသည်။

## ဝီတိက္ကမကိလေသာ

ဝီတိက္ကမကိလေသာဆိုသည်မှာ ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း ကျူးလွန်သည့် အကုသိုလ်စိတ်များ၏ အခြေအနေများ ဖြစ်ပါသည်။ ကာယကံ၊ ဝစီကံ သို့မဟုတ် ကာယဒုစရိုက်တရား၊

created using BCL easyPDF Printer Driver
Click here to purchase a license to remove this image

ဝစီဒုစရိုက်တရားများ ဖြစ်ပါသည်။ သူ့အသက်သတ်မှု၊ သူ့ဥစ္စာခိုးမှု၊ သူ့အိမ်ယာ ပြစ်မှားမှုတို့သည် ကာယဒုစရိုက်တရားများ ဖြစ်ပါသည်။ မုသားပြောမှု၊ ဂုံးချောရန်တိုက်မှု၊ ဆဲရေးပြောဆိုမှုနှင့် အပြိန်အဖျင်းပြောဆိုမှုများမှာ ဝစီဒုစရိုက်တရားများဖြစ်ပါသည်။ ဤကျူးလွန်မှုဝီတိက္ကမကိလေသာတရားများ မဖြစ်ပေါ်စေရန် သီလသိက္ခာဖြင့် လွှဲဖယ်ဟန့်တား ကာကွယ်ထားနိုင်ပါသည်။

## ပရိယုဋ္ဌာနကိလေသာ

ပရိယုဋ္ဌာနကိလေသာဆိုသည်မှာ ကိုယ်နှုတ်တို့ဖြင့် ကျူးလွန်သည့်အဆင့်သို့ မရောက်လာဘဲ စိတ်နှလုံးတွင် အကုသိုလ်စိတ်များ ပေါ်ပေါက်လာသည့် အခြေအနေသာ ဖြစ်ပါသည်။ မနောကံ သို့မဟုတ် မနောဒုစရိုက်တရားများ ဖြစ်ပါသည်။ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိဟူသော လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်တို့ ဖြစ်ပေါ်လာ ခြင်းကိုဆိုပါသည်။ ဤဆူပွက်မှု ပရိယုဋ္ဌာန ကိလေသာတရားများ မဖြစ်ပေါ်စေရန် သမာဓိသိက္ခာဖြင့် လွှဲဖယ် ဟန့်တားကာကွယ်ထား နိုင်ပါသည်။

## အနုသယကိလေသာ

တရားဓမ္မနယ်ပယ်တွင်သုံးနှုန်းသော အနုသယကိလေသာဆိုသည်မှာ အကုသိုလ်စိတ်များ(သို့မဟုတ်) ကိလေသာစိတ်များ ဖြစ်ပေါ်လာသည့်အဆင့်သို့ မရောက်မီ ယင်းကိလေသာတရားများ ဖြစ်ပေါ်နိုင်ခွင့် အခြေအနေသဘော၊ ဖြစ်ပေါ်နိုင်ခွင့် အလားအလာသဘောကို ဆိုလိုခြင်း ဖြစ်ပါသည်။

## အနုသယ၏အဓိပ္ပါယ်

အနုသယဟူသော ပါဠိစကား၏အဓိပ္ပါယ်မှာ အစဉ်ကိန်းသည်ဟူသော အဓိပ္ပါယ်ဖြစ်ပါသည်။ အစဉ်ကိန်းသည်ဆိုရာတွင်လည်း ယှဉ်တွဲ၍ အတူတကွ ပေါင်းစပ် ပါဝင်နေသည်ဟုဆိုလိုခြင်း မဟုတ်ပါ။ အကယ်၍ စိတ်နှင့်ယှဉ်တွဲ၍ အတူတကွ ပေါင်းစပ်ပါဝင်နေပါက အကုသိုလ်စိတ်များဟုပင် ဆိုရမည်ဖြစ်ပါသည်။ ပရိယုဋ္ဌာနကိလေသာအဆင့်သို့ရောက်ရှိသွားပြီ ဖြစ်ပါသည်။ ဤအနုသယကိလေသာတရားသဘောမှာလည်း အလွန်ပင်သိမ်မွေ့နက်နဲလှ၍ ဘုရားရှင်၏သဗ္ဗညုတဉာဏ်တော်ဖြင့်သာ သိမြင် ထုတ်ဖော်ဟောကြားတော်မူနိုင်ခြင်း ဖြစ်ပါသည်။

မဂ်ဉာဏ်ဖိုလ်ဉာဏ်များဖြင့် ဤကိလေသာဖြစ်ခွင့် များ (အနုသယကိလေသာတရားများ)ကို မပယ်သတ်ရသေးသမျှ လောကီစိတ်အားလုံးတွင် ကိလေသာဖြစ်ရန်အတွက် အခွင့်များရှိနေကြောင်းကို အနုသယအစဉ်ကိန်းသည်ဟု သုံးနှုန်းခြင်း ဖြစ်ပါသည်။

## အနုသယ ၇-ပါး

ဗုဒ္ဓရှင်တော်မြတ်၏တရားဒေသနာတော်များတွင် အနုသယတရား ၇-ပါးဟုဟောကြားပါသည်။ ယင်း(၇) ပါးမှာ-

၁။ **ကာမရာဂါနုသယ** - ကာမဂုဏ်တရားများ၌ ကပ်ငြိသောလောဘ ဖြစ်ခွင့်။

၂။ **ဘဝရာဂါနုသယ** - ဘဝ၌ကပ်ငြိသော လောဘ ဖြစ်ခွင့်။

created using BCL easyPDF Printer Driver
Click here to purchase a license to remove this image

၃။ **ပဋိဃာနုသယ** - ဒေါသဖြစ်ခွင့်။
၄။ **မာနာနုသယ** - မာနဖြစ်ခွင့်။
၅။ **ဒိဋ္ဌာနုသယ** - အယူမှားဒိဋ္ဌိဖြစ်ခွင့်။
၆။ **ဝိစိကိစ္ဆာနုသယ** - ဝိစိကိစ္ဆာယုံမှားခြင်း ဖြစ်ခွင့်။
၇။ **အဝိဇ္ဇာနုသယ** - မောဟ ဖြစ်ခွင့်တို့ဖြစ်ပါသည်။

## အခြေခံအကျဆုံး ကိလေသာတရား

ဤကိလေသာသံယောဇဉ်အစရှိသည့်တရားများ အားလုံး၏ အခြေခံအကျဆုံးတရားမှာ အဝိဇ္ဇာတရားဖြစ်ကြောင်းကို ဗုဒ္ဓဘာသာဝင်အားလုံးပင် နားလည်သဘောတူ လက်ခံထားကြပါသည်။ အဝိဇ္ဇာတရား၏ တရားကိုယ်သဘောမှာ မောဟစေတသိက်ဖြစ်ပါသည်။ အဘိဓမ္မာသင်္ဂြိုဟ်ကျမ်းတွင် မောဟမူဒွေးခေါ် မောဟမူလစိတ် ၂-ပါးကို ဖော်ပြထားပါသည်။ ယင်းတို့မှာ-

၁။ ယုံမှားခြင်းနှင့်တကွ အာရုံ၏အမှန်တရားကို ဖုံးကွယ်ခြင်းသဘောရှိသောစိတ်နှင့်
၂။ ပျံ့လွင့်ခြင်းနှင့်တကွ အာရုံ၏အမှန်တရားကို ဖုံးကွယ်ခြင်းသဘောရှိသောစိတ်တို့ ဖြစ်ပါသည်။

အချုပ်အားဖြင့်အမှန်တရားကို မဖော်ဆောင်နိုင်သည့် မိန်းမောတွေဝေသောစိတ်များ ဖြစ်ကြပါသည်။ မောဟကိလေသာတရားများဖြစ်ပါသည်။ အနုသယအဆင့်ကို လွန်ခဲ့ပြီး ပရိယုဋ္ဌာနအဆင့်သို့ရောက်ရှိလာပြီ ဖြစ်ပါသည်။

## ကိလေသာဖြစ်ရန် အခင်းအကျင်းသဘော

မောဟစိတ်တရားများကို ဖြစ်ပေါ်စေသည့် အခင်းအကျင်းတရားများကိုလည်း ဆက်လက်စီစစ်ရန် လိုအပ်လာ ပြန်ပါသည်။

## ပဉ္စဒွါရိက ဝီထိစိတ်များ

အခြေခံအကျဆုံးစိတ်များမှာ-

၁။ မြင်သိစိတ်။
၂။ ကြားသိစိတ်။
၃။ နံသိစိတ်။
၄။ အရသာသိစိတ်။
၅။ ထိသိစိတ်နှင့်
၆။ တွေးကြံစိတ်တို့ဖြစ်ပါသည်။

တစ်မှငါးအထိ စိတ်ငါးမျိုးကို ပဉ္စဝိညာဏ်စိတ်များ ဟုခေါ်ပါသည်။ စက္ခုပသာဒဟုခေါ်သော မျက်စိအကြည်ရုပ်နှင့် ရူပါရုံဟုခေါ်သော အဆင်းရုပ်တို့ တိုက်ဆုံမိသည့်အခါ စက္ခုဝိညာဏ်ဟုခေါ်သော မြင်သိစိတ်သည် ယှဉ်ဘက်စေတသိက် ၇-ပါးတို့နှင့်အတူ တစ်ပြိုင်နက် ဖြစ်ပေါ်ပါသည်။ ဤမြင်သိစိတ်နှင့် စပ်ဆိုင်၍ဖြစ်ပေါ်သော စိတ်အစဉ်ကို စက္ခုဒွါရိကဝီထိဟုခေါ်ပါသည်။

သောတပသာဒဟုခေါ်သော နားအကြည်ရုပ်နှင့် ဂန္ဓာရုံဟုခေါ်သောအသံရုပ်တို့ တိုက်ဆုံမိသည့်အခါ

created using BCL easyPDF Printer Driver
Click here to purchase a license to remove this image

သောတ ဝိညာဏ်ဟုခေါ်သော ကြားသိစိတ်သည် ယှဉ်ဘက်စေတသိက် ၇-ပါးတို့နှင့်အတူ တစ်ပြိုင်နက် ဖြစ်ပေါ်ပါသည်။ ဤကြားသိစိတ်နှင့် စပ်ဆိုင်၍ ဖြစ်ပေါ် သော စိတ်အစဉ်ကို သောတဒွါရိက ဝီထိဟုခေါ်ပါသည်။

ဃာနပသာဒဟုခေါ်သော နှာခေါင်းအကြည်ရုပ်နှင့် ဂန္ဓာရုံဟုခေါ်သောအနံ့ရုပ်တို့ တိုက်ဆုံမိသည့်အခါ ဃာန ဝိညာဏ်ဟုခေါ်သောနံ့သိစိတ်သည် ယှဉ်ဘက်စေတသိက် ၇-ပါးတို့နှင့်အတူ တစ်ပြိုင်နက် ဖြစ်ပေါ်ပါသည်။ ဤနံ့သိစိတ်နှင့်စပ်ဆိုင်၍ဖြစ်ပေါ်လာသော စိတ်အစဉ်ကို ဃာနဒွါရိက ဝီထိစုခေါ်ပါသည်။

ဇိဝှါပသာဒဟုခေါ်သော လျှာအကြည်ရုပ်နှင့် ရသာရုံ ဟုခေါ်သောအရသာရုပ်တို့ တိုက်ဆုံမိသည့်အခါ ဇိဝှါဝိညာဏ်ဟုခေါ်သော ရသာသိစိတ်သည် ယှဉ်ဘက်စေတသိက် ၇-ပါးတို့နှင့်အတူ တစ်ပြိုင်နက် ဖြစ်ပေါ်ပါသည်။ ဤရသာသိစိတ်နှင့်စပ်ဆိုင်၍ ဖြစ်ပေါ်သော စိတ်အစဉ်ကို ဇိဝှါဒွါရိကဝီထိဟု ခေါ်ပါသည်။

ကာယပသာဒဟုခေါ်သော ကိုယ်အကြည်ရုပ်နှင့် ဖောဋ္ဌဗ္ဗာရုံဟုခေါ်သော ထိတွေ့စရာရုပ်တို့ တိုက်ဆုံမိသည့်အခါ ကာယဝိညာဏ်ဟုခေါ်သော ထိသိစိတ်သည် ယှဉ်ဘက် စေတသိက် ၇-ပါးတို့နှင့်အတူ တစ်ပြိုင်နက် ဖြစ်ပေါ်ပါသည်။ ဤထိသိစိတ်နှင့် စပ်ဆိုင်၍ဖြစ်ပေါ်သော စိတ်အစဉ်ကို ကာယဒွါရိကဝီထိဟု ခေါ်ပါသည်။

## မြင်သိစိတ်များ အဆင့်ဆင့်ဖြစ်ပေါ်ပုံ

ဗုဒ္ဓအဘိဓမ္မာတရားဒေသနာတော်များအရ မြင်သိစိတ်များအဆင့်ဆင့်ဖြစ်ပေါ်ပုံကို အောက်တွင် ဥပမာဖြင့် ဖော်ပြအပ်ပါသည်။

## စက္ခုဒွါရိကဝီထိ

ပထမအနေဖြင့် ပစ္စုပ္ပန်ပရမတ်ရူပါရုံကိုအာရုံပြု၍ မြင်သိစိတ် စက္ခုဒွါရိကဝီထိများ ဖြစ်ပေါ်၍ ချုပ်ဆုံးပါသည်။

## တဒနုဝတ္တကမနောဒွါရဝီထိ

ထို့နောက် ဒုတိယအနေဖြင့် ချုပ်လေပြီးသော အတိတ်ရူပါရုံကိုအာရုံပြု၍ တဒနုဝတ္တက မနောဒွါရဝီထိ များဖြစ်ပေါ်ချုပ်ဆုံးပါသည်။ ဤအထိကား ပရမတ်အာရုံ အဆင့်ပင်ဖြစ်ပါသည်။

## ဒြပ်သဏ္ဌာန်အာရုံသုဒ္ဓမနောဒွါရဝီထိ

တတိယအနေဖြင့် ပရမတ်ရူပါရုံအဆင်းရုပ်တရား၏ အရာဝတ္ထုဒြပ်ကို အာရုံပြု၍ သုဒ္ဓမနောဒွါရ ဝီထိဖြစ်၍ ချုပ်ပါသည်။ ဤတတိယအဆင့်တွင် ပရမတ်အာရုံမဟုတ်တော့ဘဲ ဒြပ်သဏ္ဌာန်နိမိတ်ပညတ် အာရုံဖြစ်ပါသည်။ ဥပမာ-နွားကို မြင်ပါက နွားဟူသောအမည်မပါသေးဘဲ အကောင်ဒြပ် သဏ္ဌာန်ကို မြင်ပါသည်။

## အမည်နာမအာရုံသုဒ္ဓမနောဒွါရဝီထိ

စတုတ္ထအနေဖြင့် အရာဝတ္ထု၏အမည်ကိုအာရုံပြု၍ သုဒ္ဓမနောဒွါရဝီထိဖြစ်၍ချုပ်ပါသည်။ နာမပညတ်အာရုံ ဖြစ်ပါသည်။ နွားဟူသောအမည်နာမပညတ်ကိုပါ သိပါသည်။

created using
BCL easyPDF
Printer Driver
Click here to purchase a license to remove this image

ဤတတိယနှင့်နောက်ဆုံး စတုတ္ထအဆင့်ဖြစ်ပေါ် သော သုဒ္ဓမနောဒွါရ ဝီထိစိတ်တို့သည် ဒြပ်သဏ္ဍာန်နှင့် တကွ နာမပညတ်တို့ကို အာရုံပြုကြလေရာ ယှဉ်ဖက်စေတသိက်များဖြစ်ကြသော ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရဟူသော စေတသိက် ၇-ပါးတို့သည်လည်း စိတ်၏နည်းတူ ဒြပ်သဏ္ဍာန်နှင့်တကွ နာမ ပညတ်တို့ကိုပင် အာရုံပြုကြပါသည်။

ကြားသိစိတ်ဆိုင်ရာ သောတဒွါရဝီထိစိတ်များနှင့် မနောဒွါရဝီထိစိတ်များအဆင့်ဆင့်ဖြစ်ပေါ်ပုံကိုလည်းကောင်း၊ နံ့သိစိတ်ဆိုင်ရာ ဃာနဒွါရဝီထိစိတ်များနှင့် မနောဒွါရဝီထိစိတ်များ အဆင့်ဆင့်ဖြစ်ပေါ်လာပုံကိုလည်းကောင်း၊ အရသာသိစိတ်များဆိုင်ရာ ဇိဝှာဒွါရဝီထိစိတ်များနှင့် မနောဒွါရဝီထိစိတ်များ အဆင့်ဆင့်ဖြစ်ပေါ်လာပုံလည်းကောင်း ၊ ထိသိစိတ်များဆိုင်ရာကာယဒွါရ ဝီထိစိတ်များနှင့် မနောဒွါရဝီထိစိတ်များ ဖြစ်ပေါ်လာပုံအဆင့်ဆင့်ကိုလည်း အလားတူပင် တိုးချဲ့ပွားများ နားလည်ကြရန် ဖြစ်ပါသည်။

ဤသို့အားဖြင့် ဒြပ်သဏ္ဍာန်၊ အရိပ်နိမိတ်လောက သို့မဟုတ် ပညတ်လောက သို့မဟုတ် သမုတိလောက သို့မဟုတ် သညာဝိညာဉ်နယ်ပယ် လောကကြီး ပေါ်ပေါက်လာရသည်။ သိစရာ အစစ်အမှန်သဘောမှ သိမြင်ပုံ သဏ္ဍာန်ပညတ်နိမိတ် အမည်ပညတ်နိမိတ်သဘောသို့ လမ်းကြောင်းပြောင်းသွားပါသည်။ ဤသို့ လမ်းကြောင်းပြောင်းသွားခြင်းသည်လည်း ဓမ္မနိယာမသဘောအရ ပြောင်းလဲခြင်းဖြစ်ပါသည်။

သဠာယတန ဝဂ္ဂသံယုတ်ပါဠိတော် သဠာယတန ဝဂ္ဂဗာဟိယဒါရုစီရိယနှင့် မာလုကျပုတ္တသုတ္တန်ဒေသနာတော်များတွင် “မြင်ကာမျှ၊ ကြားကာမျှ၊ နံကာမျှ၊ စားကာမျှ၊ ထိကာမျှ၊တွေးကာမျှသာဖြစ်ပါက အဆင်းအသံ အနံ့ အရသာ အတွေ့အထိနှင့် တွေးကြံစရာ ဓမ္မာရုံတို့၏ နှောင်ဖွဲ့ မှုကို မခံရတော့ပေ၊ ထို့အပြင် ယင်းအာရုံများ၌ နစ်မြုပ်မနေ ရသဖြင့်လည်း ဤလောက၌လည်းကောင်း အခြားလောက ၌ လည်းကောင်း နှစ်ပါးသောလောက၏ အကြား၌လည်းကောင်း (သင်တို့ဟူ၍) မရှိတော့ခြင်းသည် ဒုက္ခ၏အဆုံးပင်တည်း”ဟု ဟောကြားတော်မူခဲ့ပါသည်။

ဆိုလိုသည်မှာ တတိယနှင့်စတုတ္ထအဆင့် ဖြစ်ပေါ် လာသောဒြပ်သဏ္ဍာန်နှင့် အမည်နာမပညတ်တို့ကို အာရုံပြု သည့်မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်၊ ထိသိစိတ်နှင့်တွေးကြံစိတ်တို့မှာ ကိလေသာစိတ်များ၊ အကုသိုလ်စိတ်များမဟုတ်ကြပါ။ ဘုရား၊ ရဟန္တာစသည့်အရိယာ အရှင်သူမြတ်များတွင်လည်း ဖြစ်ပေါ်ကြောင်းကို သိရှိနားလည်စေလိုခြင်း ဖြစ်ပါသည်။

## ပညတ်လောကသညာဝိညာဏ်နယ်ပယ်လောက ဖုံးလွှမ်းသွားပုံနှင့်အစစ်အမှန် ပရမတ်တရားသဘောများ ငုတ်လျှိုးသွားပုံ

အသွင်သဏ္ဍာန်၊ အရိပ်နိမိတ်လောက၊ ပညတ်လောက၊ သမုတိလောက၊ သညာဝိညာဏ်နယ်ပယ် လောက ပေါ်ပေါက်လာသောအခါ အစစ်အမှန်ပရမတ္ထတရားများ ဖြစ်သောစိတ်စေတသိက် ရုပ်တရားတို့၏ တရားကိုယ်သဘောသဘာဝများ ရုပ်အစစ် ၁၈-ပါးနှင့်စိတ် ၈၉-ပါးတည်းဟူသော အချင်းအရာများသည် မပေါ်လွင် မထင်ရှားတော့ဘဲ ငုတ်လျှိုးသွားပါသည်။ ထို့အပြင် ယင်းပရမတ်တရားများ စုဝေးပေါင်းစပ်ဖြစ်ပါသည့် ရုပ်အမျိုးမျိုး နာမ်အမျိုးမျိုးတို့၏ ခဏမစဲချုပ်ပျောက်ကုန်ဆုံးနေသည့် မမြဲခြင်း အနိစ္စလက္ခဏာ၊ သာယာ သိမ်းပိုက်ဖွယ် မဟုတ်ဘဲ အချီးနှီး သဘောဖြစ်ခြင်း၊ ဒုက္ခလက္ခဏာ အကြောင်းတရားတို့ ညီညွတ်သည့်အခိုက်သာ

created using BCL easyPDF Printer Driver
Click here to purchase a license to remove this image

ဖြစ်နိုင်ပြီး အကြောင်းတရား တစ်ခုခုချိတ်ခဲ့သည်နှင့် ပြိုကွဲပျက်သုဉ်းရသည့်အတွက် အစိုးမရခြင်း အလိုမလိုက်ခြင်း၊ ကိုယ်ပိုင်စွမ်းအား အနှစ်အသားမရှိခြင်း အနတ္တလက္ခဏာများလည်း မပေါ်လွင်မထင်ရှားတော့ဘဲ ငုပ်လျှိုးသွားကြပါသည်။ ပညတ်လောက သညာဝိညာဏ်နယ်ပယ်လောကကြီးက ဖုံးလွှမ်းသွားပါသည်။

ဆိုလိုသည်မှာ ပညတ်နိမိတ်များ ပေါ်ပေါက်လာခြင်းသည် ကိလေသာတရားများဖြစ်ပေါ်ရန် ခင်းကျင်းပေးလိုက်သကဲ့သို့ ဖြစ်ပါသည်။ ထို့ကြောင့် ရှေးပညာရှိ အရိယာသူတော်ကောင်းကြီးများက **"အဋ္ဌကလာပ၊ ဓာတ်ခဲတစ်ခု၊ ခေါ်ရိုးပြုကြ၊ နှိုင်းတုစရာ၊ ပမာမရ ဓာတ်ခဲအပေါင်း ထောင်သောင်းမက၊ အနန္တများစွာ၊ ပေါင်းစုလာသော်၊ အမာအပျော့၊ အပေါ့အလေး၊ အသေးအကြီး၊ နှီးနှီး ထွေထွေ၊ ပွေပွေလီလီ၊ အရည်အဖတ် ဒြပ်သဏ္ဌာန် ပေါ်လာပြန်သည် မှားရန်အကြောင်း နိမိတ်တည်း"**ဟု စပ်ဆိုညွှန်ပြဆုံးမတော်မူခဲ့ကြပါသည်။

## မောဟကိလေသာဖြစ်ပုံ

ဤစိတ်၊ စေတသိက်၊ ရုပ်ဟူသော သင်္ခတပရမတ် တရားသုံးပါးတို့၏ သဘောသဘာဝတရားများ၊ ယင်းတရားများ ဖွဲ့စည်းဖြစ်ပေါ်ပုံအချင်းအရာများ၊ ထိုသို့ဖြစ်ပေါ်ရာတွင် တစ်ခုသဘော အတ္တမဟုတ်ဘဲ၊ အစုသဘော၊ အနတ္တသဘောဖြင့်သာဖြစ်ပုံ အခြေအနေများကို မသိမမြင်နိုင်တော့ပါ။ အစုသဘောဖြင့် ဖြစ်ပေါ်ပြီးနောက် ချက်ချင်းပင် ပျက်သုဉ်းကုန်ဆုံးပျောက်ကွယ်ရသည့် မမြဲသောအနိစ္စလက္ခဏာ စသည်တို့ကိုလည်း အမှန်အတိုင်း မသိမြင်နိုင်တော့ပါ။ တွေဝေသည့်မောဟစိတ်များဆက်လက် ဖြစ်ပေါ်ပါသည်။ ယင်းစိတ်များကိုအဝိဇ္ဇာဟုခေါ်ပါသည်။ မောဟကိလေသာ ဖြစ်ပါသည်။

## အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ ကိလေသာဖြစ်ပုံ

ရုပ်တို့၏အမြဲမပြတ်ဒလစပ်ဖြစ်ပေါ်မှုအစဉ်၊ ဖြစ်ပေါ်မှုအလျဉ်တို့ကြောင့် သမူဟပညတ်၊ ဃနပညတ်၊ သဏ္ဌာနပညတ်၊ သန္တတိပညတ်၊ နာမပညတ်များဖြစ်သော နေ၊လ နက္ခတ်၊တာရာ၊ဂြိုဟ်၊ကမ္ဘာများ၊ရေ မြေ၊ တော၊ တောင် စသည်တို့သည် အထည်ကိုယ်သဖွယ် ယူစွဲစရာ ဖြစ်လာကြပါသည်။

အလားတူပင်သက်ရှိတို့၏ ခန္ဓာကိုယ် ဣန္ဒြိယ ဗဒ္ဓရုပ် များနှင့် စိတ်၊ စေတသိက်နာမ်တရား များအမြဲမပြတ်ဒလစပ် ဖြစ်ပေါ်မှုအစဉ် ဖြစ်ပေါ်မှု အလျဉ်တို့ကြောင့် ပုဂ္ဂိုလ်သတ္တဝါဝိဉာဉ် စသည့်နိမိတ်များသည်လည်း အထည်ကိုယ်သဖွယ်ဟု ယူစွဲစရာ ဖြစ်လာကြပါသည်။

ဤသို့ဖြင့် ရုပ်တရားနာမ်တရားတို့၏ ပရမတ္ထသဘောသဘာဝဖြစ်သော အစုသဘောတရားတို့ကို ပုံဟန်သဏ္ဌာန်အရိပ်နိမိတ်တစ်ခုတည်းသော အနှစ်အသား အတ္တ ပုဂ္ဂလအဖြစ် လွဲမှားသော အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ အယူ အစွဲကို ဖြစ်ပေါ်စေပါသည်။ ဤသဘောကို **"သန္တော သံဝိဇ္ဇမာနော ကာယော သက္ကာယော၊ သက္ကာယေ မိစ္ဆာဝသေန ဒိဋ္ဌိ သက္ကာယဒိဋ္ဌိ"**ဟု ဝိဂြိုဟ်ဝစနတ္ထပြု၍ ဖွင့်ဆိုဟောကြားတော်မူပါသည်။

**သန္တော သံဝိဇ္ဇမာနော၊** ထင်ရှားသော ပရမတ္ထ တရားတို့၏။ **ကာယော၊**အစုအပေါင်းတည်း ရူပခန္ဓာသည် ရုပ်အစုအပေါင်းတည်း၊ ဝေဒနခန္ဓာသည် ဝေဒနာအစု အပေါင်းတည်း၊ သညာခန္ဓာသည်သညာအစုအပေါင်းတည်း၊ သင်္ခါရခန္ဓာသည် သင်္ခါရအစုအပေါင်းတည်း၊ ဝိညာဏခန္ဓာသည် ဝိညာဏ်

created using BCL easyPDF Printer Driver
Click here to purchase a license to remove this image

အစုအပေါင်းတည်း၊ **သက္ကာယေ**၊ ထိုထင်ရှားသော ခန္ဓာငါးပါး အစုအပေါင်းတရား၌ **မိစ္ဆာဝသေန**၊ လွဲမှားသောအားဖြင့်။ **ဒိဋ္ဌိ**၊ ယူစွဲမှု ဖြစ်ပေါ်လာပါသည်။ မည်ကဲ့သို့ဖြစ်ပေါ်လာပါသနည်းဟူမူ-

၁။ ရုပ်သည်ပင် ငါ(အတ္တ)

၂။ ငါ(အတ္တ)သည်ပင်ရုပ်

၃။ ရုပ်၌ ငါ(အတ္တ)ရှိသည်။

၄။ ငါ(အတ္တ)၌ရုပ်ရှိသည်ဟု တစ်ပါးလျှင် လေးမျိုးဖြင့် ခန္ဓာငါးပါး၌ သက္ကာယဒိဋ္ဌိ ၂၀-ဆယ်ဖြစ်ပွားပုံကို ဟောတော်မူခဲ့ပါသည်။

ခန္ဓာငါးပါးနှင့်အတ္တကို တစ်ပေါင်းတည်းပြု၍ ယူစွဲသော အတ္တဒိဋ္ဌိနှင့်ခန္ဓာငါးပါးနှင့် အတ္တကို သီးခြားစီထား၍ ယူစွဲသော အတ္တဒိဋ္ဌိတို့ ဖြစ်ပေါ်လာကြပါသည်။ တစ်နည်း ဆိုရပါမူ အစစ်အမှန်သဘောအားဖြင့် လုံးဝမရှိသော အတ္တအယူအစွဲကို အစစ်မှန်ဖြစ်သော ခန္ဓာငါးပါးတွင် ထည့်သွင်းယူစွဲခြင်း ဖြစ်ပါသည်။ ယင်းအတ္တဒိဋ္ဌိအယူအစွဲနှင့် ပတ်သက် ၍ အချို့ကိုအောက်တွင် ဆက်လက်ဖော်ပြပါသည်။

၁။ **ပရမအတ္တ** - ကမ္ဘာလောကနှင့်သတ္တဝါကို ဖန်ဆင်းသည့်ဖန်ဆင်းရှင်ဟု ထင်မှတ်စွဲလန်းအပ်သော ထာဝရဘုရားတည်းဟူသော ပရမအတ္တအယူ အစွဲ။

၂။ **ဇီဝအတ္တ** - ဖန်ဆင်းထားသည်ဟု ထင်မှတ်စွဲလန်းအပ်သောသတ္တဝါများ၏ အသက်လိပ်ပြာတည်းဟူသော ဇီဝ အတ္တ အယူအစွဲ။

၃။ **သာမိအတ္တ** - ကိုယ်ထဲမှာ အစိုးရသော ငါကောင်ရှိသည်ဟု ထင်မှတ်စွဲလန်းအပ်သော သာမိအတ္တ အယူအစွဲ။

၄။ **နိဝါသီအတ္တ** - ကိုယ်ထဲမှာ အမြဲတည်နေသော ငါကောင်ရှိသည်ဟုထင်မှတ် စွဲလန်းအပ်သော နိဝါသီအတ္တ အယူအစွဲ။

၅။ **ကာရကအတ္တ** - အမူအရာဟူသမျှကို ငါကောင်က ပြုလုပ်သည်ဟုထင်မှတ် စွဲလန်းအပ်သော ကာရက အတ္တအယူအစွဲ။

၆။**ဝေဒကအတ္တ** - အကောင်းအဆိုးဟူသမျှကို ငါကောင်ကပင် ခံစားစံစားသည်ဟု ထင်မှတ်စွဲလန်းအပ်သော ဝေဒကအတ္တ အယူအစွဲတို့ဖြစ်ပါသည်။

ထိုမျှမကသေးပါ ရုပ်တရား နာမ်တရားတို့ ဒလစပ်ဖြစ်ပေါ်ရာတွင် အရင်နှင့်နောက်ဖြစ်ပေါ် ချုပ်ငြိမ်းမှုတို့၏ အစဉ်ကို ဉာဏ်ဖြင့် မပိုင်းခြားနိုင်ဘဲ သန္တတိယနပညတ်ကို ငါကောင်ဟု ထင်မှတ်စွဲလန်းသော အတ္တအယူအစွဲလည်း ဖြစ်ပါသည်။

ရုပ်တရားနာမ်တရားတို့ ဒလစပ်ဖြစ်ပေါ်ရာတွင် သဘောသဘာဝအားဖြင့် ကွဲပြားခြားနားစွာ ပေါင်းစပ်ဖြစ်ပေါ် ကြသော်လည်း ယင်းအချက်ကို ဉာဏ်ဖြင့် မပိုင်းခြားနိုင်သဖြင့် အပေါင်းသဘော သမူဟယနပညတ်ကို ငါကောင်ဟု ထင်မှတ်စွဲလန်းသော အတ္တအယူအစွဲလည်း ဖြစ်ပါသည်။

ရုပ်တရားနာမ်တရားတို့ ဒလစပ်ဖြစ်ပေါ်ရာတွင် သူ့ကိစ္စနှင့်သူ အသီးသီးကွဲပြားခြားနားစွာ ဖြစ်ပေါ်ကြသော်လည်း ဉာဏ်ဖြင့်မပိုင်းခြားနိုင်ဘဲ ကိစ္စယနပညတ်ကို ငါကောင်ဟူ၍သာ ထင်မှတ်စွဲလန်းသော အတ္တအယူအစွဲလည်း ဖြစ်ပေါ်ပါသည်။

ကုဋ္ဌေကုဋ္ဌာမကသော သိစိတ်နာမ်တရားတို့ ဒလစပ် ဖြစ်ပေါ်ရာတွင် ကျေးဇူးပြုသော အာရုံသည်အလွန်ပင် များပြားစွာဖြစ်ပေါ်ခဲ့သည်ကို ဉာဏ်ဖြင့်မပိုင်းခြားနိုင်ဘဲ အရမ္မဏယန ပညတ်ကိုငါကောင်ဟူ၍သာ ထင်မှတ်စွဲလန်းသော အတ္တအယူအစွဲ ဖြစ်ပေါ်ပါသည်။

created using BCL easyPDF Printer Driver
Click here to purchase a license to remove this image

၎င်းအယူအစွဲများကို မဟာစည်ဆရာတော်ဘုရားကြီး အသံလွှင့် ဟောကြားတော်မူခဲ့သော အနတ္တလက္ခဏသုတ်တရားတော်ကြီးစာအုပ်တွင်-

၁။ ရှေ့နောက်တရား၊ ခဏပြားလျက်၊ ပိုင်းခြားမပြတ်၊ ငါကောင်မှတ်၊ ပေါ်လတ်သန္တတိဃနတည်း။

၂။ ရုပ်နာမ်အများ၊ သဘောပြားလျက်၊ ပိုင်းခြားမပြတ်၊ ငါကောင်မှတ်၊ ပေါ်လတ်သမူဟဃနတည်း။

၃။ ရုပ်နာမ်အများ၊ ကိစ္စပြားလျက်၊ ပိုင်းခြားမပြတ်၊ ငါကောင်မှတ်၊ ပေါ်လတ်ကိစ္စဃနတည်း။

၄။ နာမ်သဘောများ၊ အာရုံပြားလျက်ပိုင်းခြားမပြတ် ၊ ငါကောင်မှတ်၊ ပေါ်လတ်အာရမ္မဏဃနတည်းဟု ဖော်ပြခဲ့ပါသည်။

## တဏှာ၊ ဒေါသ၊ မာန၊ ဣဿာစသည့် ကိလေသာများ

၎င်းသို့ဖြင့် အဝိဇ္ဇာတည်းဟူသော မောဟကိလေသာ အလွဲအမှားယူစွဲသော အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ၊ ကိလေသာများ ဖြစ်ပေါ်ပြီးနောက်တွင်မူ အတ္တကိုသာယာကပ်ငြိ ခြင်း လောဘကိလေသာ၊ အတ္တကိုအရှိထား၍ ဆန့်ကျင်ပြစ်မှားခြင်း ဒေါသကိလေသာ၊ အတ္တအနေဖြင့် ထောင်လွှားခြင်း မာနကိလေသာ၊ ပျံ့လွင့်ခြင်း ဥဒ္ဓစ္စကိလေသာစသော ကိလေသာတရားများလည်း ဖြစ်ပွားလာကြပါသည်။

## ဝိဇ္ဇာဉာဏ်အလင်းဓာတ်

ထို့ကြောင့် ကိလေသာတရားများအားလုံး၏ မြစ်ဖျားခံရာ အဝိဇ္ဇာ မောဟစိတ်ကိုဖြစ်ပေါ်ခွင့်ပင် မရနိုင်အောင် ပရမတ္ထတရား ၄-ပါးကို အမှန်အတိုင်းသိသည့် ဝိဇ္ဇာဉာဏ် အလင်းဓာတ် ပညိန္ဒြေမဂ်စိတ်ဖြစ်ပေါ်ရန် လိုအပ်ပါသည်။ဝိဇ္ဇာဉာဏ်အလင်းဓာတ်ဖြစ်ပေါ်သည်နှင့် တစ်ပြိုင်နက် အဝိဇ္ဇာအမှောင်ထုသည် ပျောက်ကွယ်ချုပ်ငြိမ်းရပြီး အတ္တမဟုတ်ဘဲ အတ္တဟုလွဲမှားသော အယူအစွဲ ဒိဋ္ဌိနှင့်တကွ အတ္တကိုကပ်ငြိခြင်း လောဘကိလေသာ၊ အတ္တအတွက် ဆန့်ကျင်ပြစ်မှားခြင်း ဒေါသကိလေသာ၊ ထောင်လွှားခြင်း မာနကိလေသာ၊ ပျံ့လွင့်ခြင်း ဥဒ္ဓစ္စကိလေသာ စသည့်ကိလေသာ တရားတို့သည်လည်း ဖြစ်ပေါ်ခွင့် မရကြတော့ပါ။

## ဘုရားရှင်တို့သည် အကြောင်းတရား၌သာ ကျင့်သုံးသည်

ဝိဘင်းအဋ္ဌကထာ၌ **'တထာဂတာ ဟေတုံ ပဋိပဇ္ဇန္တိ၊ န ဖလေ'**ဟု ဟောကြားတော်မူခဲ့ပါသည်။ **တထာဂတာ**၊ ဘုရားရှင်တို့သည်။ **ဟေတုံ**၊ အကြောင်း တရား၌သာ။ **ပဋိပဇ္ဇန္တိ**၊ ကျင့်သုံးတော်မူကြပါသည်။ **ဖလေ**၊ အကျိုးတရားတို့၌။ **န ပဋိပဇ္ဇန္တိ**၊ ကျင့်သုံးတော်မမူကြချေ"ဟူ၍ ဖြစ်ပါသည်။ မြေခွေးကို ခဲဖြင့်ပေါက်ရာ မြေခွေးသည် ခဲကိုသာ လိုက်လံကိုက်သဖြင့် ခဲပေါက်ခံရမှု မဆုံးနိုင် ဖြစ်ရပါသည်။ ခြင်္သေ့ကို မြားဖြင့်ပစ်ရာခြင်္သေ့သည် မြားကို ဂရုမပြုဘဲ ပြစ်သူကိုသာ ဟောက်သတ်သဖြင့် မြားပစ်မခံရသကဲ့သို့ဖြစ်ပါသည်။

## ဒိဋ္ဌိငါ၊ တဏှာငါ၊ မာနငါ

အတ္တဒိဋ္ဌိအယူအစွဲဖြစ်ပေါ်ပါက ယင်းအတ္တကိုပင် သိမ်းပိုက်တွယ်တာ ကပ်ငြိသော တဏှာသည်လည်း ဖြစ်ပေါ်လာလေသည်။ ယင်းကိုတဏှာ၊ ငါဟု သုံးစွဲပြောဟောကြပါသည်။ တဏှာသည် ၃-မျိုးရှိပါသည်။ **ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ**တို့ ဖြစ်ပါသည်။ ယခုဘဝအတွင်း အတ္တငါကောင်းစားရေးအတွက် ကာမဂုဏ်အာရုံများကို လိုက်စားပါသည်။ အတ္တကောင်းစားရေးအတွက် အကုသိုလ် ဒုစရိုက်များကို ပြုပါသည်။ ကာမတဏှာ ဖြစ်ပါသည်။

created using
BCL easyPDF
Printer Driver
Click here to purchase a license to remove this image

နောက်ဘဝများတွင် အတ္တကောင်းစားရေးအတွက် ကုသိုလ်ကောင်းမှုများကို ကြိုးစားပြုပါသည်။ သားကောင် များ ကိုသတ်၍ ယဇ်ကြီးပူဇော်မှုနှင့် ယဇ်ငယ်ပူဇော်မှုများကို ပြုကြပါသည်။ မကောင်းမှုဒုစရိုက်များကို ရှောင်ကြဉ်ကြပါသည်။ ဘဝတဏှာပင်ဖြစ်ပါသည်။

ဘဝတည်းဟူသော ဆင်းရဲအပေါင်းတို့မှ အတ္တငါ လွတ်မြောက်ရေးအတွက် သီလဗ္ဗတပရာမာသ၊ အတ္တကိလမထာနုယောဂ မိမိကိုယ်ကို အဖန်တလဲလဲ ဆင်းရဲစေတတ် သောအကျင့်တို့ကို ပြင်းထန်စွာ ကျင့်ပါသည်။ ဝိဘဝတဏှာ ဖြစ်ပါသည်။

တရားနယ်ပယ်တွင် သုံးနှုန်းပြောဟောကြသော မာန ငါ ရှိပါသေးသည်။ ကိုယ်ကာယဖြင့် ပြုလုပ်အပ်သော ကာယကံ၊ နှုတ်ဖြင့်ပြောဆိုအပ်သော ဝစီကံ၊ စိတ်ဖြင့် တွေးတော ကြံစည်အပ်သော မနောကံတို့နှင့် ပတ်သက်၍ ငါတည်းဟူ သောစိတ်နေဘဝင်မြင့်မား ဝင့်ကြွားထောင်လွှားခြင်း ဖြစ်ပါသည်။ ယင်းကို မာနငါဟု ခေါ်ပါသည်။

ဤဒိဋ္ဌိငါ၊ တဏှာငါ၊ မာနငါ၊တရား ၃-ပါးကို ပပဉ္စတရားမကောင်းသဖြင့် ကျင်လည်စေသောတရားဟု ဟောကြားတော်မူပါသည်။ ဤဒိဋ္ဌိငါ၊ တဏှာငါ၊ မာနငါ တရားများသည် ကိလေသာတရားများ၊ သံယောဇဉ် တရားများပင် ဖြစ်ပါသည်။ ပယ်ရမည့်တရားများဖြစ်ပါသည်။

## သညာငါနှင့် ဝိညာဏ်ငါများ ပယ်ရန်မဟုတ်

ဤနေရာတွင် အထူးဖော်ပြရန်လိုအပ်သည်မှာ မြင်မှု၊ ကြားမှု၊ နံမှု၊ စားမှု၊ ထိမှု၊တွေးကြံမှုများ နေ့စဉ် ဘဝအတွင်း မရေမတွက်နိုင်အောင် ဖြစ်ပေါ်ပါသည်။ ထို့ပြင် နေ့စဉ်ဘဝ အတွင်း ကြံစည်မှု၊ ပြောဆိုမှု၊ လုပ်ကိုင် ဆောင်ရွက်မှု၊ အသက်မွေးမှုတို့ကိုလည်း မရပ်မနားအများ အပြား ပြုလုပ် ကြပါသည်။ ငါမြင်သည်၊ ငါကြားသည်၊ ငါနံသည်၊ ငါစားသည်၊ ငါထိတွေ့သည်၊ ငါကြံစည်တွေးတောသည်၊ ငါပြောဆိုသည်၊ ငါပြုလုပ်သည်ဟု သာမာန် အားဖြင့် ဖြစ်ရိုး ဖြစ်စဉ် “ငါ”ဟု မှတ်သားမှု သညာစိတ်များ ဖြစ်ပေါ်ခြင်း၊ “ငါ”ဟုသိမှု ဝိဉာဏ်စိတ်များ ဖြစ်ပေါ်ခြင်း တို့သည် ဖောက်ပြန်မှားယွင်းသည့်စိတ်များ မဟုတ်ပါ။ ဘုရားရဟန္တာစသည့်အရိယာ အရှင်မြတ်များလည်း ငါဟုမှတ်သားမှုသညာ၊ ငါဟုသိမှု ဝိညာဏ်စိတ်များကို ပယ်တော်မမူကြပါ၊ သမုတိသစ္စာ နယ်ပယ် ဖြစ်ပါသည်။

## ကိလေသာတရားများနှင့် ပတ်သက်၍ ထုတ်နှုတ်ချက်

ကိလေသာတရားများနှင့်ပတ်သက်၍ အောက်ပါ အချက်အလက်များကို ထုတ်နှုတ်ရရှိပါသည်။

၁။ အကုသိုလ်စေတသိက်များတူလေးတူဖြင့် အတူတကွ ယှဉ်တွဲဖြစ်ပေါ်သော ပူလောင်ညစ်နွမ်းသည့် အကုသိုလ်စိတ်များကိုကိလေသာစိတ်များ ဟုခေါ်ပါသည်။

၂။ စိတ်သည် ပင်ကိုယ်ပကတိအားဖြင့် စင်ကြယ်သန့်ရှင်း၍ကြည်လင်တောက်ပသောသဘောရှိပါသည်။

၃။ စင်ကြယ်သောစိတ်များကို ဝိညာဏစရိယဟုလည်းကောင်း၊ သိမြင်သောဉာဏ်ကို ဉာဏစရိယဟု လည်းကောင်း၊ ယင်းစိတ်များ၏ စင်ကြယ်မှုသဘောကို မသိမမြင်ခြင်း ကိုအဉာဏစရိယဟုလည်းကောင်း တရားနယ်ပယ်တွင် သုံးနှုံးပါသည်။

၄။ အကုသိုလ်စိတ်များတွင် ယှဉ်တွဲဖြစ်ပေါ်သည့် စေတသိက်တရားများ၏ တရားကိုယ်များကိုယူ၍ ကိလေသာတရား ၁၀-ပါးဖြင့်လည်းကောင်း သံယောဇဉ် ၁၀-ပါး၊ အာသဝ ၄-ပါး၊ ဩဃ ၄-ပါး၊ ယောဂ

created using BCL easyPDF Printer Driver
Click here to purchase a license to remove this image

၄-ပါး၊ ၈- ၄-ပါး၊ ဥပါဒါန်၄-ပါးဖြင့် လည်းကောင်း အမည်အမျိုးမျိုး ဖော်ပြတော်မူပါသည်။

၅။ အကုသိုလ်စိတ်ဖြစ်သော ကိလေသာစိတ်တရားများသည်အခြားသောစိတ်များကဲ့သို့ပင် အရှိတရားများ မဟုတ်ကြပါ၊ အဖြစ်တရားများ ဖြစ်ကြပါသည်။

၆။ လောဘစိတ် လောဘကိလေသာ၊ ဒေါသစိတ် ဒေါသကိလေသာ၊ မာနစိတ် မာနကိလေသာတို့ ဖြစ်ပေါ်ကြပုံကို ဥပမာအနေဖြင့် ဆင်ခြင်နိုင်ပါသည်။ ကိလေသာစိတ်များသည်လည်း စိတ်အား လုံးကဲ့သို့ ပင် ဖြစ်၊ ကုန်၊ မရှိတရားများ ဖြစ်ပါသည်။

၇။ အတိတ်၌ဖြစ်ခဲ့ပြီးသော ပစ္စုပ္ပန်၌ ဖြစ်ဆဲဖြစ်သော အနာဂတ်၌ ဖြစ်လတ္တံ့ဖြစ်သော ကိလေသာတရား တို့ကို မပယ်သတ်နိုင်ပါ။

၈။ ကာယဒုစရိုက်နှင့်ဝစီဒုစရိုက်တရားတို့သည် ဝီတိက္ကမကိလေသာတရားများဖြစ်၍ မနော ဒုစရိုက်တရား တို့သည် ပရိယုဋ္ဌာနကိလေသာတရားများ ဖြစ်ပါသည်။ အကုသိုလ်စိတ်များ ဖြစ်ပေါ်လာခြင်းကို ဆိုပါ သည်။

၉။ အနုသယကိလေသာဆိုသည်မှာဖြစ်ပြီး၊ဖြစ်ဆဲ၊ ဖြစ်လတ္တံ့သောအကုသိုလ်စိတ်များဖြစ်ပေါ်နိုင်ခွင့် အလားအလာ အခြေအနေကို ဆိုလိုခြင်းဖြစ်ပါသည်။

၁၀။ အနုသယကိလေသာတရား ၇-ပါးရှိပါသည်။

၁၁။ လောဘ၊ဒေါသ၊မောဟစသော အကုသိုလ်စိတ်များ မနောကံအနေဖြင့် ဖြစ်ပေါ်မှုကို ပရိယုဋ္ဌာနကိလေ သာဟုခေါ်ပါသည်။ ယင်းစိတ်များ အားကြီး၍ ဝစီကံအနေဖြင့်ဖြစ်ပေါ်မှု၊ ကာယကံအနေဖြင့် ဖြစ်ပေါ်မှုများကို ဝီတိက္ကမကိလေသာဟု ခေါ်ပါသည်။ ယင်းတို့ကိုအနုသယကိလေသာဟုမခေါ်ပါ။

၁၂။ မောဟစိတ်များမဖြစ်ပေါ်မီပဥ္စဒွါရဝီထိစိတ်များနှင့် သုဒ္ဓမနောဒွါရဝီထိစိတ်များ အစဉ်အတိုင်းဖြစ်ကြပါ သည်။

၁၃။ ပဥ္စဒွါရိကဝီထိစိတ်များသည် ပရမတ်ကို အာရုံပြုသော်လည်း မနောဒွါရိကဝီထိစိတ်များဖြစ်သော အခါ ဒြပ်သဏ္ဌာန်၊ ပညတ်လောက၊ သမုတိလောက၊ သညာဝိညာဏ်နယ်ပယ်လောကကြီး ပေါ်ပေါက် လာပါသည်။ ကိလေသာဖြစ်ရန် အခင်းအကျင်းကို ဖန်တီးပေးသကဲ့သို့ ဖြစ်ပါသည်။

၁၄။ ဒြပ်သဏ္ဌာန်၊ ပညတ်နိမိတ်များကို အာရုံပြု၍ သုဒ္ဓ မနောဒွါရဝီထိစိတ်များ ဖြစ်ပေါ်ပြီးနောက် (ဝါ) ပညတ်အာရုံသိစိတ်များ ဖြစ်ပေါ်ပြီးနောက် မောဟကိလေသာမှအစ အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ၊ ဝိစိ ကိစ္ဆာ ကိလေသာများနှင့် လောဘ၊ဒေါသ၊မာန၊ ထိန၊ ဥဒ္ဓစ္စ၊အဟိရိက၊ အနောတ္တပ္ပစသည့် ကိလေသာတရားတို့ ဖြစ်ပေါ်ကြပါသည်။

၁၅။ ကိလေသာတရားများကို တဏှာမာနဒိဋ္ဌိဟူသော ပပဥ္စတရား ၃-ပါး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တဏှာစိတ်ကို ငါဟု စွဲလမ်းခြင်း၊ ဒိဋ္ဌိစိတ်ကို ငါဟု စွဲလမ်းခြင်း၊ မာနစိတ်ကို ငါဟု စွဲလမ်းခြင်းဟူသော "ငါ"၃-မျိုး ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောကြားကြပါသည်။

၁၆။ "ငါ"ဟု မှတ်သားမှု အမှတ်သညာစေတသိက်နှင့် "ငါ"ဟုသိမှုစိတ်ဝိဉာဏ်တို့သည် ပယ်သတ်ရမည့် ကိလေသာတရားများ မဟုတ်ပါ၊ သမုတိသစ္စာအသုံး သစ္စာတရားများသာ ဖြစ်ပါသည်။ ဘုရားရဟန္တာ စသည့်အရိယာအရှင်များပင် ပယ်တော်မမူကြပါ။

created using
BCL easyPDF
Printer Driver
Click here to purchase a license to remove this image

## ဝိပဿနာဉာဏ်၏ အဓိပ္ပါယ်

ဝိပဿနာဉာဏ်ဆိုသည်မှာ **“အနိစ္စာဒိဝသေန ဝိဝိဓေဟိ ခမ္မေ ပဿတီတိ ဝိပဿနာ ပညာယေ တံနာမံ”**အနိစ္စစသည်၏ အစွမ်းအားဖြင့် အထူးထူး အပြားပြားကုန်သော အချင်းအရာတို့ဖြင့် သဘောတို့ကို ရှုမှတ်တတ်သောကြောင့် ဝိပဿနာမည်၍ ပညာစေတသိက်ကိုကောက်ရပါသည်”ဟု ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာတွင် ဖော်ပြပါသည်။

ဗုဒ္ဓရှင်တော်မြတ်သည် သစ်တပရမတ်တရားများဖြစ်သော စိတ်စေတသိက်ရုပ်တရားများ၏ သဘော သဘာဝများ ယင်းတရားတို့ ဖွဲ့စည်းဖြစ်ပေါ်ပုံ အချင်းအရာအ မျိုးမျိုးကို ရုပ်တရား နာမ်တရားဟု နှစ်မျိုးနှစ်စုပြု၍ ရုပ်နာမ်နှစ်ပါးတရားဟု ဖွဲ့စည်းဟောကြားတော်မူခဲ့ပါသည်။

ရူပခန္ဓာ၊ ဝေဒနာခန္ဓာ၊ သညာခန္ဓာ၊ သင်္ခါရခန္ဓာ၊ ဝိညာဏ ခန္ဓာဟု ငါးဖို့ငါးစုပြု၍ ခန္ဓာ ၅-ပါးတရားဟု လည်း ဖွဲ့စပ်ဟောကြားတော်မူသည်။ မျက်စေ့၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်စိတ်ဟူသော အတွင်းအာယတနတရား ၆-ပါးနှင့် အဆင်း၊ အသံ၊ အနံ့၊ အရသာ အတွေ့အထိဓမ္မာရုံ ဟူသော အပြင်အာယတနတရား ၆-ပါးဟု ဖွဲ့စပ်၍လည်း အာယတန ၁၂-ပါး ခေါင်းစဉ်ဖြင့် ဟောကြားတော်မူခဲ့ပါသည်။

အတွင်းအာယတန ၆-ပါးကို အခံဓာတ် ၆-ပါး ဟုလည်းကောင်း၊ အပြင်အာယတန ၆-ပါးကို အတိုက် ဓာတ် ၆-ပါးဟုလည်းကောင်း၊ အခံဓာတ်နှင့်အတိုက်ဓာတ် တို့ကို အကြောင်းပြု၍ဖြစ်ပေါ်လာသော မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်(ရသာသိစိတ်)ထိသိစိတ်နှင့် ကြံစိတ်တို့ကို အပေါ်ဓာတ် ၆-ပါးဟုလည်းကောင်း၊ ဓာတ် ၁၈-ပါးဖြင့်လည်း ဖွဲ့စပ်ဟောတော်မူခဲ့ပါသည်။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ အစရှိသည့် ပဋိစ္စသမုပ္ပါဒ်တရားတော်ဖြင့် လည်း ဖွဲ့စပ်ဟောကြားတော်မူခဲ့ပါသည်။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာဟူသော သစ္စာ ၄-ပါးတရားတော်ဖြင့်လည်း ဖွဲ့စပ်ဟောကြားတော်မူခဲ့ပါသည်။ ဤသစ်တပရမတ်တရားတွင် ပါဝင်သည့်တရားများ အားလုံးတို့သည်ဖြစ်၊ ကုန်မရှိတရားများ ဖြစ်သည့်အလျောက် မမြဲခြင်း အနိစ္စလက္ခဏာကိုလည်းကောင်း၊ ဖြစ်မှုပျက်မှုတို့ဖြင့် အဖန်ဖန်နှိပ်စက်သည့်အတွက် ဆင်းရဲခြင်း ဒုက္ခလက္ခဏာကိုလည်းကောင်း ပိုင်ဆိုင်သူကင်း၍ အလိုသို့ မလိုက်မပါ အစိုးမရသော အနတ္တလက္ခဏာကိုလည်းကောင်း ထင်မြင်ရန် နှလုံးသွင်းဆင်ခြင်ပွားများ လေ့ကျင့်ရန်လိုအပ်ပါသည်။

## ရုပ်တရား၏ ဒြပ်သဏ္ဍာန် ပညတ်နိမိတ်

မျက်စိ၊နား၊ နှာခေါင်း၊ လျှာ၊ကိုယ်၊စိတ်တည်း ဟူသော အာရုံခံကြိယာများအရ တွေ့ထိသိရှိရသည့် ဖြူ၊ နီ၊ ပြာ၊ ဝါစသည်အရောင်းအဆင်းအမျိုးမျိုး ကျေးသံ၊ ငှက်သံ၊ တူရိယာသံစသည် အသံအမျိုးမျိုး၊ အမွှေးနံ့သာ စသည့် အနံ့အမျိုးမျိုး၊ ချို၊ ချဉ်၊ ဖန်၊ ငံ၊ စပ်၊ ခါးစသည့် အရသာ အမျိုးမျိုး၊ ပိုး၊ ဖဲ၊ ကတ္တီပါ စသည်အနုအကြမ်း အတွေ့အထိအမျိုးမျိုးအပါအဝင် နေ ၊လ၊ နက္ခတ်၊ တာရာ၊ ဂြိုဟ်၊ ကမ္ဘာ များ၊ ရေ၊ မြေ၊ တော တောင်၊ ပင်လယ်၊ သမုဒ္ဒရာများ စသည်တို့သည် ရုပ်တရားများ၏ အစုအဝေးကြောင့်ဖြစ်ပေါ်လာသည့် ဒြပ်သဏ္ဍာန် ပညတ်နိမိတ်တရားများသာ ဖြစ်ပါသည်။

created using BCL easyPDF Printer Driver
Click here to purchase a license to remove this image

## ရုပ်နာမ်တရား၏ အသွင်သဏ္ဍာန်ပညတ်နိမိတ်

ရေမျိုး၊ ကုန်းမျိုး၊ သတ္တဝါအနန္တစသည်တို့မှာလည်း ရုပ်တရားနာမ်တရားများ၏ အစုအဝေး အသွင်သဏ္ဍာန် ပုဂ္ဂလ သတ္တပညတ်နိမိတ်တရားများသာ ဖြစ်ပါသည်။ မပျက်မစီး အရှိတရားမျိုးမဟုတ်ပေ၊ ထို့ကြောင့် ဝိပဿနာ ရှုရာတွင် ပညတ်တရားများကို ဉာဏ်ဖြင့် ခွါလှန်၍ ပရမတ်တရားများကိုသာ ရှုမှတ်ဆင်ခြင်ရပါမည်။

ရုပ်တရား နာမ်တရားတို့ကို ဝိပဿနာရှုမှတ် ဆင်ခြင် ပွားများနိုင်ရန် အကျဉ်းချုပ်ဖော်ပြအပ်ပါသည်။

## အသံရုပ်တရား

မာကျောသော လက်ဖဝါးနှစ်ဖက်ကို ခပ်ခုံးခုံးပြု၍ အရှိန်အဟုန် ပြင်းပြင်းတီးခပ်ပါက ကြယ်လောင်သော အသံ ဖြစ်ပေါ်လာပါသည်။ ထိုအသံ(သဒ္ဒရုပ်ပရမတ်)သည် အကြောင်းကင်း၍ အလိုလိုဖြစ်ပေါ်လာသည် မဟုတ်ပါ။ လက်ဖဝါးနှစ်ခု၊ အဟုန်ပြင်းသည့် လှုပ်ရှားမှု၊ လက်ဖဝါး တစ်ခုနှင့်တစ်ခု ထိခိုက်မှုစသော အကြောင်းများကို အမှီပြု၍ အသစ်စက်စက်ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။ ယင်းအသံသည် မဖြစ်ပေါ်မီက လုံးဝရှိနှင့်ပြီး မဟုတ်ဘဲ ပျက်သုဉ်း ပျောက်ကွယ်ပြီးနောက်လည်း လုံးဝအကြွင်းအကျန်မရှိတော့ ပါ။ ဖြစ်အစပျက်အဆုံးရှိသော ရုပ်တရားအစုဖြစ်ပါသည်။ ယင်းအသံသည် အဋ္ဌကလာပ်ရုပ် ၈-ပါးနှင့် သဒ္ဒရုပ် ၁-ပါး ပေါင်း၍ ကလာပ်စည်း ၉-ပါး တို့ဖြင့် ဖွဲ့စည်းဖြစ်ပေါ်သော ရုပ်တရားအစု ဖြစ်ပါသည်။ တစ်ခုမဟုတ်ပါ။

ထို့ကြောင့် ယင်းအသံရုပ်တရားအစုသည် မမြဲသော အနိစ္စတရား၊ ဖြစ်မှုပျက်မှုသဘောတို့ နှိပ်စက် အပ်သဖြင့် ဆင်းရဲသောဒုက္ခတရား၊ အလိုသို့မလိုက် အကြိုက်သို့မပါသောကြောင့်အစိုးမရသော အနတ္တတရားတို့ပါတကားဟု သုံးသပ်ဆင်ခြင်အပ်ပါသည်။

## ကြားသိစိတ်နာမ်တရား

အထက်တွင်ဖော်ပြအပ်သော အသံ(သဒ္ဒရုပ် ပရမတ်) နှင့် နားအကြည်ရုပ်တို့ကို အမှီပြု၍ ကြားစိတ် (နာမ်တရား) သည် ယှဉ်ဘက်စေတသိက်များနှင့် တစ်ပြိုင်နက်ဖြစ်ပေါ် ပါသည်။ တစ်ခုသဘော မဟုတ်ပါ။ အစုသဘောသာ မှန်ပါသည်။ ဤကြားစိတ်သည် အကြောင်းကင်း၍ အလိုလို ဖြစ်လာသည် မဟုတ်ပါ။ ပျက်သုဉ်းပျောက်ကွယ် ပြီးနောက်၌ လည်း လုံးဝအကြွင်း အကျန်မရှိပါ ဖြစ်အစ ပျက်အဆုံးရှိသော နာမ်တရားအစု ဖြစ်ပါသည်။

ထို့ကြောင့် ယင်းကြားသိစိတ်နာမ်တရားအစုသည် မမြဲသော အနိစ္စတရား ဖြစ်မှုပျက်မှုသဘောတို့ နှိပ်စက် အပ်သဖြင့် ဆင်းရဲသောဒုက္ခတရား အလိုသို့မလိုက် အကြိုက် သို့မပါသောကြောင့် အစိုးမရသော အနတ္တတရားတို့ပါတကားဟု ဟုတ်တိုင်းမှန်စွာ အကြိမ်ကြိမ်အထပ်ထပ် သုံးသပ်ဆင်ခြင်အပ်ပါသည်။

အဆင်းရုပ်တရားနှင့် မြင်သိစိတ် နာမ်တရားတို့ကိုလည်းကောင်း၊ အနံ့ရုပ်တရားနှင့် နံသိစိတ် နာမ်တရားတို့ကိုလည်းကောင်း အရသာရုပ်တရားနှင့် စားသိစိတ် (ရသာသိစိတ်) နာမ်တရားတို့ကိုလည်းကောင်း၊ အတွေ့အထိ ရုပ်တရားနှင့် ထိသိစိတ်နာမ်တရားတို့ကိုလည်းကောင်း၊ တွေးကြံစရာ ဓမ္မာရုံတရားများနှင့် ကြံသိစိတ်နာမ်တရားများကိုလည်းကောင်း၊ အလားတူ တိုးချဲ့နားလည်၍ မမြဲသော အနိစ္စတရား၊ ဖြစ်မှုပျက်မှုတို့

created using BCL easyPDF Printer Driver
Click here to purchase a license to remove this image

နိုက်စက်အပ်သဖြင့် ဆင်းရဲသော ဒုက္ခ တရား၊ အလိုသို့မလိုက် အကြိုက်သို့ မပါသောကြောင့် အစိုးမရသောအနတ္တ တရားတို့ပါတကားဟု ဟုတ်တိုင်းမှန်စွာ အကြိမ်ကြိမ်အထပ်ထပ် သုံးသပ်ဆင်ခြင်အပ်ပါသည်။

အထူးဖော်ပြလိုသည်မှာ မြင်၊ကြား၊ နံ၊စား၊ ထိ၊တွေး စိတ်များ(နာမ်တရားများ)သည် အကြွင်းအကျန်လုံးဝ မရှိအောင် ပျက်သုဥ်းကုန်ဆုံးကြသည်ဟု နားလည်လက်ခံ ကြသော်လည်း လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိစသောအကုသိုလ်စိတ်များနှင့် ဒါန၊သီလ၊ဘာဝနာ၊သဒ္ဓါ၊ မေတ္တာ၊ ကရုဏာစသော ကုသိုလ်စိတ်များသည်လည်း လုံးဝအကြွင်း အကျန်မရှိအောင် ပျက်သုဥ်းကုန်ဆုံးကြသည်ဟု နားလည်လက်ခံနိုင်ရန် အလွန်ပင်ခက်ခဲလှ လေသည်။ ဖြစ်ပျက်သင်္ခါရမျိုးနှင့် ဖြစ်မပျက် သင်္ခါရမျိုးဟု နှစ်မျိုးနှစ်စားရှိနေသကဲ့သို့ ထင်မှတ်ကြပါသည် အမှန်မှာ ရုပ်နာမ်သင်္ခါရ တရားဟူသမျှသည် တစ်မျိုးတစ်စားတည်းသာရှိ၍ ဖြစ်ကုန်မရှိသဘောပင် ဖြစ်ပါသည်။

## သင်္ခတသုံးပါး၏ ပေါင်းစပ်ဖွဲ့စည်းမှုကြောင့် စိတ် ၈၉-ပါးနှင့် ရုပ် ၂၈-ပါးဖြစ်ပုံ

မိမိအပါအဝင် ပတ်ဝန်းကျင်အသွင်သဏ္ဌာန် လောကအားလုံးကို မြတ်စွာဘုရားရှင်၏ သဗ္ဗညုတ ဉာဏ်တော်ဖြင့် အနှစ်ချုပ်၍ ဝေဖန်သုံးသပ်ပါက စိတ်စေတသိက် ရုပ်ဟူသော ပရမတ္ထတရား ၃-ပါးသာလျှင် ရရှိပါသည်။ ဤပရမတ်တရား ၃-ပါးကို အခြေပြု၍ ကမ္မနိယာမ၊ စိတ္တနိယာမ၊ ဥတုနိယာမ၊ ဗီဇနိယာမ၊ ဓမ္မနိယာမဟူသော နိယာမတရား ၅-ပါးအားလျော်စွာ ပေါင်းစပ်ဖွဲ့စည်းဖြစ်ပေါ်လာသည့်စိတ် ၈၉-ပါးနှင့် ရုပ် ၂၈-ပါးတို့သာ ဖြစ်ကြပါ သည်။

## ဝိပဿနာဉာဏ်စဉ် ၁၀-ပါး

ဝိပဿနာဉာဏ်စဉ် ၁၀-ပါးရှိရာ ယင်းတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ **သမ္မသနဉာဏ်** - ရုပ်နာမ်တရားကိုယ်သဘော များကို သုံးသပ်သောဉာဏ်
၂။ **ဥဒယဗ္ဗယဉာဏ်** - ရုပ်နာမ်တို့၏ ဖြစ်မှုပျက်မှုကို ရှုသောဉာဏ်
၃။ **ဘင်္ဂဉာဏ်** - ရုပ်နာမ်တို့၏ ပျက်မှုကို ရှု သောဉာဏ်
၄။ **ဘယဉာဏ်** - ရုပ်နာမ်သင်္ခါရတရားတို့ကို ဘေးဟု ရှုသောဉာဏ်
၅။ **အာဒီနဝဉာဏ်** - ရုပ်နာမ်တရားတို့၏ အပြစ်ကိုရှုသောဉာဏ်
၆။ **နိဗ္ဗိဒါဉာဏ်** - ရုပ်နာမ်တရားတို့အပေါ် ငြီးငွေ့သောဉာဏ်
၇။ **မုစ္စိတုကမျတာဉာဏ်** - ရုပ်နာမ်တရားတို့၏ဘေးမှ လွတ်မြောက်လိုသောဉာဏ်
၈။ **ပဋိသင်္ခါဉာဏ်** - လွတ်ခြင်းငှာ ရုပ်နာမ်တို့ကို တစ်ဖန်ရှုသောဉာဏ်
၉။ **သင်္ခါရုပေက္ခာဉာဏ်** - ရုပ်နာမ်တို့၏ ဖြစ်ပျက်မှုကို လျစ်လျူပြုသောဉာဏ်
၁၀။ **အနုလောမဉာဏ်** - ဗောဓိပက္ခိယတရား ၃၇-ပါး တို့နှင့်လျော်သောဉာဏ်

## ဉာဏ်စဉ် ၁၃-ပါးဖြင့် ဟောကြားပုံ

အထက်ပါဝိပဿနာဉာဏ်စဉ်၁၀-ပါးနှင့် ဂေါတြဘူ ဉာဏ် ၁-ပါး မဂ်ဉာဏ် ၁-ပါး၊ ဖိုလ်ဉာဏ် ၁-ပါးတို့ကို ဆက်၍ဉာဏ်စဉ် ၁၃-ပါးဟုလည်း ဟောကြားတော်မူကြပါသည်။

**၁။ ဂေါတြဘူဉာဏ်** -ပုထုဇဉ်အနွယ်ကိုဖြတ်သောဉာဏ်

created using BCL easyPDF Printer Driver
Click here to purchase a license to remove this image

၂။ **မဂ်ဉာဏ်** - အသင်္ခတနိဗ္ဗာန်ကို ဉာဏ်မျက်စေ့ဖြင့် မျက်မှောက်ပြုသိမြင်သောဉာဏ်။

၃။ **ဖိုလ်ဉာဏ်** - အထက်ဖော်ပြပါ မဂ်ဉာဏ်၏အကျိုးတရားအဖြစ် အသင်္ခတနိဗ္ဗာန်ကို နှစ်ကြိမ် (သို့မဟုတ်) သုံးကြိမ်ဆက်ကာ အာရုံပြု၍ဖြစ်သောဉာဏ်။

## ဉာဏ်စဉ် ၁၆-ပါးဖြင့် ဖွဲ့စပ်ဟောကြားပုံ

ဤဉာဏ်စဉ် ၁၃-ပါးအပြင် ဝိပဿနာဉာဏ်စဉ် ၁၀-ပါး၏ရှေ့၌ ဉာဏ်စဉ် ၂-ပါးဖြည့်၍လည်းကောင်း၊ ဖိုလ်ဉာဏ်၏နောက်၌ ဉာဏ်စဉ်၁-ပါးဖြည့်၍လည်းကောင်း၊ ဉာဏ်စဉ် ၁၆-ပါးအနေဖြင့်လည်း ရေတွက်ဟောကြားတော်မူပါသည်။ ဝိပဿနာဉာဏ်စဉ် ၁၃-ပါး၏ရှေ့မှဉာဏ်စဉ် ၂-ပါးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ **နာမရူပပရိစ္ဆေဒဉာဏ်** - စိတ်စေတသိက် (နာမ်) တရားတို့၏ သဘောသဘာဝနှင့် ရုပ်တရားတို့၏ သဘောသဘာဝတို့ကို သိသောဉာဏ်၊ ဤကားရုပ်၊ ဤကား နာမ်ဟု ခွဲခြားသိသောဉာဏ်။

၂။ **ပစ္စယပရိဂ္ဂဟဉာဏ်** - စိတ်စေတသိက် နာမ်တရားများ ဖြစ်ပေါ်ရသည့်အကြောင်းအထောက်အပံ့တရားများကိုလည်းကောင်း၊ ရုပ်တရားများ ဖြစ်ပေါ်ရသည့် အကြောင်းအထောက်အပံ့တရားများကိုလည်းကောင်း ဆင်ခြင်သိမ်းဆည်းသောဉာဏ် ဖြစ်ပါသည်။

ဖိုလ်ဉာဏ်၏နောက်၌ ဉာဏ်စဉ်တစ်ပါးထပ်မံ၍ ထည့်သွင်းဟောကြားပါသည်။ ၁။ ပစ္စဝေက္ခဏာဉာဏ် အဖန်ဖန်ဆင်ခြင်တိုင်း သိမြင်သောဉာဏ်ဖြစ်ပါသည်။

## ဥဒယဗ္ဗယဉာဏ်သည်ပင် ဝိပဿနာဉာဏ်စဉ် ၁၀-ပါးဖြစ်ပုံ

မစိုးရိမ်ဋီကာကျော်အဖြေကျမ်းအရ ရုပ်တရား နာမ်တရားတို့၏ ဖြစ်မှုပျက်မှုကို သိမြင်သော ဥဒယဗ္ဗယ ဉာဏ်ကို ဝိပဿနာဉာဏ်စဉ် ၁၀-ပါးဖြစ်ကြောင်း ဖော်ပြပါသည်။ စိတ် ၈၉-ပါးအနက် စိတ်တရားအစု တစ်ခု ဖြစ်သော ဝိညာဏခန္ဓာ၊ ဖြစ်ပေါ်ရာတွင် စေတသိက်တရားများလည်း ပေါင်းစပ်ပါဝင် ဖြစ်ရသကဲ့သို့ ရုပ် ၁၈-ပါးအနက် ရုပ်ခန္ဓာ ၁-ပါးဖြစ်ပေါ်ရာတွင်လည်း မဟာဘုတ် ၄-ပါးနှင့် ဥပါဒါရုပ်များ ပေါင်းစပ်ပါဝင်ဖြစ်ရကြောင်း တို့ကြောင့် တစ်ခုသဘော အတ္တမဟုတ်ဘဲ အစုသဘော အနတ္တသာဖြစ်ကြောင်းတို့ကို သင်္ခတ ပရမတ်တရားများ အကြောင်းတွင် ရှင်းလင်းဖော်ပြပြီး ဖြစ်ပါသည်။ ထို့ပြင် ပေါင်းစည်းမိသည့်အခိုက်တွင်သာ ဖြစ်ပေါ်၍ တစ်မုဟုတ် ခြင်းပင် ပျက်သုဉ်းကုန်ဆုံးကြောင်းလည်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ဖြစ်ခြင်း၊ ပျက်ခြင်းကိုပင် အနိစ္စ လက္ခဏာ၊ ဖြစ်ခြင်းပျက်ခြင်းကိုပင် ဒုက္ခလက္ခဏာ၊ ဖြစ်ခြင်း ပျက်ခြင်းကိုပင် အနတ္တလက္ခဏာ၊ ဖြစ်ခြင်းပျက်ခြင်းကိုပင် အသုဘလက္ခဏာပါတကားဟု ဉာဏ်ဖြစ်ပေါ်ခြင်းသည်ပင် ဝိပဿနာဉာဏ်၏ လိုရင်းအချက်များ ဖြစ်ပါသည်။

နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်ကိစ္စာန ဂေါတ္တသုတ်၌ "ကစ္စာနကပ်ရောက်မှု(ဥပယ)၊ ပြင်းစွာစွဲလန်းမှု (ဥပါဒါန်)၊ နစ်မြုပ်စူးဝင်မှု(အဘိနိဝေသ)တို့သည် သတ္တဝါအပေါင်းကို များသောအားဖြင့် နှောင်ဖွဲ့၏။ အရိယာ တပည့်သည်ကား ပြင်းစွာစွဲလန်းမှု(ဥပါဒါန်)ကို "ငါ၏အတ္တ"တည်းဟု မကပ် ရောက်၊ ဖြစ်ခဲ့သော်ဆင်းရဲသာဖြစ်၏။ ချုပ်ခဲ့သော် ဆင်းရဲသာချုပ်၏ဟုယုံမှားတွေးတောမှုမရှိ၊ ကိုယ်တိုင်သိ၏။ ဤမျှဖြင့် သမ္မာဒိဋ္ဌိသည်ဖြစ်၏" ဟုဗုဒ္ဓရှင်တော်မြတ် မိန့်တော်မူခဲ့ပါသည်။

created using BCL easyPDF Printer Driver
Click here to purchase a license to remove this image

## သင်္ခတပရမတ်တရားများမှထုတ်နုတ်ရရှိသည့်

## အချက်များကိုဆင်ခြင်ရန်

ဝိပဿနာဉာဏ်များ၏ အာရုံတရားများမှာ စိတ်၊ စေတသိက်၊ ရုပ်ဟူသော သင်္ခတပရမတ်အာရုံ တရားများ ဖြစ်ပါသည်။ သင်္ခတပရမတ်များနှင့်ပတ်သက်၍ ထုတ်နှုတ် ရရှိသော အချက် ၁၆-ချက်ကို ခန္ဓာတွင်ဟပ်၍ သုံးသပ် ဆင်ခြင်နှလုံးသွင်းပွားများလျှင်လည်း ဝိပဿနာဉာဏ်များ ဖြစ်ပေါ်နိုင်ပါသည်။

## မဂ်ဉာဏ်ဖိုလ်ဉာဏ်တရားများ အသင်္ခတပရမတ်ကို အာရုံပြု၍ မဂ်စိတ်များ ဖိုလ်စိတ်များ ဖြစ်ပုံ

သင်္ခတပရမတ် တရားစုဖြစ်သော ရုပ်တရား နာမ်တရားတို့၏ ဖြစ်မှုပျက်မှု သင်္ခါရနိမိတ်အာရုံတို့ကို အနုလောမဝိပဿနာဉာဏ်ဖြင့် ပြည့်စုံစွာသိရှိပြီးနောက် ယင်းဖြစ်မှုပျက်မှု သင်္ခါရနိမိတ်အာရုံတို့ကို စွန့်လွှတ်၍ သို့မဟုတ် ပုထုဇဉ်အနွယ်ကိုဖြတ်၍ နိဗ္ဗာန်သို့ရှေ့ရှုသော ဂေါတြဘူဉာဏ် ဖြစ်ပေါ်လာပါသည်။

ဂေါတြဘူဉာဏ်ဖြစ်ပေါ်ပြီးနောက် ဖြစ်ပျက်နိမိတ်တို့ ကင်းရှင်းသည့် အသင်္ခတပရမတ်နိဗ္ဗာန်ကို အာရုံပြုသော မဂ်စိတ် ဖြစ်ပေါ်ပါသည်။ မဂ်စိတ်ဖြစ်ပေါ်ပြီးနောက် ဖိုလ်စိတ်များ ဖြစ်ပေါ်လာပါသည်။ ဤနေရာတွင် "နိဗ္ဗာန်ကို ပထမဆုံးအကြိမ်သိမြင်ခြင်းကို မျက်မှောက်ပြုသည်"ဟု သုံးနှုန်း၍ နောက်ထပ်သိမြင်ခြင်းများကို **"အာရုံပြုသည်"**ဟု သုံးနှုန်းပါသည်။

## အာရုံနှင့်ကင်း၍ စိတ်မဖြစ်

အာရုံနှင့်ကင်း၍ စိတ်မဖြစ်နိုင်ပါ။ အာရုံကကျေးဇူး ပြု မှသာလျှင်စိတ်ဖြစ်နိုင်ပါသည်။ အဆင်းရူပါရုံက အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုမှသာ မြင်စိတ်ဖြစ်ပေါ်နိုင်ပါသည်။ အသံသဒ္ဒါရုံက အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုမှသာ ကြား စိတ်ဖြစ်ပေါ်နိုင်ပါသည်။ အနံ့ဂန္ဓာရုံ အရသာရသာရုံ အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံစသည်တို့က အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြု၍သာ နံစိတ်၊ ရသာစိတ်၊ ထိသိစိတ်တို့ ဖြစ်ပေါ်နိုင်ပါသည်။

အလားတူပင် အသင်္ခတပရမတ်ဖြစ်သော နိဗ္ဗာန် ဓမ္မာရုံက အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြု၍သာ မဂ်စိတ် ဖိုလ်စိတ်များ ဖြစ်ပေါ်ကြပါသည်။ စိတ် စေတသိက် ရုပ်ဖြစ်သော သင်္ခတပရမတ်ဓမ္မာရုံများက မဂ်စိတ်ဖိုလ်စိတ်များဖြစ်ရန် အာရမ္မဏသတ္တိဖြင့် ကျေးဇူးမပြုနိုင်ပါ။ သင်္ခတလောကအားလုံးတို့ကို လွန်မြောက်သောကြောင့် ဤမဂ်စိတ်ဖိုလ်စိတ်များကို လောကုတ္တရာစိတ်များဟုလည်း ခေါ်ပါသည်။

## ကိစ္စလေးချက်ကို တစ်ပြိုင်နက်ပြီးစေသည်

အသင်္ခတပရမတ်တရားကို အာရုံပြု၍ဖြစ်ပေါ်လာသော မဂ်စိတ်သည် ကိစ္စလေးပါးကို တစ်ပြိုင်နက် ပြီးစီးစေပါသည်။ နိဗ္ဗာန်ပရမတ်တရားကို မျက်မှောက်ပြုခြင်းဟူသော ပဓာနကိစ္စနှင့်တကွ၊ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်းကိစ္စ၊ သမုဒယသစ္စာကို ပယ်သတ်ခြင်းကိစ္စ၊ မဂ္ဂသစ္စာကို ပွားခြင်း ကိစ္စသုံးပါးတို့ကိုပါ ပြည့်စုံခြင်းကြောင့် **"သစ္စာလေးချက် တစ်ပြိုင်နက် မဂ်၏ကိစ္စသာ"**ဟု မိန့်ဆိုတော်မူကြခြင်း ဖြစ်ပါသည်။

created using BCL easyPDF Printer Driver
Click here to purchase a license to remove this image

သိခြင်းသည် အာရမ္မဏပဋိဝေဒနှင့် အသမ္မောဟ ပဋိဝေဒဟူ နှစ်မျိုးရှိရာ မဂ်ခဏ၌ နိရောဓသစ္စာ နိဗ္ဗာန်ကိုသာ အာရမ္မဏပဋိဝေဒဖြင့်သိ၍ ဒုက္ခသစ္စာစသောသစ္စာ သုံးပါးကို သိခြင်းကား အာရုံပြုသောအားဖြင့် သိခြင်းမျိုး မဟုတ်၊ နိဗ္ဗာန်ကို အာရုံပြုရင်းပင် ကျန်သစ္စာသုံးပါး၌ တွေဝေခြင်း မရှိဘဲ အသိဉာဏ်ရှင်းလင်းပြီးသား ဖြစ်သွား၍ အသမ္မောဟပဋိဝေဒအသိဖြင့် သစ္စာသုံးပါးကိုသိသည်ဟု ဆိုလိုပါသည်။ နိရောဓသစ္စာကား အသိနှစ်မျိုးလုံးပင်ရသင့်၍ ကျန်သစ္စာသုံးပါးမှာကား အသမ္မောဟပဋိဝေဒရကြောင်း မဟာဋီကာတွင် လာရှိပါသည်။

## ကြီးကြယ်မြင့်မြတ်သောစိတ်များ

ဤမဂ်စိတ်ဖိုလ်စိတ်များ ဖြစ်ပေါ်ရာတွင် စေတသိက် ပေါင်း၅၂-ပါးအနက် အကုသိုလ်စေတသိက် ၁၄-ပါးနှင့် အပ္ပမညာစေတသိက် ၂-ပါးပေါင်း ၁၆-ပါးသော စေတသိက်များမှအပ ကျန်စေတသိက် ၃၆-ပါးစလုံး တစ်ပြိုင်နက် ယှဉ်သည်ဖြစ်၍ အလွန်ပင်ကြီးကြယ်ပြည့်စုံမြင့်မြတ်သောစိတ်များ ဖြစ်ကြပါသည်။

## ရုပ်နာမ်တရားတို့၏ ကုန်ဆုံးရာနိဗ္ဗာန်

အသင်္ခတပရမတ်နိဗ္ဗာန်ကို မဂ်ဉာဏ်ဖြင့်သိမြင်မျက် မှောက်ပြုနိုင်ရန် အကျဉ်းချုပ်ဖော်ပြအပ်ပါသည်။ ဝိပဿနာဉာဏ်ဖြင့် ရှုဆင်ခြင်နိုင်ရန် အသံသဒ္ဒရုပ်ပရမတ် ဖြစ်ပေါ်ပုံနှင့် ကွယ်ပျောက်ချုပ်ငြိမ်းပုံတို့ကို ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ယင်းအသံသဒ္ဒ ရုပ်ပရမတ်တရား ဖြစ်ပေါ်ရာနှင့် ချုပ်ဆုံးကွယ်ပျောက်ရာ (နေရာ)သဘောသည် အသံမဖြစ်ပေါ်မီကလည်းရှိနေခဲ့၍ အသံချုပ်ဆုံးကွယ်ပျောက်ပြီး နောက်၌လည်း အသံနှင့်တစ်ဆက်တစ်စပ်တည်း အသံသဒ္ဒရုပ်တရား၏ ဗဟိဒ္ဓတရားအနေဖြင့် ရှိနေပါသည်။ အလားတူပင် ကြားသိစိတ်ဖြစ်ပေါ်ရာနှင့် ချုပ်ပျောက်ရာ (နေရာ)သဘောသည် ကြားသိစိတ် မဖြစ်ပေါ်မီကလည်း ရှိနေခဲ့၍ ကြားသိစိတ် ချုပ်ဆုံးကွယ်ပျောက်ပြီး နောက်၌လည်း ကြားသိစိတ်နှင့် တစ်ဆက်တစ်စပ်တည်း ကြားသိစိတ်၏ ဗဟိဒ္ဓတရားအဖြစ် ရှိနေပါသည်။ ဤအချက်ကို မူလကသုတ္တန်တရားတော်တွင် အလုံးစုံသော ရုပ်နာမ်တရားတို့၏ သက်ရောက်စီးဝင်ရာ အလုံးစုံသော ရုပ်နာမ်တရားတို့၏ ကုန်ရာဆုံးရာသည် နိဗ္ဗာန်တရားဖြစ်ကြောင်းကို ဗုဒ္ဓရှင်တော် ဟောကြားတော်မူခဲ့ပါသည်။

ကုန်ရာသဘောကို သာဓကတစ်ခုအနေဖြင့်လည်း ဖော်ပြအပ်ပါသည်။ အလျားတစ်ယူဇနာ အနံတစ်ယူဇနာ၊ အမြင့်တစ်ယူဇနာရှိသော ကျောက်တုံးကြီးတည်းဟူသော ရုပ်တရားအစုအဝေးသည် တရိုန်ရိုန် တသုတ်သုတ် ဖြစ်ချုပ်နိယာမဖြင့် ပျက်သုဉ်းလေရာ နောက်ဆုံးတွင်မူ ဒြပ်သဏ္ဌာန် ပညတ်နိမိတ်ပါ အကြွင်း အကျန်မရှိ ချုပ်ဆုံးကွယ်ပသော်လည်း ဟင်းလင်းပြင်သဘောကြီးကမူ ကွယ်ပချုပ်ဆုံးခြင်းမရှိဘဲ နိစ္စသဘော မြဲသောသဘော ဓုဝသဘော မဖောက် ပြန်သည့်သဘောအနေဖြင့် ရှိနေမည်သာ ဖြစ်ပါသည်။

ထိုနည်းတူပင် နေ၊ လ၊ နက္ခတ်၊ တာရာ၊ ဂြိုဟ်၊ ကမ္ဘာများ၊ ရေ မြေ တော တောင် သမုဒ္ဒရာ ပင်လယ်များ သက်ရှိသက်မဲ့များအားလုံးတို့သည် ဤလဟာပြင် သဘောကြီး၌သာ ဖြစ်ပျက်ကုန်ဆုံးကြရသော်လည်း အသင်္ခတ ပရမတ်ဖြစ်သောလဟာပြင်သဘောတရားကမူ ထာဝရရှိနေမည်သာ ဖြစ်ပါသည်။ ဤအချက်ကို "ဗြဟ္မနိမန္တနိက" သုတ်တွင် ပထဝီ၏ပထဝီသဘောဖြင့် မရောက်အပ်သော၊ တေဇော၏သဘောဖြင့်မရောက်အပ်သော၊ အာပေါ၏ သဘောဖြင့် မရောက်အပ်သော၊ ဝါယော၏သဘောဖြင့် မရောက်အပ်သော၊ အာကာသာနဉ္စာယတနစျာန်၏

created using
BCL easyPDF
Printer Driver
Click here to purchase a license to remove this image

အာကာ သာနဉ္စာယတနသဘောဖြင့်၊ ဝိညာဏဉ္စာယတနဈာန်၏ ဝိညာဏဉ္စာယတနသဘောဖြင့်၊ အာကိဉ္စညာယတနဈာန်ဖြင့် အာကိဉ္စညာယတနသဘော၊ နေဝသညာနာသညာယတနဈာန်၏ နေဝသညာနာသညာယတနသဘောဖြင့်၊ အလုံးစုံသောတရား၏ အလုံးစုံသောသဘောတို့ဖြင့် မရောက်အပ်သော နိဗ္ဗာန်တရားကို ငါသိသောကြောင့် ငါသည် သင်နှင့် တူမျှသည်မဟုတ်၊ ငါသည်သာလျှင် သင်ထက်လွန်ကဲ၏ဟု ဘုရားရှင်က ဗကဗြဟ္မာအား မိန့်ဆိုတော်မူခဲ့ပါသည်။

## ကိလေသာတရားများဖြစ်ပေါ် ခွင့်မရတော့ပါ

ဤမဂ်စိတ် ဖိုလ်စိတ်တို့ကို ဝိဇ္ဇာဉာဏ်အလင်းဓာတ်ဟုလည်း ခေါ်ပါသည်။ ဝိဇ္ဇာဉာဏ်အလင်းဓာတ်သည် အလွန်ပင် အရေးကြီးပါသည်။ ဤဝိဇ္ဇာဉာဏ်အလင်းဓာတ် ဖြစ်ပေါ်၍သာ ကိလေသာဖြစ်ခွင့် အနုသယတရားများ ကင်းစင်ပပျောက်သွားပါသည်။ ဤကိလေသာဖြစ်ခွင့် အနုသယတရားများ ကင်းစင်ပပျောက်သွားသဖြင့် ကာယကံ၊ ဝစီကံများဖြစ်သည့် ဝီတိက္ကမကိလေသာတရားများ၊ မနောကံဖြစ်သည့် ပရိယုဋ္ဌာနကိလေသာတရားများတို့သည်လည်း ဖြစ်ပေါ်ခြင်းသို့ပင် မရောက်တော့ဘဲ ကင်းပျောက်ချုပ်ငြိမ်း ရုပ်သိမ်းကြရပါသည်။

တစ်နည်းအားဖြင့်ဆိုရပါမူ ဝိဇ္ဇာဉာဏ်အလင်း ဓာတ်သည် အာရုံ၏အမှန်သဘောကို သိမြင်နိုင်ရကား အာရုံ၏ အမှန်သဘောကို ဖုံးကွယ်၍တွေဝေသော မောဟစိတ်ပင် ဖြစ်ပေါ်ခွင့် မရတော့သဖြင့် ထိုမောဟစိတ်ကို အခြေခံ၍ဖြစ်ရသော ဒိဋ္ဌိ လောဘ မာနစသော ကိလေ သာစိတ်များလည်း ဖြစ်ပေါ်ခွင့်ပင် မရနိုင်တော့ဟု ဆိုလိုခြင်း ဖြစ်ပါသည်။ ဥပမာတစ်နည်းအားဖြင့်ဆိုရပါမူ ကြိုးဟု အမှန်အတိုင်းမသိ၍ ကြိုးကို မြွေဟု ထင်မှတ်နေခဲ့သဖြင့် ကြောက်လန့်ခြင်း၊ စိုးရိမ်ခြင်းတို့ ဖြစ်ပေါ်နေခဲ့ရာ ကြိုးဟု အမှန်အတိုင်းသိလိုက် ရသည်နှင့်တစ်ပြိုင်နက် မြွေဟု ထင်မှတ်မှုနှင့်တကွ ကြောက်လန့်မှု စိုးရိမ်မှုတို့သည် ဖြစ်ပေါ်ခွင့်ပင် မရတော့သကဲ့သို့ ဖြစ်ပါသည်။

ဤသို့အားဖြင့် ကိလေသာတရားများ၏ အခြားအမည်များဖြစ်သော သံယောဇဉ်တရားများ အာသဝ၊ ဩဃ၊ ယောဂ၊ ဂန္ထ၊ ဥပါဒါန်စသည့်တရားများ အားလုံးသည်လည်း ဖြစ်ပေါ်ခွင့်သို့ မရောက်တော့ပဲ အပြီးတိုင်ကင်းပျောက် ရုပ်သိမ်းချုပ်ငြိမ်းကြခြင်း ဖြစ်ပါသည်။

## မဂ်စိတ်ဖိုလ်စိတ်တို့၏ တရားကိုယ်သဘော မကွဲပြားပုံ

ထို့ကြောင့်ပင် ထေရဝါဒဗုဒ္ဓဘာသာတွင် အသခ်တပရမတ်ဖြစ်သော နိဗ္ဗာန်တရားကို မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် သိမြင်ဆိုက်ရောက်မျက်မှောက်ပြုနိုင်ရေး အကြိမ်ကြိမ်အဖန်ဖန် အာရုံပြုနိုင်ရေးတို့သည် အလွန်အရေးကြီး၍ အဆုံးစွန်သော ပန်းတိုင်ကြီးပင် ဖြစ်ပါသည်။ မဂ်စိတ်၊ ဖိုလ်စိတ်တို့၏အာရုံတရားသည် အသခ်တပရမတ် နိဗ္ဗာန်တရား ဖြစ်ပါသည်။ တစ်မျိုးတည်း တစ်သဘောတည်းသော နိဗ္ဗာန်တရားက အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြု၍ ဖြစ်ပေါ်လာသော မဂ်စိတ်ဖိုလ်စိတ်တို့သည်လည်း တစ်မျိုးတည်း၊ တစ်သဘောတည်းသော စိတ်တို့သာ ဖြစ်ကြပါသည်။

ဤမဂ်စိတ်ဖိုလ်စိတ်တို့ကြောင့် ကိလေသာတရားများ ကင်းပျောက်ချုပ်ငြိမ်းမှု အဆင့်ဆင့်တို့၏ အရာဋ္ဌာနအားလျော်စွာ သောတပတ္တိမဂ်စိတ်၊ သောတပတ္တိ ဖိုလ်စိတ်ဟုလည်းကောင်း၊ သကဒါဂါမိမဂ်စိတ် သကဒါဂါမိဖိုလ်စိတ်ဟုလည်းကောင်း၊ အနာဂါမိမဂ်စိတ်၊ အနာဂါမိ ဖိုလ်စိတ်ဟုလည်းကောင်း၊ အရဟတ္တမဂ်စိတ် အရဟတ္တဖိုလ်စိတ်ဟုလည်းကောင်း ခွဲခြားသတ်မှတ်သုံးစွဲခြင်းဖြစ်ပါသည်။ ဤအချက်နှင့် ပတ်သက်၍ မူလဋီကာအနုဋီကာတို့

created using BCL easyPDF Printer Driver
Click here to purchase a license to remove this image

အလိုအရ အသင်္ခတနိဗ္ဗာန်ကိုမြင်၍ သောတာပတ္တိမဂ်စိတ်၊ သောတပတ္တိဖိုလ်စိတ်များ ဖြစ်ပေါ်သည်ကို သောတာပန်ပုဂ္ဂိုလ်ဟုခေါ်ပါသည်။ သောတာပန်ပုဂ္ဂိုလ် မြင်အပ်သော အသင်္ခတနိဗ္ဗာန်ကို မြင်၍ပင် သကဒါဂါမိမဂ်စိတ်၊ သကဒါမိဖိုလ်စိတ်များ ဖြစ်ပေါ်ပါသည်။ ယင်းကိုသကဒါဂါမ်ပုဂ္ဂိုလ်ဟုခေါ်ပါသည်။ သောတာပန်ပုဂ္ဂိုလ်မြင်အပ်သော အသင်္ခတနိဗ္ဗာန်ကိုမြင်၍ပင် အနာဂါမိမဂ်စိတ်၊ အနာဂါမိဖိုလ်စိတ်များ ဖြစ်ပေါ်လာပါသည်။ ယင်းကို အနာဂါမ်ပုဂ္ဂိုလ်ဟု ခေါ်ပါသည်။ သောတာပန် ပုဂ္ဂိုလ် မြင်အပ်သောအသင်္ခတနိဗ္ဗာန်ကိုမြင်၍ပင် အရဟတ္တမဂ်စိတ်၊ အရဟတ္တဖိုလ်စိတ်များ ဖြစ်ပေါ်ပါသည်။ ယင်းကို ရဟန္တာပုဂ္ဂိုလ်ဟု ခေါ်ပါသည်။ သောတပန်ပုဂ္ဂိုလ်မြင်အပ်သော နိဗ္ဗာန်ကတခြား သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာပုဂ္ဂိုလ်များ မြင်အပ်သော နိဗ္ဗာန်ကတခြားမဟုတ်ပါ။ အသင်္ခတနိဗ္ဗာန်သည် တစ်မျိုးတည်း၊ တစ်သဘောတည်းသာ ဖြစ်ပါသည်။

## ဖြစ်၊ ကုန်မရှိသဘောကို ဉာဏ်သက်ရောက်ခြင်း

ဖြစ်ခိုက်၌သာဖြစ်မှုထင်းရှား၍ အရှိအနေဖြင့် သုံးနှုံးရသော စိတ်၊ စေတသိက်၊ ရုပ်ပရမတ္ထတရား သုံးပါးတို့သည် ဖြစ်ပြီးနောက် ချုပ်ပျောက်ကုန်ဆုံးသဖြင့်မရှိတော့ပါ။ ထို့ကြောင် သင်္ခတပရမတ်ကို "ဖြစ်၊ ကုန်၊ မရှိ" တရားဟု အကျဉ်းချုပ်အားဖြင့် နားလည်အပ်ပါသည်။

## မဖြစ်အရှိသဘောကို ဉာဏ်သက်ရောက်ခြင်း

**"သင်္ခတပဋိပက္ခံ အသင်္ခတနိဗ္ဗာနန္တိ ဘာသန္တိ"**ဟူ သောအဆိုအမိန့်အရ အသင်္ခတတရားသည် သင်္ခတတရား ၏ ဆန့်ကျင်ဖက်သဘောဖြစ်သောကြောင့် "အသင်္ခတ တရား ကိုမဖြစ်၊ အရှိတရား"ဟု အကျဉ်းချုပ်အားဖြင့် နားလည်အပ်ပါသည်။

**"ခယေ ဉာဏန္တိ မဂ္ဂသမင်္ဂီတာ ဉာဏံ အနုပ္ပါဒေ ဉာဏန္တိ ဖလသမင်္ဂီတာဉာဏံ"**ဟု ဓမ္မသင်္ဂဏီဒုကနိက္ခေပပါဠိတော်၌လာရှိပါသည်။ အသင်္ခတနိဗ္ဗာန်ပရမတ်ကို မျက်မှောက်ပြုသည့်အခါတွင်မှ သင်္ခတတရားတို့၏ချုပ်ပျောက် ကုန်ဆုံးပုံကို အသမ္မောဟပဋိဝေဒဉာဏ်ဖြင့် ပြည့်စုံစွာ နားလည်သွားသည့်အတွက် **"ခယေ ဉာဏန္တိ မဂ္ဂသမင်္ဂီတာ ဉာဏံ"** ဟု ဖော်ပြပြီး အဖြစ်တရားတို့ မသိမ်မေသည့် အဖြစ်တရားတို့ ကင်းရှင်းသည့်အရှိသဘော နိဗ္ဗာန်ပရမတ် တရား၌ လုံးဝဉာဏ်သက်ရောက်အာရုံပြုခြင်းကို **"အနုပ္ပါဒေ ဉာဏန္တိ ဖလသမင်္ဂီတာ ဉာဏံ"**ဟု ဟောတော်မူခြင်းဖြစ် ပါသည်။

## ပရိနိဗ္ဗာန်

ကိလေသာတရားစသည်များ ဖြစ်ပေါ်ခွင့်မရှိတော့ခြင်းကို ကိလေသပရိနိဗ္ဗာန်ဟုသာ နားလည်သင့်ပါသည်။ ဗုဒ္ဓရှင်တော်မြတ်သည် ဗောဓိပင်နှင့်ရွှေပလ္လင်ထက်၌ ဗောဓိဉာဏ်၊ အာသဝက္ခယဉာဏ် ရရှိတော်မူသောအခါ ကိလေသာတရားတို့ ဖြစ်ပေါ်ခွင့်မရှိတော့သဖြင့် ကိလေသပရိနိဗ္ဗာန်ပြုတော်မူသည်ဟု ဖွင့်ဆိုပါသည်။ ကုသိနာရုံ မလ္လာမင်းတို့၏ဥယျာဉ်၌ ခန္ဓာဝန်ချတော်မူသောအခါ ခန္ဓာပရိနိဗ္ဗာန်ဟုဖွင့်ဆိုပါသည်။ ရှင်တော်မြတ်၏ သာသနာတော်ကွယ်ပသည့်အခါတွင်လည်း ဓာတ်တော်မွေတော်အားလုံး ကွယ်ပချုပ်ငြိမ်းသည့်အခါ "ဓာတုပရိနိဗ္ဗာန်"ဟု ဖွင့်ဆိုပါသည်။ အသင်္ခတနိဗ္ဗာန် မဟုတ်ပါ။

created using BCL easyPDF Printer Driver
Click here to purchase a license to remove this image

## နိရောဓအမျိုးမျိုးနှင့် နိရောဓသစ္စာ၊ နိဗ္ဗာန်တရား

နိရောဓအမျိုးမျိုးသည် နိရောဓသစ္စာ နိဗ္ဗာန်တရား မဟုတ်ကြောင်းကို သစ္စာယမိုက်ပါဠိတော်နှင့် ပဥ္စပကရဏ ဋ္ဌကထာတို့တွင် အောက်ပါအတိုင်း ရှင်းလင်းဟောကြား ထားပါသည်။

၁။ တဒင်္ဂနိရောဓကုသိုလ်အခိုက်အကုသိုလ် ကိလေ သာ တရားများ ဖြစ်ပေါ် ခွင့်မရဘဲ ချုပ်ငြိမ်းခြင်း သည် "နိရောဓသစ္စာ နိဗ္ဗာန်တရား"မဟုတ်ပါ။

၂။ ဝိက္ခမ္ဘနနိရောဓ၊ ဈာန်သမာပတ်အခိုက် နီဝရဏ ကိလေသာတရားများ ဖြစ်ပေါ် ခွင့်မရဘဲ ချုပ်ငြိမ်း ခြင်းသည် နိရောဓသစ္စာ နိဗ္ဗာန်တရားမဟုတ်ပါ။

၃။ သမုစ္ဆေဒနိရောဓ၊ မဂ်အခိုက် အနုသယကိလေသာ တရားများ အစဉ်ကိန်းခွင့်မရဘဲ အပြီးတိုင် ချုပ်ငြိမ်း ခြင်းသည် နိရောဓသစ္စာ နိဗ္ဗာန်တရားမဟုတ်ပါ။

၄။ ပဋိပ္ပဿဒ္ဓိနိရောဓ ဖိုလ်အခိုက် မဂ်ဖြင့်ပယ်သည့် အနုသယကိလေသာအခိုးအငွေ့များ ကင်းရှင်းခြင်း သည် နိရောဓသစ္စာ နိဗ္ဗာန်တရားမဟုတ်ပါ။

၅။ ဉပ္ပါဒက္ခဏဘင်္ဂနိရောဓ၊ အနန္တရ၊ သမနန္တရ၊ နတ္ထိ၊ ဝိဂတစသောသတ္တိတို့ဖြင့် ကျေးဇူးပြုအပ်သော စုတိစိတ်၏ ဘင်အခိုက်ကိလေသာများ ဖြစ်ပေါ် ခွင့် မရဘဲ ချုပ်ငြိမ်းခြင်းသည် နိရောဓသစ္စာ နိဗ္ဗာန် တရားမဟုတ်ပါ။

၆။ အနုပ္ပါဒက္ခဏနိရောဓ၊ အနန္တရ၊ သမနန္တရ၊ နတ္ထိ၊ ဝိဂတစသောသတ္တိတို့ဖြင့် ကျေးဇူးမပြုအပ်သောစုတိ စိတ်၏ဘင်အခိုက် ကိလေသာများဖြစ်ပေါ် ခွင့်မရဘဲ ချုပ်ငြိမ်းခြင်းသည် နိရောဓသစ္စာ နိဗ္ဗာန်တရား မဟုတ်ပါ။

၇။ သညာဝေဒယိတနိရောဓ၊ နိရောဓသမာပတ်ဝင်စား သည့်အခိုက် စိတ်စေတသိက်စိတ္တဇရုပ်တို့ဖြစ်ခွင့်မရ ဘဲ ချုပ်ငြိမ်းခြင်းသည် နိရောဓသစ္စာ နိဗ္ဗာန်တရား မဟုတ်ပါ။

အထက်ပါ ချုပ်ငြိမ်းခြင်း ၇-မျိုးတို့မှာ သင်္ခတပရ မတ် တရားတို့၏မဖြစ်ခြင်း၊ ချုပ်ငြိမ်းခြင်းသဘော နိရောဓ များ သာဖြစ်၍ အသင်္ခတနိဗ္ဗာန်တရား၊ နိရောဓသစ္စာတရား မဟုတ်ကြောင်း ဟောကြားထားပါသည်။

အသင်္ခတပရမတ်ဖြစ်သော နိရောဓသစ္စာနိဗ္ဗာန် တရားသည် ဉပါဒ်၊ ဋ္ဌီ၊ ဘင်မရှိခြင်းကြောင့် ပစ္စုပ္ပန်လည်း မဟုတ်၊ အတိတ်လည်းမဟုတ်၊ အနာဂတ်လည်းမဟုတ်၊ ကာလဝိမုတ်သာဖြစ်ပါသည်။ တစ်ဖန် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ ဩဠာရိက၊ သုခုမ၊ ဟီန၊ ပဏီတ၊ ဒူရ၊ သန္တိကဟူသောတစ်ဆယ့်တစ်ပါးသော အပြားမရှိခြင်း ကြောင့် ခန္ဓာမဟုတ်၊ ခန္ဓာမှလွတ်၍ ခန္ဓာ ဝိမုတ်ဖြစ်ပါသည်။

ကံ၊ စိတ်၊ ဉတု၊ အာဟာရဟူသောအကြောင်းမရှိ သောကြောင့် အပ္ပစ္စယ၊ ကံ၊ စိတ်၊ ဉတု၊ အာဟာရတို့ သည် မပြုပြင်၊ မစီရင်အပ်သောကြောင့် အသင်္ခတ၊ စိတ်၊ စေတသိက်၊ ရုပ်တို့၏ အစုအဝေးဖြစ်သော သတ္တဝါတို့၏ သန္တာန်မှအပ၌ဖြစ်ခြင်းကြောင့် ဗဟိဒ္ဓ၊ သာသနာတွင်း၊ သာသနာပ မည်သည့်ကာလ၌မဆို တည်ရှိခြင်းကြောင့် နိစ္စ၊ ဓူဝ၊ သဿတ၊ ငြိမ်သက်ချမ်းသာခြင်းကြောင့် သန္တိသုခ၊ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ခြင်းကြောင့် အနတ္တ၊ စက္ခု ဝိညာဏ် ဖြင့် မမြင်အပ်သောကြောင့် အနိဒဿန၊ မဂ် ဉာဏ်ဖိုလ် ဉာဏ်နှင့် ယှဉ်သောစိတ်ဖြင့်သာ သိအပ်သောကြောင့် မနောဝိညေယျ၊ လုံးရပ်သဏ္ဌာန် ဟန်ပန်မရှိခြင်းကြောင့် အရူပစသောအားဖြင့် နိဗ္ဗာန်၏သဘာဝသည် များပြားလှပါ သည်။

created using BCL easyPDF Printer Driver
Click here to purchase a license to remove this image

ဆိုလိုသည်မှာ သင်္ခတပရမတ်တရား ၃-ပါးတို့မှ အလွတ်ဖြစ်သော သင်္ခတပရမတ်တရားတို့မှ လွန်မြောက်သော သင်္ခတပရမတ်တရားတို့နှင့် မရောမယှက်သော သီးခြားပရမတ်တရားဖြစ်ပါသည်။ အရှိပရမတ်ဖြစ်ပါသည်။ အဖြစ်ပရမတ်တရား မဟုတ်ပါ။

## မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့၏ လွတ်မြောက်မှု အဆင့်ဆင့်နှင့်အကျိုးတရားများ

နိဗ္ဗာန်ကိုမျက်မှောက်ပြု၍ ရအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏လွတ်မြောက်မှုအဆင့်ဆင့်နှင့် အကျိုးတရားများ သည် အလွန်ပင်ကြီးကျယ်လှပါသည်။ သောတာပတ္တိ မဂ်ခဏ၌ မိစ္ဆာဒိဋ္ဌိမှလွတ်မြောက်ခြင်း၊ မိစ္ဆာဒိဋ္ဌိသို့ အစဉ်လိုက်၍ဖြစ်သော ကိလေသာတို့မှလည်းကောင်း ခန္ဓာတို့မှလည်းကောင်း၊ လွတ်မြောက်ခြင်း အပဖြစ်သော အလုံးစုံသော သင်္ခါရနိမိတ်တို့မှ လွတ်မြောက်ခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ ထို့ပြင် သောတာပတ္တိမဂ်၏ အကျိုး ဖြစ်သော သမ္မာဒိဋ္ဌိ၊ သမ္မာ သင်္ကပ္ပဟူသော အတွေးအမြင် အကြံအစည် ပညာသိက္ခာ တရားများ၊ သမ္မာဝါစာ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဟူသော အပြောအဆို အပြုအမူ အသက်မွေးမှု သီလသိက္ခာတရားများ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိဟူသော တည်ကြည်မှု သမာဓိသိက္ခာတရားတို့ကို ဖြစ်ပေါ်စေပါသည်။

သကဒါဂါမိမဂ်ခဏ၌ ကြမ်းတမ်းသော ကာမရာဂသံယောဇဉ်မှလည်းကောင်း၊ ကြမ်းတမ်းသော ပဋိဃသံယောဇဉ်မှလည်းကောင်း၊ ကြမ်းတမ်းသော ကာမရာဂါ နုသယမှလည်းကောင်း၊ ကြမ်းတမ်းသော ပဋိဃာနုသယမှလည်းကောင်းလွတ်မြောက်ခြင်း၊ ထိုသံယောဇဉ် ထိုအနုသယတို့သို့ အစဉ်လိုက်၍ဖြစ်သော ကိလေသာတရားတို့မှ လည်းကောင်း၊ ခန္ဓာတို့မှလည်းကောင်း၊ လွတ်မြောက်ခြင်း၊ အပဖြစ်သောအားလုံးသော သင်္ခါရနိမိတ်တို့မှ လွတ်မြောက်ခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ ထို့ပြင် သကဒါဂါမိမဂ်၏ အကျိုးဖြစ်သော သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပဟူသော အတွေး အမြင်အကြံအစည် ပညာသိက္ခာတရားများ၊ သမ္မာ ဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဟူသော အပြောအဆို၊ အပြုအမူ၊ အသက်မွေးမှု သီလသိက္ခာ တရားများ၊ သမ္မာဝါ ယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိဟူသော တည်ကြည်မှု သမာဓိသိက္ခာတရားတို့ကို ဖြစ်ပေါ်စေပါသည်။

အနာဂါမိမဂ်ခဏ၌ အသေးအဖွဲဖြစ်သော ကာမ ရာဂသံယောဇဉ် ပဋိဃသံယောဇဉ်တို့မှလည်းကောင်း၊ ကာမရာဂါနုသယ၊ ပဋိဃာနုသယတို့မှလည်းကောင်း၊ ထိုသံယောဇဉ်၊ ထိုအနုသယတို့သို့ အစဉ်လိုက်၍ဖြစ်သော ကိလေသာတို့မှလည်းကောင်း၊ ခန္ဓာတို့မှလည်းကောင်း၊ လွတ်မြောက်ခြင်း၊ အပဖြစ်သောအားလုံးသော သင်္ခါရနိမိတ်တို့မှ လွတ်မြောက်ခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ ထို့ပြင်အနာဂါမိမဂ်၏ အကျိုးဖြစ်သော သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပဟူသော အတွေးအမြင်အကြံအစည်၊ ပညာသိက္ခာ တရားများ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဟူသော အပြော အဆို၊အပြုအမူ၊ အသက်မွေးမှု သီလသိက္ခာတရားများ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိဟူသော တည်ကြည်မှု သမာဓိသိက္ခာတရားတို့ကို ဖြစ်ပေါ်စေပါသည်။

အရဟတ္တမဂ်ခဏ၌ ရူပရာဂမှလည်းကောင်း၊ အရူပရာဂမှလည်းကောင်း၊ မာနမှလည်းကောင်း၊ ဥဒ္ဓစ္စမှလည်းကောင်း၊ အဝိဇ္ဇာမှလည်းကောင်း၊ မာနာနုသယမှလည်းကောင်း၊ ဘဝရာဂါနုသယမှလည်းကောင်း၊ အဝိဇ္ဇာနုသယမှလည်းကောင်း လွတ်မြောက်ခြင်း၊ ထိုရူပရာဂ စသည် တို့သို့ အစဉ်လိုက်၍ဖြစ်သော ကိလေသာတရားတို့မှလည်းကောင်း၊ အလုံးစုံသော သင်္ခါရနိမိတ်တို့မှ လွတ် မြောက်ခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ ထို့ပြင် အရဟတ္တမဂ်၏အကျိုး ဖြစ်သော သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပဟူသော အတွေးအမြင် အကြံအစည်၊ ပညာသိက္ခာတရားများ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဟူသော အပြောအဆို အပြုအမူ၊ အသက်မွေးမှု သီလသိက္ခာတရားများ၊

created using
BCL easyPDF
Printer Driver
Click here to purchase a license to remove this image

သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိဟူသော တည်ကြည်သော သမာဓိ သိက္ခာတရားတို့ကို ဖြစ်ပေါ်စေပါသည်။ ဆိုလိုသည်မှာ ဆိုင်ရာဆိုင်ရာ မဂ်ပညာတို့ကြောင့် ဆိုင်ရာဆိုင်ရာ ကိလေသာတို့မှလည်းကောင်း၊ ဆိုင်ရာဆိုင်ရာ သံယောဇဉ်တရားတို့မှလည်းကောင်း၊ ဆိုင်ရာဆိုင်ရာ အနုသယတို့မှ လွတ်မြောက်ခြင်းနှင့် အလုံးစုံသောသင်္ခါရနိမိတ်တို့မှ လွတ်မြောက်ခြင်းဟူသော နှစ်ပါးသောအဖို့တို့မှ လွတ်မြောက် ခြင်းတို့ကို ဖြစ်စေပါသည်။ ဆိုင်ရာဆိုင်ရာ မဂ်၏အကျိုးများအဖြစ် မှန်ကန် သောအတွေးအမြင်၊ အကြံအစည် ပညာသိက္ခာတရားများ၊ မှန်ကန်သောအပြောအဆို၊ အပြုအမူ အသက်မွေးမှု သီလသိက္ခာတရားများ၊ မှန်ကန်သော တည်ကြည်မှု သမာဓိ တရားများကို ဖြစ်ပေါ်စေပါသည်။ အစင်ကြယ်ဆုံး အမြင့်မြတ်ဆုံး အပြည့်စုံဆုံးသော ကျင့်သုံးမှု သမ္မာပဋိပဒါကို ဖြစ်ပေါ်စေပါသည်။ အကယ်၍သာ ဆိုင်ရာ ဆိုင်ရာမဂ် ပညာ၊ဖိုလ်ပညာများ မဖြစ်ပေါ်ခဲ့ပါက ကိလေသာတရားများ၊ သံယောဇဉ်တရားများ အနုသယတရားများတို့မှ မလွတ်မြောက်နိုင်ဘဲ မိစ္ဆာပဋိပဒါ ဖြစ်သည့် မှားယွင်းသော အတွေးအမြင် အကြံအစည်၊ မှားယွင်းသော အပြောအဆို အပြုအမူ အသက်မွေးမှုများ မှားယွင်းသော တည်ကြည်မှုများဖြင့်သာ လောကအတွင်း ဆင်းရဲစွာကျင့်သုံး ကျဉ်လည်ရမည် ဖြစ်ပါသည်။

ထို့ကြောင့်ပင် **"ဗုဒ္ဓေါ လောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ၊ ဓမ္မော လောကေ သမုပ္ပန္နော သုခါယ သဗ္ဗပါဏိနံ၊ သံဃော လောကေ သမုပ္ပန္နော ပုညက္ခေတ္တံ အနုတ္တရံ"** စသည်ဖြင့် ဟောကြားတော်မူခဲ့ပါသည်။

အဓိပ္ပါယ်မှာ လောက၌ ဘုရားရှင်ပွင့်ထွန်း ပေါ်ပေါက်လာခြင်းမှာ အလုံးစုံသောသတ္တဝါတို့၏ အကျိုးစီးပွားအတွက်ဖြစ်သည်ဟုလည်းကောင်း၊ မဂ်လေးပါးတရား၊ ဖိုလ်လေးပါးတရား၊ နိဗ္ဗာန်တရားတည်းဟူသော လောကုတ္တရာတရား ၉-ပါး ပေါ်ပေါက်လာခြင်းမှာ အလုံးစုံသော သတ္တဝါတို့၏ ချမ်းသာအတွက်ဖြစ်သည်ဟုလည်းကောင်း၊ ၈-ပါးသောအရိယာ သံဃာတော်များ ပေါ်ပေါက်လာခြင်းမှာ လောက၏အတုမရှိသော ကောင်းမှုကုသိုလ်မျိုးစေ့ကြဲချရာ လယ်ယာမြေကောင်းသဖွယ်ဖြစ်သည်ဟုလည်းကောင်း ဟောကြားတော်မူခဲ့ခြင်းဖြစ်ပါသည်။

## ချမ်းသာအဆင့်ဆင့်နှင့် နိဗ္ဗာန်ချမ်းသာ၊ ကာမချမ်းသာ၊ ကာမသုခ

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ အတွေးဟူသော အာရုံ ၆-ပါးတို့၌ နှစ်သက်လိုလားဖွယ်ရာ အာရုံများနှင့် ကြုံဆုံရသောအခါ ကိုယ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း၊ ချမ်းသာစွာ ခံစားစံစားသည်ကို ကာမချမ်းသာဟုခေါ်ပါသည်။ ဤကာမချမ်းသာသည် အလွန်ပင်ကျယ်ဝန်းများပြားလှပါသည်။ ဤအချက်ကို လယ်တီဆရာတော်ဘုရားကြီး၏ ပဋိစ္စသမုပ္ပါဒ်ပျို့လင်္ကာ၌ **"အာရုံရည်ကို၊ မည်မည်ရရ၊ ခံစံကြမှ၊ သုဘသုဘာ၊ သာမသာနှင့်၊ ထွေလာများတောင်း၊ ကောင်းမကောင်းလည်း၊ ထောင်းထောင်းငေါ်ငေါ်၊ သိထင်ပေါ်၍၊ ကောင်းသော်စိတ်ဝမ်း၊ ဖိတ်ဖိတ်လျှမ်းမျှ၊ ရွှင်လန်း နှလုံး၊ စွင့်စွင့်ပြုံး၏"**ဟုလည်းကောင်း၊ **"ချမ်းသာသုခ၊ တစ်ခုမျှ၌၊ လောကအထု၊ အကုန်စု၏"** ဟုလည်းကောင်း စပ်ဆိုဟောကြားတော်မူခဲ့ပါသည်။

## စျာန်ချမ်းသာ (စျာနသုခ)

စျာန်ချမ်းသာဆိုသည်မှာ ပြဟ္မဝိဟာရဘာဝနာ၊ ကသိုဏ်းဘာဝနာတို့ကို ရူပါဝစရစျာန်ထိအောင်လည်းကောင်း၊ အရူပါဝစရစျာန်တို့ထိအောင်သော်လည်းကောင်း ပွားများအားထုတ်ပါက ကာမစ္ဆန္ဒ၊ ဗျာပါဒအစရှိသော

created using BCL easyPDF Printer Driver
Click here to purchase a license to remove this image

နိဝရဏတရား ၆-ပါးကင်း၍ ကာမချမ်းသာနှင့် မနှိုင်းယှဉ်နိုင်လောက်အောင် တည်ငြိမ်အေးချမ်းစင်ကြယ် မြင့်မြတ်သည့် စိတ်အခြေအနေဖြစ်သော စျာန်ချမ်းသာ ဖြစ်ပါသည်။ ဤအချက်ကိုလည်း လယ်တီ ဆရာတော် ဘုရားကြီး၏ ပဋ္ဌိစ္စသမုပ္ပါဒ်ပျို့လင်္ကာ၌ပင် **"လေးလီပြဖွယ်၊ ဝိဟာရစျာန်၊ ဆယ်တန်ကသိုဏ်း၊ အလှိုင်းများစွာ၊ ဘာဝနာဟု၊ ဆယ်ဖြာပုည၊ ကုသလကို၊ လုံ့လကြိုစား၊ ကောင်းမှုပွား၏"** ဟု စပ်ဆိုဟောကြားတော် မူခဲ့ပါသည်။

## လွတ်မြောက်မှုချမ်းသာ(ဝိမုတ္တိသုခ)

လွတ်မြောက်မှုချမ်းသာဆိုသည်မှာ သောတာပတ္တိမဂ် သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ် ခဏတို့၌ ဆိုင်ရာဆိုင်ရာသံယောဇဉ်တို့မှလည်းကောင်း၊ ဆိုင်ရာဆိုင်ရာ အနုသယတို့မှလည်းကောင်း လွတ်မြောက်ခြင်း၊ ထိုထိုသံယောဇဉ် ထိုထိုအနုသယတို့သို့ အစဉ်လိုက်၍ဖြစ်သော ကိလေသာတို့မှလည်းကောင်း၊ ခန္ဓာတို့မှ လည်းကောင်း လွတ်မြောက်ခြင်း၊ အပဖြစ်သော အားလုံးသောသင်္ခါရနိမိတ်တို့မှ လွတ်မြောက်ခြင်း၊ အပဖြစ်သော ပညတ်နိမိတ်တို့၏ နှောင်ဖွဲ့မှုမှ လွတ်မြောက်ခြင်းချမ်းသာတို့လည်း ပါဝင်ပါသည်။

## ငြိမ်သက်ခြင်းချမ်းသာ သန္တိသုခ

ငြိမ်သက်ခြင်းချမ်းသာ သန္တိသုခဆိုသည်မှာ အသင်္ခတပရမတ် နိဗ္ဗာန်တရားတော်မြတ်၏ တရားကိုယ် သဘောဖြစ်သော ငြိမ်သက်ခြင်း သန္တိလက္ခဏာကို ချမ်းသာအဖြစ် ဖော်ပြခြင်းဖြစ်ပါသည်။ မှန်ပါသည် တရားဓမ္မ နယ်ပယ်တွင် ချမ်းသာနှစ်မျိုးရှိကြောင်း တစ်မျိုးမှာ ဝေဒယိတသုခ ခံစားအပ်သောချမ်းသာဖြစ်၍ နောက်တစ် မျိုးမှာ သန္တသုခ ငြိမ်သက်ခြင်းချမ်းသာဖြစ်ကြောင်း ဖော်ပြကြပါသည်။ ဝေဒယိတသုခ ခံစားအပ်သော ချမ်းသာသည် အထက်၌ဖော်ပြခဲ့သည့် ကာမစိတ်များ စျာန်စိတ်များနှင့် မဂ်စိတ် ဖိုလ်စိတ်များတို့တွင်ယှဉ်သော သုခ,သောမနဿ, ဥပေက္ခာဝေဒနာစေတသိက်တို့ ဖြစ်ပါသည်။ ဆိုင်ရာဆိုင်ရာ စိတ်များတွင် ပေါင်းစပ်ပါဝင် ဖွဲ့စည်းဖြစ်ပေါ်ကြသော စေတသိက်ပရမတ်တရားများသာ ဖြစ်ကြပါသည်။ ဖြစ်ခြင်း ပျက်ခြင်းသဘောတွင် အကျုံးဝင်ပါသည်။

ဖြစ်ခြင်း ပျက်ခြင်းသည် ငြိမ်သက်ခြင်းသဘော မဟုတ်ပါ။ လှုပ်ရှားခြင်း သဘောသာဖြစ်ပါသည်။ ဖြစ်ခြင်း ပျက်ခြင်းသဘောတွင်ယှဉ်သော ခံစားခြင်းချမ်းသာ ဝေဒယိတသုခသည်လည်း ငြိမ်သက်ခြင်း ချမ်းသာမဟုတ် ပါ။ ပျက်စီးကုန်ဆုံးသည့် ချမ်းသာမျိုးသာ ဖြစ်ပါသည်။ ထို့ကြောင့် ငြိမ်သက်ခြင်း ချမ်းသာဆိုသည်မှာ ဖြစ်ခြင်း ပျက်ခြင်း အလျဉ်းမရှိသည့် အသင်္ခတပရမတ် နိဗ္ဗာန်တရားတော်မြတ်၏ တရားကိုယ်အနက်သဘောဖြစ်ကြောင်း ဖော်ပြခဲ့ခြင်း ဖြစ်ပါသည်။

နိဗ္ဗာန်တရားတော်မြတ်ကို ဌာန်လေးပါးဖြင့် ဖွင့်ဆိုရာ၌ **"သန္တိလက္ခဏံ အစ္စုတိရသံ၊ အနိမိတ္တ-ပစ္စုပဋ္ဌာနံ၊ ပဒဋ္ဌာနံ န လဗ္ဘတိ"** ဟု သမ္မောဟဝိနောဒနီအဋ္ဌကထာတွင် ဖွင့်ဆိုထားပါသည်။ ငြိမ်သက်ခြင်း သဘောလက္ခဏာ ရှိသည်။ မရွေ့လျား မပြောင်းလဲသော သမ္ပတ္တိရသရှိသည်။ အရိပ်နိမိတ်ကင်းသောအားဖြင့် ရှေးရှုထင်သည်။ နီးသော ဝေးသောအကြောင်းများ မရအပ်ဟူ၍ ဖြစ်ပါသည်။

လှုပ်ရှားခြင်းနှင့် စပ်လျဉ်း၍သာ နည်းနည်း လှုပ်ရှားသည်။ တော်တော်လှုပ်ရှားသည်။ များများလှုပ်ရှား သည်။ အလွန်များစွာ လှုပ်ရှားသည်စသည်ဖြင့် လှုပ်ရှားမှု အကြိုအစိတ်ကိုလိုက်၍ ပြောဆိုနိုင်သော်လည်း

created using BCL easyPDF Printer Driver
Click here to purchase a license to remove this image

ငြိမ်သက်မှုသဘော၌ "နည်းနည်းငြိမ်သည်၊ တော်တော်ငြိမ်သည်။ များများငြိမ်သည်၊ အလွန်ငြိမ်သည်"ဟု ပြောရန်မဖြစ်နိုင်ပါ။ အကယ်၍ ပြောလျှင်လည်း ငြိမ်သက်မှုအခြေအနေကို ခွဲခြားပြောကြားခြင်းမဟုတ်ဘဲ လှုပ်ရှားမှုအခြေအနေနှင့် နှိုင်းယှဉ်ပြောကြားခြင်းသာဖြစ်ပါသည်။ ငြိမ်သက်မှုသဘောမှာ တစ်မျိုးတည်း တစ်သဘောတည်းသာဖြစ်ပြီး ပြောင်းလဲခြင်း၊ ရွေ့လျားခြင်း မရှိသည့်အတွက် အစ္စုတိရသဟုဖွင့်ဆိုခြင်း ဖြစ်ပါသည်။

တစ်ဖန် စိတ်စေတသိက်ရုပ်တရားတို့ကဲ့သို့ ပညတ်၊ နိမိတ်၊ အာရုံအမျိုးမျိုး၊ သင်္ခါရနိမိတ်အာရုံအမျိုးမျိုး၊ ကွဲပြား ခြားနားခြင်းမရှိသဖြင့် နိမိတ်ကင်းသည့်အနေဖြင့် ဉာဏ်၌ ရှေးရှုထင်ခြင်းကိုပင် အနိမိတ္တပစ္စုပဋ္ဌာနံဟု ဖွင့်ဆိုခြင်း ဖြစ်ပါသည်။ ဤသို့အားဖြင့် ငြိမ်သက်ခြင်းချမ်းသာဆိုသည်မှာ အသင်္ခတ နိဗ္ဗာန်တရားတော်မြတ်၏ တရားကိုယ်သဘောဖြစ်သော ငြိမ်သက်ခြင်းကို ချမ်းသာခြင်းအဖြစ်ဖော်ပြ၍ကာမစိတ်များ၊ ဈာန်စိတ်များ၊ မဂ်ဖိုလ်စိတ်များတွင်ယှဉ်သော ဝေဒနာစေတသိက်(ဝေဒယိတချမ်းသာ) များထက် သာလွန်မွန်မြတ်သော ချမ်းသာဖြစ်ကြောင်းကို **"နိဗ္ဗာနံ ပရမံ သုခံ"**ဟု ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပါသည်။

## နိဗ္ဗာန်ဆိုင်ရာ အယူအဆများ

မြန်မာနိုင်ငံထေရဝါဒဗုဒ္ဓသာသနာတော်တွင် နေလို လလို ထင်ရှားသော ဆရာတော်ကြီးများအကြား၌ပင် နိဗ္ဗာန်နှင့်ပတ်သက်သည့်အယူအဆအရာ၌ ကွဲပြားမှုများ ရှိကြကြောင်းကို တွေ့ရှိရပါသည်။

ပထမအနေဖြင့် အာဒိကမ္မိက ဒွါရသာသနာပိုင် ဆရာတော်ကြီးဖြစ်သော အုတ်ဖိုဆရာတော်ကြီး (မြန်မာ သက္ကရာဇ် ၁၁၇၉-၁၂၆၇)ဖြစ်ပါသည်။ စန္ဒမင်္ဂလာသုတ္တနိဗ္ဗာန်စာတမ်းကို ရေးသားခဲ့ပါသည်။ ထိုစာတမ်း၌ "ဘုရား ရဟန္တာတို့သည် နိဗ္ဗာန်ပြည်မြတ်သို့ရောက်ကာ ကံစသော အကြောင်းတရား ၄-ပါးတို့ ပြုပြင်စီရင်ခြင်းကင်းသော အမတ နာမ်ဝိသေသ ရုပ်ဝိသေသဖြင့် စံနေတော်မူကြောင်း ဤသို့ ယူဆပါမှ ဥစ္ဆေဒ၊ နတ္ထိက၊ အကြိယ၊ အဟေတုက၊ သဿတဒိဋ္ဌိတို့မှ ကင်းလွတ်မည်ဖြစ်ကြောင်း နိဗ္ဗာန်သို့ ရောက်သော ဘုရားရှင်ကို ပဓာနနည်း အဝုတ္တသိဒ္ဓိနည်းဖြင့် နိဗ္ဗာန်၌သွင်း၍ နိဗ္ဗာန်ဟုပင်ခေါ်ရကြောင်း" ရေးသားပြဆိုခဲ့ပါသည်။

ပထမရွှေကျင်သာသနာပိုင် ဆရာတော်ကြီး (မြန်မာသက္ကရာဇ် ၁၁၈၄-၁၂၅၅)ကလည်း ဂမ္ဘီရာဂမ္ဘီရ မဟာ နိဗ္ဗုတဒီပနီကို ပြုစုရေးသားတော်မူခဲ့ပါသည်။ ဆရာတော်ကြီးက "နိဗ္ဗာန်ဟူသည် တစ်ဆယ့်တစ်ပါးသော မီးအပေါင်းတို့မှ ငြိမ်းအေးခြင်းဓာတ်အစုကိုခေါ်ခြင်းဖြစ်သည်။ ယင်း နိဗ္ဗာန်သည် လုံးလုံးချည်း ဘာတစ်ခုမျှမရှိသော အဇာတဘာဝမျိုးမဟုတ်၊ ရုပ်ကြွင်းစွာဖြစ်နေသော ဇာတဘာဝပုံမျိုးမပေါ်ဘဲ နူးညံ့သိမ်မွေ့လှ၏။ နိဗ္ဗာန် ထင်ရှားပုံမှာ ပရိနိဗ္ဗာန်ပြုမည့် ပုဂ္ဂိုလ်မပေါ်မီကပင် ကမ္မာကမ္မေဖြစ်၍ နေနှင့်သောအရှိမျိုး မဟုတ်၊ ပရိနိဗ္ဗုတ္တ ပုဂ္ဂိုလ်တို့၏ ကိုယ်ခန္ဓာကိုစွဲ၍သာ ထိုခန္ဓာကိုယ် ကွယ်လွန်သောအခါ ဖြစ်ပေါ်လာသော တရားထူး ဝိသေသ ဖြစ်သည်။ နိဗ္ဗာန်သည် ခန္ဓာ၌ ပင်ဖြစ်သည်။ ခန္ဓာနှင့်ဆက်၍နေသည်ဟူရာ၌ ခန္ဓာနှင့် မုချအားဖြင့် မစပ်၊ ခန္ဓာငြိမ်းခြင်းနှင့်သာ မုချစပ်သည်။ ခန္ဓာမငြိမ်းမပျောက်လျှင် နိဗ္ဗာန် မပေါ် မရောက်လာပါ။ နိဗ္ဗာန်သို့ ရောက်သွားသူ တို့သည် အလုံးစုံပြတ်တောက်သည့်အဖြစ်သို့ ရောက်၍သွားခြင်းမျိုးမဟုတ်၊ မိမိတို့ ရောက်ရာနိဗ္ဗုတာ၌ပင် မအို၊ မသေ အမြဲတည်စံနေကြရသည်။ ပရိနိဗ္ဗာန်ပြုသွားသော ဘုရားရဟန္တာဟူသမျှ ပျောက်၍ပျက်၍မသွား။ နိဗ္ဗာန်၌ သဿတလည်းမဟုတ်၊ ဥစ္ဆေဒလည်းမဟုတ်၊ မဇ္ဈတ္တကာရနက်နဲသောသဘောဖြစ်၍ အမြဲတည်နေတော်မူ ကြကြောင်း" အကျယ်တဝင့် ရေးသားခဲ့ပါသည်။

created using
BCL easyPDF
Printer Driver
Click here to purchase a license to remove this image

ဒုတိယအယူအဆအနေဖြင့် မြို့ပြင်ကြီးဆရာတော် (မြန်မာသက္ကရာဇ် ၁၁၈၉-၁၂၆၃)သည် အဘိဓမ္မတ္ထသရူပဒီပကကျမ်းကို ပြုစုရေးသားခဲ့ပါသည်။ ယင်းကျမ်း၏နိဗ္ဗာန သရူပဒီပကကဏ္ဍကို အကျယ်တဝင့်ဖွင့်ဆိုရေးသားတော်မူရာ၌ "အသင်္ခတဓာတ်နိဗ္ဗာန်သည် အရိယာမဂ်အား အာရမ္မဏပစ္စည်း အာရမ္မဏာဓိပတိပစ္စည်းတို့ဖြင့် ကျေးဇူးပြုတတ်သည်။ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို 'ခယ'ဟု ဟောသောအရာလည်း ရှိသည်။ အရဟတ္တဖိုလ်ကို နိဗ္ဗာန်ဟုဟောသော အရာလည်းရှိသည်။ အရိယာမဂ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုမှသာ ရာဂစသည်တို့ ချုပ်ခြင်းသို့ ရောက်ခြင်းဖြစ်ရာသောကြောင့် အရိယာမဂ်က ရာဂစသည်ကို ကုန်စေသည်ဟု ဆိုရသည်။ ဤ၌ချုပ်ခြင်းသို့ ရောက်ခြင်းဆိုသည် ဘင်သဘောမျှဖြင့် ချုပ်ခြင်းသို့ ရောက်ခြင်းမဟုတ်။ တစ်ဖန်အသစ်မဖြစ်သောအားဖြင့် မဖြစ်ခြင်းဟူသော ချုပ်ခြင်းသို့ ရောက်ခြင်းကိုသာ ယူရမည်။ နိဗ္ဗာန်သည် မည်သည့်အခါမှစ၍ ဖြစ်သည်ဟုဆိုရအောင် စ၍ဖြစ်ခြင်း အစွန်းအပိုင်းအခြား မရှိပေ၊ နိဗ္ဗာန်ကို ပစ္စုပ္ပန် အတိတ်၊ အနာဂတ်ဟူ၍ မဆိုအပ်၊ မဆိုထိုက်၊ ကာလသုံးပါးမှ လွတ်သော ကာလဝိမုတ်တရားသာ ဖြစ်ပါသည်။ ဥပါဒ်၊ ဌီ၊ ဘင်မရှိ၊ အမြဲရှိနေတည်နေသောတရား ဖြစ်သည်။

ကိလေသပရိနိဗ္ဗာန်၊ ခန္ဓပရိနိဗ္ဗာန်၊ ဓာတုပရိနိဗ္ဗာန်ဟူသော ပရိနိဗ္ဗာန်သုံးမျိုးလုံးပင် အသင်္ခတဓာတ်ပရမတ်နိဗ္ဗာန် မဟုတ်၊ တဏှာနိရောဓ၊ ကိလေသနိရောဓ၊ ကိလေသပရိနိဗ္ဗာန်၊ သဉပါဒိသေသနိဗ္ဗာန်စသည်ဖြင့် ခေါ်ဝေါ်ကြသည်။ တစ်ဖန် မဖြစ်ခြင်းဟူသော ချုပ်ပျက်ကုန် ငြိမ်းခြင်း ဟူသမျှသည် အသင်္ခတပရမတ်နိဗ္ဗာန်မဟုတ်၊ အနုပါဒိသေသနိဗ္ဗာန်၊ သမ္မုတိနိဗ္ဗာန်ဟု ဆိုခြင်းသည်လည်း သဘာဝပညတ်မျှသာ ဖြစ်သည်၊ အသင်္ခတဓာတ် ပရမတ်နိဗ္ဗာန် မဟုတ်ပေ။

"မဂ်ဖိုလ်တို့၏အာရုံဖြစ်သော ပရမတ်နိဗ္ဗာန်အစစ်သည် ဖြစ်ခြင်းပျက်ခြင်းမရှိသောကြောင့် မြဲသောသဘောရှိသည်။ မြဲသောသဘောရှိသောကြောင့် အစဉ်မပြတ် အခါခပ်သိမ်း ထင်ရှားရှိသောအားဖြင့် တည်နေသည်" စသည့် ဖြင့် ရေးသားဖော်ပြခဲ့ပါသည်။

ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ ဇောတိကာရုံဆရာတော်ဘုရားကြီးက နိဗ္ဗာနဇောတိကာကျမ်းကို ရေးသားပြုစုခဲ့သည်း။ ဆရာတော်ကြီးသည် သစ္စာယမိုက်ပါဠိတော်ကိုကိုးကား၍ နိရောဓနှင့် နိရောဓသစ္စာတို့၏ ကွဲပြားခြားနားမှုကိုအသေးစိတ် ဖော်ပြရေးသားခဲ့ပါသည်။ နိရောဓဟူသောစကားရပ်တွင် ၁။ တဒင်္ဂနိရောဓ ၂။ ဝိက္ခမ္ဘနနိရောဓ ၃။ သမုစ္ဆေဒ နိရောဓ ၄။ ပဋိပဿဒ္ဓိနိရောဓ ၅။ဥပ္ပါဒက္ခဏဘင်္ဂနိရောဓ ၆။ အနုပ္ပါဒ က္ခဏဘင်္ဂနိရောဓ ၇။ သညာဝေဒယိတနိရောဓတို့ ပါဝင်၍ ယင်းနိရောဓတို့မှာ "ချုပ်ခြင်း"ဟု အဓိပ္ပါယ်ဖွင့်ဆို၍ သစ္စာနိရောဓကို နိဗ္ဗာန်ဖြစ်ကြောင်းနှင့် အနုသယတို့၏ချုပ်ရာသို့မဟုတ် ချုပ်ကြောင်းတရား ဖြစ်ခြင်းကို ဖော်ပြခဲ့ပါသည်။ အသင်္ခတနိဗ္ဗာန် (နိရောဓသစ္စာ) သည် ဥပါဒ်၊ ဌီ၊ ဘင် မရှိသောကြောင့် ပစ္စုပ္ပန် အတိတ် အနာဂတ်မဟုတ် ကာလဝိမုတ်သာ ဖြစ်သည်။ သတ္တဝါတို့၏ သဏ္ဍာန်မှ အပဖြစ်ခြင်းကြောင့် ဗဟိဒ္ဓ၊ သာသနာတွင်း သာသနာပ မည်သည့်ကာလ၌မဆို တည်ရှိသောကြောင့် နိစ္စဓုဝ သဿတဖြစ်ကြောင်း"ရေးသားခဲ့ပါသည်။

"နိဗ္ဗာန်ရောက်သည်ဆိုရာ၌ နိဗ္ဗာန်သို့ ယာဉ်အမျိုး မျိုးနှင့်လည်း မရောက်နိုင်၊ ခြေလျှင်ဖြင့်လည်း မရောက်နိုင်၊ နိဗ္ဗာန်သို့ သွား၍လာ၍လည်း မရောက်နိုင် ပဋိသန္ဓေအား ဖြင့်လည်း မရောက်နိုင်၊ အမှန်စင်စစ်အားဖြင့် နိဗ္ဗာန်သည် သွားအပ်သော ဂန္တဗ္ဗမဟုတ်သကဲ့သို့ ရောက်အပ်သော ပတ္တဗ္ဗတရားလည်း မဟုတ်ပေ။ နိဗ္ဗာန်သည် မျက်မှောက်

created using BCL easyPDF Printer Driver
Click here to purchase a license to remove this image

ပြုအပ်သော သစ္ဆိကာတဗ္ဗတရားသာဖြစ်၍ မျက်မှောက်အာရုံပြုအပ်သောတရားသာ ဖြစ်သည်။ နိဗ္ဗာန်ကို မျက်မှောက်အာရုံပြုရာ၌လည်း အရိယာတို့ အသက်ထင်ရှား ရှိနေစဉ် ဂေါတြဘုဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ကိုဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်၊ နိဗ္ဗာန်ကိုအောက်မေ့သော ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ် ဝင်စားအပ်သော ဖိုလ်စိတ်များ ဖြစ်ရာကာလ၌သာ မျက်မှောက်အာရုံပြုနိုင်ကြောင်း ရေးသားခဲ့ပါသည်။

တတိယအယူအဆအနေဖြင့် လယ်တီဆရာတော်ဘုရားကြီး (မြန်မာသက္ကရာဇ်၁၂၀၈-၁၂၈၅) ဖြစ်ပါသည်။ နိဗ္ဗာန်နှင့်ပတ်သက်၍ နိဗ္ဗာနဒီပနီကျမ်းကို ရေးသားခဲ့ပါသည်။ ဆရာတော်ကြီးက "ရဟန္တာတို့ စုတိကမ္မဇရုပ် ချုပ်ပြီး နောက် ထိုရဟန္တာတို့၏ခန္ဓာမှ နိဗ္ဗာန်သို့ ကူးတက်ဆက်နွယ် ၍ သွားသောတရားဟူ၍ အမြွက်လေသံမျှမရှိ။ သေခြင်းသို့ ရောက်လေ၏။ သေလေ၏ဆိုသည်မှာ အတူတူပင်ဖြစ်သကဲ့သို့ နိဗ္ဗာန်သို့ ရောက်လေ၏။ ဆိုသည်နှင့် ချုပ်ငြိမ်း၏။ ဆိုသည်မှာ အတူတူပင်ဖြစ်သည်။ နိဗ္ဗာန်ဟူသည် အစဉ်ဖြစ် ပေါ်နေသော စိတ်စေတသိက် ရုပ်တရားတို့၏ အဖြစ်ငြိမ်းမှုပေတည်း။ ထိုအဖြစ်ငြိမ်းမှုအား ကျေးဇူးပြုနေသော ဓာတ် သဘာဝကြီး သီးခြားရှိသည်၊ နိဗ္ဗာန်ကြီးအစစ်ဖြစ်သည်၊ ကိလေသာခန္ဓာတို့၏ အဖြစ်ငြိမ်းမှုသည် ထိုနိဗ္ဗာန်ကြီး၏ အကျိုးတရားမျှသာ ဖြစ်သည်ဟု အချို့ဆရာတော်တို့က ယူဆကြသည်။ ဤအယူအဆသည် ပါဠိတော် အရပ်ရပ်တို့ နှင့်မညီပေ"ဟုရေးသားခဲ့သည်။

နိဗ္ဗာန်နှင့်ပတ်သက်၍ ရာဟုလာသံကိစ္စည်း၏ အရေးအသားကိုလည်း တင်ပြလိုပါသည်။ ရာဟုလာ သံကိစ္စည်းက "နိဗ္ဗာန်၏ဆိုရင်းအနက်သဘောကား ချုပ်ငြိမ်းခြင်းပေတည်း။ ဆီမီးသို့မဟုတ် မီး၏တောက်ရင်း တောက်ရင်း ချုပ်ငြိမ်းသွားပုံမျိုး ဖြစ်ပေသည်။ ရုပ်နာမ်တရားသည် ရောနှောပူးပေါင်း၍ တစ်ခုသောသက်ရှိဘဝ၏ အနေအထားမျိုးကို ဆောင်ပြီးကာ အလျဉ်သဘောမျိုး ဖြစ်နေပေသည်။ ၍အလျဉ်သဘော လက်စသတ်ချုပ်ငြိမ်း သွားခြင်းသည်ပင် နိဗ္ဗာန်ဖြစ်သည်။ နိဗ္ဗာန်ဟူသည် ချုပ်ငြိမ်းသည်ဟူသော သဘောအဓိပ္ပါယ်ကို နိဗ္ဗာန် ဟူသောပုဒ်၏အနက်ကပင် ပြဆိုပေသည်။ နိဗ္ဗာန်ကိုရသောပုဂ္ဂိုလ် ပရိနိဗ္ဗာန် ပြုပြီးနောက် ဘယ်လိုဖြစ်ပါ သနည်းဟူသောအမေးကို ဗုဒ္ဓသည် ငြင်းပယ်တော်မူခဲ့သည်။ ပညာမဲ့သူတို့အား ထိတ်လန့်သွားစေနိုင် သည့်အရေးကို ထောက်ထား၍ အထင်အရှားဟောကြား ဖြေဆိုတော် မမူလိုပေ" ဟုရေးသားခဲ့သည်။

အမရပူရမဟာဂန္ဓာရုံဆရာတော်ရေးသားခဲ့သည့် သင်္ဂြိုဟ်ဘာသာဋီကာကျမ်းတွင် "နိဗ္ဗာန်ဟူသည် စိတ်စေတသိက် ရုပ်ပရမတ်တို့မှ သီးခြားဖြစ်သော ပရမတ္ထတရားတည်း။ ထို့ကြောင့် ရုပ်နာမ်သင်္ခါရတို့နှင့် လုံးဝဆက်သွယ်ခြင်း မရှိရကား ရုပ်ဝိသေသ နာမ်ဝိသေသမဟုတ်နိုင်၊ အဇ္ဈတ္တဗဟိဒ္ဓနှစ်မျိုးတွင် ဗဟိဒ္ဓမှော ဟူသော မာတိကာပုဒ်အရတွင် ပါဝင်သည့် ဗဟိဒ္ဓတရားဖြစ်သောကြောင့် ခန္ဓာကိုယ်တွင်း၌ အနှစ်အမြုတေအဖြစ်ဖြင့် တည်ရှိသော ဓာတ်တစ်မျိုးလည်း မဖြစ်နိုင်၊ နိဗ္ဗာန်သည် ပုဂ္ဂိုလ်သတ္တဝါကဲ့သို့ ခံစားတတ်သော တရားလည်းဟုတ်၊ ရူပသဒ္ဒစသည် ကာမဂုဏ်အာရုံစသည်ကဲ့သို့ ခံစားအပ်သောတရားလည်း မဟုတ်ရကား နိဗ္ဗာန်၌ ဝေဒယိတသုခ မရှိသည်မှာ အမှန်ပင်တည်း။ သို့သော် ဝေဒယိတသုခထက် အဆပေါင်းများစွာ သာလွန်သည့် သန္တိသုခ အေးမြငြိမ်းချမ်းသောသဘောကား ဧကန်ရှိပေသည်"ဟု ရေးသားခဲ့ပါသည်။

ဆက်လက်၍နိဗ္ဗာန်သည် သန္တိသဘောအားဖြင့် တစ်မျိုးတည်းသာရှိ၏ဟူသောစကားအရ အရိယာ ပုဂ္ဂိုလ် ဟူသမျှ၏ နိဗ္ဗာန်သည် အများဆိုင်ပစ္စည်းတစ်ခုကဲ့သို့ တစ်ပါးတည်းသာရှိသည်ဟု မှတ်မှားတတ်သည် ထိုကဲ့သို့ ဆိုလိုရင်းမဟုတ်၊ စိတ်မှန်လျှင် အာရုံကိုသိခြင်းသဘောအားဖြင့် တစ်မျိုးတည်းသာရှိသကဲ့သို့

created using BCL easyPDF Printer Driver
Click here to purchase a license to remove this image

နိဗ္ဗာန်မှန်လျှင် သန္တိသဘောအားဖြင့် တစ်မျိုးတည်းသာရှိသည်ဟု ဆိုလိုသည်။ ပုဂ္ဂိုလ်တိုင်း၌ ကိုယ့်စိတ်နှင့် ကိုယ်ရှိသကဲ့သို့ အရိယာပုဂ္ဂိုလ်တိုင်းမှာလည်း ကိုယ့်နိဗ္ဗာန်နှင့်ကိုယ် ရှိကြသည်” ဟု ရေးသားခဲ့ပါသည်။

မဟာစည်ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာပုစ္ဆကမထေရ်အဖြစ် ဆောင်ရွက်တော်မူခဲ့သည်။ ဆရာတော်၏ နိဗ္ဗာန်ဆိုင်ရာတရားတော်တွင် ‘နိဗ္ဗာန်ဆိုတာ ဝဋ္ဋသုံးပါး ဆင်းရဲငြိမ်းရာ၊ ငြိမ်းကြောင်း၊ ငြိမ်းခြင်းပင် ဖြစ်ကြောင်း’ ဟောကြားတော်မူခဲ့ပါသည်။ ထို့ပြင် ပဋိသမ္ဘိဒါမဂ်ပါဠိတော်တွင်လာသော **“ဥပ္ပါဒေါ သင်္ခါရာ၊ အနုပ္ပါဒေါ နိဗ္ဗာနံ”**ဟု လည်းကောင်း၊ **“ပဝတ္တံ သင်္ခါရာ၊ အပ္ပဝတ္တံ နိဗ္ဗာနံ”**ဟု လည်းကောင်း **“နိမိတ္တံ သင်္ခါရာ၊ အနိမိတ္တံ နိဗ္ဗာနံ”**ဟု လည်းကောင်း ဖော်ပြဟောကြားတော်မူခဲ့ပါသည်။ ဝိပဿနာယောဂီသည် ရှုတိုင်းရှုတိုင်း ဖြစ်ဖြစ်ပြီး ပျက်ပျက်သွားတာကိုချည်း ဉာဏ်ဖြင့်တွေ့နေရတာတွေဟာ သင်္ခါရ တရားတွေချည်းဘဲ၊ နောက်ဆုံးကျတော့ ဒီလိုရှုနေရင်းထဲကပင် ဖြစ်ပျက်ခြင်းမရှိတဲ့ သဘောထဲကို အသိဉာဏ်က သွဲ့အလိုလို ရောက်သွားတယ်၊ အဲဒါဟာ မဂ်ဖိုလ်ဉာဏ်ဖြင့် ဖြစ်ခြင်းကင်းတဲ့ နိဗ္ဗာန်အငြိမ်းဓာတ်ကို မျက်မှောက်တွေ့သွားတာပဲ၊ ဒါကြောင့် “ဖြစ်ပေါ်က သင်္ခါရ၊ မဖြစ်ပေါ်မှ နိဗ္ဗာန်”လို့ အတိုချုပ်မှတ်ထားကြရမယ်။ “ပကတိ လူတွေဟာ ငယ်ငယ်က ရုပ်နဲ့ကိုယ်နဲ့၊ ယခုရှိတဲ့ ရုပ်နဲ့ကိုယ်ဟာ တစ်ယောက်တည်းဘဲလို့ ထင်နေကြတယ်၊ ငယ်ငယ်က မြင်လိုက် ကြားလိုက် ကြံစည်လိုက်စသည်ဖြင့် သိသိနေတာနဲ့ ယခုသိသိ နေတာက ငါတစ်ယောက်တည်းဘဲလို့ ထင်နေကြတယ်။ မြဲတဲ့အနေ အတ္တကောင်အနေဖြင့် စွဲလန်းနေကြတယ်။ ဖြစ်ခိုက်ဖြစ်ခိုက်ရုပ်နာမ်ကို မပြတ်လိုက်ပြီး ရှုမှတ်နေတဲ့ ဝိပဿနာယောဂီမှာတော့ ရှုတိုင်းရှုတိုင်း ဖြစ်ဖြစ်ပြီး ပျက်ပျက် သွားတာကို ကိုယ်ပိုင်ဉာဏ်ဖြင့် တွေ့ရပါတယ်။ ဒါကြောင့် ဖြစ်ဖြစ်ပြီး ပျောက်ပျောက်သွားလို့ မမြဲဘူးလို့လည်း သိတယ်၊ ဖြစ်ပြီးပျက်၊ ဖြစ်ပြီးပျက်နဲ့ အဖြစ်အပျက်က မပြတ်နှိပ်စက်နေလို့ ဆင်းရဲကြီးပဲလို့လည်း သိမြင်သဘောကျတယ်၊ ကိုယ့်အလိုအတိုင်း မဟုတ်ဘဲ သူ့သဘောအတိုင်း သူဖြစ်နေတယ်လို့ အတ္တကောင် ငါကောင် မဟုတ်တဲ့ သဘော တရားမျှဘဲလို့လည်း ထင်မြင်သဘောကျတယ်။ အဲဒီလိုရှုမှတ်လို့ မကုန်ဆုံးနိုင်တဲ့ ရုပ်နာမ်အစဉ်ကို မပြတ် တွေ့နေရတယ်၊ အဲဒါပဝတ္တခေါ်တဲ့ ရုပ်နာမ်အစဉ်ကို တွေ့နေရတာပါဘဲ။ အဲဒီလိုရှုသိနေရင်းထဲက မပြတ်ဖြစ်ပျက် နေတဲ့ ရုပ်နာမ်အစဉ်ကင်းဆိတ်တဲ့ အငြိမ်းဓာတ်ထည်းကို အသိဉာဏ်က ကျရောက်သွားတယ်၊ အဲဒါဟာ မပြတ် ဖြစ်မှု ကင်းတဲ့ အတွက် အပ္ပဝတ္တခေါ်တဲ့ နိဗ္ဗာန်ကို မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် မျက်မှောက်ပြုသွားတာပါဘဲ။ ဒါကြောင့် “မပြတ်ဖြစ်နေတဲ့ ရုပ်နာမ်အစဉ်က သင်္ခါရ၊ မပြတ်ဖြစ်စဉ်ငြိမ်းမှ နိဗ္ဗာန်”လို့ အတိုချုပ်မှတ်ထားကြရမယ်။”

“သတိပဋ္ဌာန်ဒေသနာတော်နှင့်အညီ သွားတယ်၊ ကွေတယ်၊ လှမ်းတယ်၊ ချတယ်”စသည်ဖြင့် ရှုမှတ်နေ ပေမယ် လို့ သွားနေတဲ့ကိုယ်ကောင်းကြီး ကွေ၊ လှမ်း၊ ချနေတဲ့ ခြေစသော အထည်ဒြပ်ပါ လိုက်ပြီးသိနေရတယ်။ ” “ဖေါင်း တယ်၊ ပိန်တယ်၊ ထိုင်တယ်”စသည်ဖြင့် ရှုမှတ်ရာမှာလည်း ဝမ်းဗိုက်ကိုယ်ပုံသဏ္ဌာန်နှင့်တကွ ထင်ပေါ် နေတယ်။ အဲဒီလို ထင်ပေါ်နေတာဟာ သင်္ခါရနိမိတ် ထင်နေတာပါဘဲ။ ရှုကာစမှာ ပုံသဏ္ဌာန်ပညတ်နိမိတ်တွေ ထင်ခဲ့တယ်၊ နာမရူပပရိစ္ဆေဒဉာဏ်ကောင်းစွာဖြစ်သည်မှစ၍ ထိုနိမိတ်များထင်မှု လျော့ပါးလာခဲ့တယ်။ သင်္ခါရနိမိတ်ကင်းတဲ့ နိဗ္ဗာန်ကိုတော့ မသိမမြင်သေးပါ။ သင်္ခါရုပေက္ခာဉာဏ်က ရင့်သန်ပြီးပြည့်စုံတဲ့အခါမှာ သင်္ခါရတွေ လုံးဝဆိတ်သုဉ်းတဲ့ သဘောထဲကို ရောက်သွားတယ်။ အဲဒီအခါမှာ ပုံသဏ္ဌာန် အရိပ်နိမိတ်ဆိုရင် ဘယ်လိုဟာကိုမှ မတွေ့ရဘူး။ ဖြစ်ပျက်သင်္ခါရတွေ လုံးဝဆိတ်သုဉ်းကင်းငြိမ်းနေတဲ့ သဘောကိုသာ ထင်ရှားတွေ့ရပါတယ်။ အဲဒါဟာ**“နိမိတ္တံ သင်္ခါရာ၊ အနိ မိတ္တံ နိဗ္ဗာနံ”**ဆိုတဲ့ ပဋိသမ္ဘိဒါမဂ်နှင့်အညီပါဘဲ။

created using BCL easyPDF Printer Driver
Click here to purchase a license to remove this image

"ဖြစ်ပျက်နေဟန် ပုံသဏ္ဍာန်နိမိတ်ထင်နေတာက သင်္ခါရ သင်္ခါရနိမိတ် လုံးဝကင်းမှ နိဗ္ဗာန်"ဟု ယောဂီများ လိုက်ဆိုရန်ဟောကြားတော်မူခဲ့ပါသည်။

ဆရာတော်ရေးသားခဲ့သည့် ဝိပဿနာရှုနည်းကျမ်းတွင် "နိဗ္ဗာန်ဟူသည်မှာ ဘုံနန်းပြာသာဒ်ကြီးလည်း မဟုတ်၊ မြို့ကြီးပြကြီးလည်းမဟုတ်၊ အလင်းရောင် အဝင်းရောင်လည်းမဟုတ်၊ အကြည်ဓာတ် အအေးဓာတ်လည်း မဟုတ်၊ အဘယ်ကြောင့်နည်းဟူမူ ထိုဘုံနန်းပြာသာဒ်မြို့ပြည်၊ အလင်းရောင်၊ အဝင်းရောင် အကြည်ဓာတ်၊ အအေးဓာတ်ကလေးများသည် အသင်္ခတပရမတ်တရားမဟုတ်၊ ထိုက်သည်အားလျော်စွာ ပညတ်တရား၊ သင်္ခတပရမတ်တရားများသာဖြစ်သောကြောင့်ပေတည်း"ဟုဖော်ပြခဲ့ပါသည်။

## အာကာသနှင့် နိဗ္ဗာန်တရား

အသင်္ခတပရမတ် နိဗ္ဗာန်တရားတော်မြတ်၏ အကြောင်းနှင့်ပတ်သက်၍ အသိဉာဏ်ထင်ရှားဖြစ်သမျှ တို့ကို ထေရဝါဒဗုဒ္ဓတရားတော်များနှင့်ယှဉ်၍စပ်၍ ဖော်ပြ ခဲ့ပါသည်။ ယခုအခါ အာကာသသဘောတရားနှင့် နိဗ္ဗာန် တရားတော်တို့ကို ယှဉ်စပ်ဖော်ပြအပ်ပါသည်။

အာကာသအမျိုးသည် ရူပကလာပပရိစ္ဆေဒါကာသ ၁-ပါး၊ သုသိရာကာသ ၁-ပါး၊ ဝိဝရာကာသ ၁-ပါး၊ ကသိဏုဂ္ဃါဋိမာကာသ ၁-ပါး၊ အဇဋာကာသ ၁-ပါးဟူ၍၅-မျိုးရှိပါသည်။ ထို၅-မျိုးတို့တွင် -

၁။ **ရူပကလာပ ပရိစ္ဆေဒါကာသ** ဆိုသည်ကား တစ်ခုနှင့်တစ်ခု ပိုင်းခြားမှုကို ဆိုလိုသည်။ ထို အာကာသသည် ကျောက်တုံး သံတုံးတို့၏ အတွင်းမှာပင် အပြည့်ရှိ၏။ ထိုအာကာသအပြည့် ရှိနေသည့် အတွက်ကြောင့် ယင်းကျောက်တုံး သံတုံးတို့ကို ခွဲစိတ်ခြင်းငှာလည်းကောင်း၊ အမှုန့်ပြုခြင်းငှာ လည်းကောင်း၊ တတ်ကောင်းခြင်း ဖြစ်ပါသည်။ ခြောက်သွေ့သော သဲပုံ၊ သဲစုတို့၌ သဲလုံး တို့၏အကြား၊ စပါးပုံ၊ စပါးစု၊ ဆန်ပုံဆန်စုတို့၌ စပါးလုံး ဆန်လုံးတို့၏အကြားတို့မှစ၍ စေ့စပ်စွာ စီခင်းထားအပ်သော အုတ်ချပ်တို့၏အကြား ပျဉ်ချပ်တို့၏အကြားစသည်ဖြင့် နေရောင်၊ မီးရောင် မဝင်လောက်သော အကြား စသည်တို့သည် ထိုပရိစ္ဆေဒါ ကာသ၌ ပါဝင်ကုန်၏။ ဤရူပကလာပပရိစ္ဆေဒါကာသကို ပရိစ္ဆေဒရုပ်အဖြစ် ဖော်ပြခဲ့သော်လည်း စင်စစ်အားဖြင့် အာကာသသည် ရုပ်တရား မဟုတ်ပါ။ ထို့ကြောင့် အဘိဓမ္မတ္ထသင်္ဂဟ ကျမ်းတွင် အာကာသပရိစ္ဆေဒ ရုပ် ၁-ပါး၊ ဝိညတ် ရုပ် ၂-ပါး၊ ဝိကာရရုပ် ၃-ပါး၊ လက္ခဏရုပ် ၄-ပါး ပေါင်း ၁၀-ပါးသော ရုပ်တို့ကို အသဘာဝရုပ်၊ အလက္ခဏရုပ်၊ အရူပရုပ်၊ အနိပ္ဖန္နရုပ်၊ အသမ္မသနရုပ် များဟူ၍ ဖွင့်ဆိုခဲ့ပါသည်။ ဆိုလိုသည်မှာ ဤပရိစ္ဆေဒရုပ်သည် ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ သြဇာ စသည့်ပရမတ် ရုပ်များကဲ့သို့ ရုပ်အစစ်မဟုတ်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

၂။ **သုသိရာကာသ**ဆိုသည်မှာ ဝါးလုံးစသည်တို့၏ အတွင်း၌ ပကတိအားဖြင့် ပြင်ဖက်သို့ မပေါ်သော အခေါင်းမျိုးကို ဆိုလိုသည်။

၃။ **ဝိဝရာကာသ**ဆိုသည်မှာ မီးရောင်တို့ ဝင်နိုင်လောက်သော ခံတွင်းပေါက် နှာခေါင်းပေါက်တို့မှစ၍ ကျောင်းအိမ်တို့၌ နံရံပေါက်၊ တံခါးပေါက်၊ စသည်တို့ကို ဆိုလိုပါသည်။

၄။ **ကသိဏုဂ္ဃါဋိမာကာသ**ဆိုသည်မှာ ကသိုဏ်းဝန်းကို ပယ်ခွါရအပ်သော အာကာသကို ဆိုပါသည်။ ပထဝီကသိုဏ်းစသော ကသိုဏ်းဝန်းတို့၌ ကသိုဏ်းစျာန်တို့ကိုရရှိပြီးနောက် အရူပစျာန်တို့ကို ရလိုပြန်သော် စိတ်ထဲတွင်စွဲ၍ရှိလေသော ကသိုဏ်းဝန်းအာရုံကို စိတ်နှင့်ပင် ဖျောက်ဖျက်ရပါသည်။ ကသိုဏ်းဝန်းအာရုံ

created using BCL easyPDF Printer Driver
Click here to purchase a license to remove this image

ပျောက်ကွယ်လေသောအခါ ထိုနေရာမှာ ထိုကသိုဏ်းဝန်းပမာဏရှိသော အာကာသအဝန်းကိုရလေ၏။ အာကာသာနဉ္စာယတနစျာန်စိတ်၏ပညတ်အာရုံ ဖြစ်ပါသည်။

၅။ **အဇဋကာကာသ**ဆိုသည်မှာ တစ်စုံတစ်ခု ဝတ္ထုဒြပ် အထွေးအယှက်မရှိသည်ဖြစ်၍ လဟာပြင်ဟုဆို အပ်သော အာကာသကြီးကို ဆိုလိုသည်။ ထိုအဇဋာ ကာသသည်မှုကား ကမ္ဘာ၊ မြေ၊ ရေ၊ လေ၏ အောက်မှာလည်း ဖီလာအဖို့၊ အောက်အဖို့အားဖြင့် အဆုံးမရှိ၊ အနန္တဖြစ်၏။ အထက်မှာလည်း အဆုံး မရှိ၊ အနန္တဖြစ်၏။ ဖြစ်မှုပျက်မှုတို့နှင့်ဝေးကွာလျက် အခါခပ်သိမ်း နိစ္စဓုဝတရားထင်ရှားလှ၏။ ပကတိ သဘောအားဖြင့် ထိုအာကာသဟူသော အာရုံမျိုးသည် တစ်စုံတစ်ခုသော ဓာတ်သားဝတ္ထုအမှု ကြိယာရှိသောအာရုံမျိုးမဟုတ်၊ နိစ္စအာရုံမျိုး ဓုဝအာရုံမျိုးသာ ဖြစ်ပါသည်။

ထို့ကြောင့် အင်္ဂုတ္တိုရ်ပါဠိတော်၌ "အာကာသ"ကို နိစ္စ၊ ဓုဝ၊ သဿတ၊ အဝိပရိဏာမဓမ္မဟု ဟောတော်မူပါ သည်။ အဓိပ္ပါယ်မှာ မြဲသော၊ မရွေ့လျားသော၊ တစ်ဆက်တည်းတစ်ပြန့်တည်းသော၊ ဖောက်ပြန်ပြောင်းလဲခြင်း မရှိသောတရားဟု ဆိုလိုပါသည်။

သို့ဖြစ်ရာ ပရိစ္ဆေဒါကာသနှင့်တကွ အလုံးစုံသော "အာကာသမျိုး"ဟူသမျှသည် မိမိ၏သဘောအားဖြင့် ဖြစ်ခြင်း ပျက်ခြင်းမှကင်းသော နိစ္စမျိုး ဓုဝမျိုး တစ်ခုတည်းသော သဘောမျိုးသာလျှင် အမှန်ဖြစ်ပါသည်။ နှစ်ခု၊ သုံးခု၊လေးခု၊ ငါးခု စသည်ဖြင့် များပြားရန်မရှိပါ။ ပြူတင်းတံခါး အများရှိခဲ့လျှင် အပေါက်အာကာသအများဟုပင် ထင်မြင် ပြောဆိုကြရပါသည်။ ပြူတင်းတံခါး အကြီးအငယ် ရှိခဲ့ပြန်လျှင်လည်း အပေါက်အာကာသ အကြီးအငယ် အများဟုပင် ထင်မြင်ပြောဆိုကြရခြင်း ဖြစ်ပါသည်။ တို့အတူ အာကာသ ၅-မျိုးဟူ၍ ခေါ်ဝေါ်ပြောဆိုရခြင်း ဖြစ်ပါသည်။

ထို"လဟာပြင် အာကာသတရား"သည်လည်း အကြောင်းကင်းသော အဟေတုကတရား၊ အထောက် အပံ့ကင်းသော အပ္ပစ္စယတရား၊ အစမရှိသကဲ့သို့ အဆုံးလည်းမရှိသော အနာဒိအနန္တတရား၊ အရိပ်နိမိတ် ကင်းစင်သော အနိမိတ္တတရား၊ တဏှာ,ဒိဋ္ဌိတို့ဖြင့် ကပ်ငြိ၍မရသော အပ္ပဏိဟိတတရား၊ "ငါ"ဟူသော အတ္တ၊ "ငါဟာ"ဟူသော အတ္တနိယသဘောတို့မှ သုဉ်းဆိတ်သော "သုညတတရား" လည်း ဖြစ်ပါသည်။ ဖြစ်ပေါ်ခြင်း မရှိသော အဇာတတရား၊ မပြုပြင်မစီရင်အပ်သော အသင်္ခတတရားလည်း ဖြစ်ပါသည်။ ပထဝီ၏ ပထဝီသဘော၊ တေဇော၏ တေဇောသဘော၊ အာပေါ၏ အာပေါသဘော၊ ဝါယော၏ ဝါယောသဘောဖြင့်လည်းကောင်း၊ အာကာသာနဉ္စာယတနစသည် အာရုပ္ပစျာန်တရားများတို့၏သဘော အသီးသီးအားဖြင့်လည်းကောင်း မရောက်အပ်သောတရားလည်း ဖြစ်ပါသည်။ ဤလဟာပြင် အာကာသတရား"သည် တည်ရာမရှိသော တရားလည်း ဖြစ်ပါသည်။

ဤသို့ဖြစ်ရာ "ဤလဟာပြင်အာကာသတရား"၏ သဘောသဘာဝများကို "အသင်္ခတပရမတ် နိဗ္ဗာန် တရားတော်မြတ်"၏ သဘောသဘာဝတို့နှင့် ယှဉ်စပ်၍ ဝေဖန်ဆင်ခြင်ပါက တစ်မျိုးတည်းသော တစ်သဘော တည်းသော တရားသာဖြစ်ကြောင်း အသိဉာဏ်ထင်ရှားဖြစ်နိုင်ပါသည်။

ထို့ကြောင့်ပင် "**ကာမစ္ဆန္ဒာ န ပဿန္တိ၊ နိဗ္ဗာနံ ကာမမန္တရေ။ ပဿန္တိ တတော အန္တံ၊ တသ္မာ ဆန္ဒံ ဝိကောပယေ**"ဟု ဟောကြားတော်မူခဲ့ပါသည်။ အဓိပ္ပါယ်မှာ အဆင်း၊ အသံ၊ အနံ့၊ အရသာ အတွေ့ဟူသော အာရုံ ၅-ပါး၊ ကာမဂုဏ်တရားတို့၏အကြား၌ရှိသော နိဗ္ဗာန်တရားကို မမြင်ကြရပေ။ အာရုံ ၅-ပါး

created using
BCL easyPDF
Printer Driver
Click here to purchase a license to remove this image

ကာမဂုဏ်တရားတို့၏ အကြား၌ ရှိသောနိဗ္ဗာန်တရားကို မြင်သည်ရှိသော် ဒုက္ခ၏ အဆုံးသို့ ရောက်တော့သည်သာတည်း။ ထို့ကြောင့်ပင် အာရုံ ၅-ပါး ကာမဂုဏ်တရားတည်းဟူသော အဖုံးကို ဖယ်ရှားအပ်၏" ဟူ၍ဖြစ်ပါသည်။ ဆိုလိုသည်မှာ အဆင်းစသည့် ရုပ်တရားအစုတို့၏အကြားအကြား၌ရှိသော နိဗ္ဗာန်တရား (လဟာပြင်အာကာသတရား) အဆင်းရူပါရုံရုပ်တရားအစုနှင့် အသံသဒ္ဒါရုံရုပ်တရားအစုစသည့် ကွဲပြားသော အာရုံ ရုပ်တရား အစုတို့၏အကြားအကြား၌ ရှိသော နိဗ္ဗာန်တရား (လဟာပြင် အာကာသတရား)ကို ဉာဏ်အမြင် ထင်ရှားဖြစ်ပါက အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ ဟူသောတရားတို့၏ ဖုံးလွှမ်းမှုကို ဖယ်ရှားနိုင်ပြီး ဒုက္ခ၏အဆုံးသို့ ဉာဏ်အမြင် ထင်ရှားဆိုက်ရောက်ပြီဟုဆိုလိုခြင်း ဖြစ်ပါသည်။

## အခြားဘာသာတရားများသို့ လှမ်းမြော်ခြင်း

ကမ္ဘာပေါ်ရှိလူအများ ယုံကြည်ကိုးကွယ်ကြသော ဘာသာတရားများသည် အလွန်ပင် များပြားလှပါသည်။ မိမိလက် ခံယုံကြည်ကိုးကွယ်သော ဘာသာသည်သာလျှင် အကောင်းဆုံးအမှန်ဆုံးဟု မှတ်ယူ၍ အခြားသော ဘာသာများကို စေ့စေ့စပ်စပ် လေ့လာခြင်းမပြုဘဲ ပုတ်ခတ်ပြောဆို ရေးသားမှုများလည်း ရှိတတ်ပါသည်။ ကမ္ဘာအရပ်ရပ် ရှိယုံကြည်ကိုးကွယ်သည့် ဘာသာမတူသဖြင့် စည်းလုံး ညီညွတ်မှုမရှိဘဲ နိုင်ငံသားအချင်းချင်း စိတ်ဝမ်းကွဲပြားရမှု များ ပဋိပက္ခများဖြင့် ဒုက္ခအမျိုးမျိုး တွေ့ကြုံကြရသည်ကိုလည်း အလွယ်တကူပင် သိမြင်နိုင်ကြပါသည်။

ဗုဒ္ဓဘာသာမှတစ်ပါး ကမ္ဘာ့လူသား အများအပြား ယုံကြည်ကိုးကွယ်သော ဘာသာကြီးသုံးမျိုးမှာ-

၁။ ဟိန္ဒူဘာသာ

၂။ ခရစ်ယာန်ဘာသာ

၃။ အစ္စလာမ်ဘာသာတို့ဖြစ်ကြပါသည်။

ဤဘာသာကြီး သုံးမျိုးစလုံးသည် အနန္တတန်ခိုးတော်ရှင်၊ ဖန်ဆင်းရှင် ဖြစ်တော်မူသော ထာဝရဘုရားသခင်ကို ယုံကြည်ကိုးကွယ်သည့်ဘာသာကြီးများ ဖြစ်ပါသည်။ ဟိန္ဒူဘာသာအရ ဖန်ဆင်းရှင် ထာဝရဘုရားသခင်ကို "ဗြဟ္မာ"ဟုခေါ်ပါသည်။ ခရစ်ယာန်ဘာသာအရ ကောင်းကင်ဘုံ "ထာဝရဘုရားသခင်" ဖြစ်ပါသည်။ အစ္စလာမ်ဘာသာအရ "အလ္လာအရှင်" ဖြစ်ပါသည်။ ဘာသာစကားကွဲပြားမှုအရ ထာဝရဘုရားသခင်ကို အမည်သုံးမျိုးဖြင့် သတ်မှတ်သုံးစွဲ ခေါ်ဝေါ်သော်လည်း ပင်ကိုယ်သဘောမှာ အကြောင်းမဲ့ အကြောင်းတရား ဖန်ဆင်းရှင် ထာဝရဘုရားဟူသော တစ်သဘောတည်းသာ ဖြစ်ပါသည်။

ထာဝရဘုရားသခင်သည် အစမရှိသကဲ့သို့ အဆုံးလည်း မရှိပါ။ ဤသဘောကို ထာဝရဟူသော ဝေါဟာရက ဖော်ညွှန်းပါသည်။ ထို့ပြင် ထာဝရဘုရားသခင်အဖို့ တစ်စုံတစ်ခုသော တည်စရာမှီစရာမရှိပါ။ ထာဝရဘုရားသခင်သည် အကြောင်းလည်း ကင်းပါသည်။ မည့်သည့်အကြောင်းကြောင့်မျှ ဖြစ်ပေါ်တည်ရှိနေသည် မဟုတ်ပါ။ အကြောင်း ကင်းလျက်သာ တည်ရှိနေခြင်း ဖြစ်ပါသည်။ ဖြစ်ခြင်း ပျက်ခြင်းမရှိပါ။ ထို့ကြောင့် မြဲသောနိစ္စသဘော ဖြစ်ပါသည်။ ထာဝရဘုရားသခင်၌ မည်သည့်အထောက်ပံ့မျှ မလိုအပ်ပါ။ အထောက်အပံ့ကင်းလျက်သာ တည်တော်မူပါသည်။ ထာဝရဘုရားသခင်သည် ရွေ့လျားသော၊ ပြောင်းလဲသော သဘောမရှိပါ။ မရွေ့လျား မပြောင်းလဲ သောသဘော ဖြစ်ပါသည်။ ထာဝရဘုရားသခင်ကို ပုံပန်း သဏ္ဌာန်အရိပ် နိမိတ်တို့ဖြင့် ဖော်ပြရန်မဖြစ်နိုင်ပါ။ နိမိတ်ကင်းသော အာရုံအနေဖြင့်သာ ဖူးတွေ့နိုင်ပါသည်။

created using BCL easyPDF Printer Driver
Click here to purchase a license to remove this image

ထာဝရဘုရားသခင်၏ အနှစ်သာရသဘောမှာ ငြိမ်သက်ခြင်းသဘောပင် ဖြစ်ပါသည်။ ထာဝရဘုရားသခင်အား အာရုံအနေဖြင့် ဖူးတွေ့ရသည်အခါ ဘုရားသခင်၏ ငြိမ်သက်ခြင်းသဘော အနှစ်သာရမှ သန့်ရှင်းသောဝိညာဉ်တော်နှင့် ဆက်သွယ်မိကာ အစင်ကြယ်ဆုံး အမြင့်မြတ်ဆုံး အပြည့်စုံဆုံး ဘဝပိုင်ရှင်ဖြစ်၍ ဘုရားသခင်၏ကိုယ်စား ကယ်တင်ရှင်အဖြစ်လည်းကောင်း၊ တမာန်တော်အဖြစ်ဖြင့်လည်းကောင်း ရွေးချယ်ကြေညာခြင်းခံရပါသည်။ သာဝကကြီးများအဖြစ်ကိုလည်း ရရှိပါသည်။

ဖန်ဆင်းခံဆိုသည်မှာ စကြဝဠာအနန္တနှင့်တကွ နေ၊ လ၊ နက္ခတ်၊ တာရာ၊ ဂြိုဟ်၊ ကမ္ဘာများ၊ ရေ မြေ၊ တော၊ တောင်၊ သမုဒ္ဒရာ၊ ပင်လယ်များ၊ သက်ရှိသက်မဲ့များ အားလုံး တို့ပင်ဖြစ်ပါသည်။ ဤဖန်ဆင်းခံအားလုံးသည် ဖန်ဆင်းရှင် ထာဝရဘုရားသခင်၌သာ သက်ရောက်စီးဝင် ဖြစ်ပေါ် ကုန်ဆုံးကြရပါသည်။ မည်သည့်ဖန်ဆင်းခံမျှ ထာဝရသဘောကို မဆောင်ပါ။ ဖန်ဆင်းခံများအားလုံးတို့သည် မမြဲသော မခိုင်ခံ့သော အမျိုးမျိုးအစားစား ပြောင်းလဲသော အကန့်အသတ်အပိုင်းအခြားများရှိသော သက်ရှိသက်မဲ့များ နှင့်အရာဝတ္ထုများသာ ဖြစ်ပါသည်။

ထေရဝါဒဗုဒ္ဓဘာသာတရားတော်များအရ နိဗ္ဗာန်တရားတော်မြတ်သည် အသင်္ခတပရမတ် အစစ်အမှန်ဖြစ်ပါသည်။ ဟိန္ဒူဘာသာအရ ဗြဟ္မာသည် အသင်္ခတဖြစ်ပါသည်။ ခရစ်ယာန်ဘာသာအရ ထာဝရဘုရားသခင်သည် အသင်္ခတ ဖြစ်ပါသည်။ အစ္စလာမ်ဘာသာအရ အလ္လာအရှင်မြတ်သည် အသင်္ခတဖြစ်ပါသည်။

ဟိန္ဒူဘာသာ၏အယူအဆအရ ထာဝရဘုရားသခင် ဣသွာရသည်လည်းကောင်း၊ ခရစ်ယာန်ဘာသာ၏အယူအဆအရ ကောင်းကင်ဘုံ ထာဝရဘုရားသခင်က လူသားတို့ ကျူးလွန်သည့်အပြစ်များ ကယ်တင်ရန် စေလွှတ်ခြင်းခံရသူ ယေရှုခရစ်တော်သည်လည်းကောင်း၊ အစ္စလာမ်ဘာသာ၏အယူအဆအရ ထာဝရဘုရားသခင်က တမာန်တော်အဖြစ် ရွေးချယ်ခြင်းခံရသည့် မိုဟာမက်သည်လည်းကောင်း၊ ဗုဒ္ဓဘာသာ၏အယူအဆအရ အသင်္ခတပရမတ်နိဗ္ဗာန်တရားနှင့် မဂ်လေးပါး၊ ဖိုလ်လေးပါးတည်းဟူသော လောကုတ္တရာတရား ၉-ပါးကို ဟောကြားတော်မူခဲ့သော ရှင်တော်မြတ်ဗုဒ္ဓသည်လည်း ကောင်း၊ ကမ္ဘာပေါ်တွင် အသိဉာဏ်အရာ၌ အမြင့်မားဆုံး အပြည့်စုံဆုံး စိတ်နှလုံးအရာ၌ အစင်ကြယ်ဆုံး အမြင့်မြတ်ဆုံးဖြစ်ရုံသာမက တန်ခိုးတော်အနန္တနှင့်လည်း ပြည့်စုံကြ၍ မိမိတို့၏ ဘဝများကို ကမ္ဘာသူ ကမ္ဘာသားတို့၏အကျိုးအတွက် ဆောင်ကြဉ်းသူများ ဖြစ်ကြောင်းကို ငြင်းဆိုနိုင်ကြ မည်မဟုတ်ပါ။

ဤပုဂ္ဂိုလ်ထူးကြီးများ၏ သွန်သင်ညွှန်ပြဆုံးမချက်များအရ ကမ္ဘာသူ ကမ္ဘာသားတို့၏ အတွေးအကြံများ အပြောအဆိုများ အပြုအမူများ၊ အသက်မွေးမှုများ အပါအဝင်အရေး ပေါင်းမြောက်များစွာတွင် တိုးတက်လျက်ရှိပါသည်။ ညီညွတ်စွာ ပေါင်းစည်းမိမည်ဆိုပါက ကမ္ဘာ လူသား ထုတစ်ရပ်လုံးသည် ငြိမ်သက်ငြိမ်းချမ်းမှုနှင့်တကွ ယဉ်ကျေး၍ သာယာဝပြောသည့်လူ့ဘောင်အဖြစ် ကာလကြာမြင့်စွာ တိုးတက်နေမည်ဟု မြော်မှန်းရပါသည်။

## ဝန္ဒနာနှင့်ဆုပန်လွှာ

မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာ စည်ပင်ထွန်းကားပြန့်ပွားသော နိုင်ငံဖြစ်ကြောင်း နိဒါန်းတွင် ဖော်ပြခဲ့ပါသည်။ တစ်နည်းအားဖြင့် **ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော** ဟူသော ဗုဒ္ဓပွင့်ထွန်း ပေါ်ပေါက်သည့် ရခဲစွာသော အခွင့်အခိုက် ဖြစ်ပါသည်။ ဤအခွင့်အခိုက်တွင် လူဖြစ်လာရ ခြင်းသည်လည်း **မနုဿတ္တဘာဝေါ ဒုလ္လဘော**ဟူသော ရခဲသည့် အခွင့်အခိုက်ကို ရရှိခြင်းပင် ဖြစ်သည်။ တစ်ဖန် ရတနာသုံးပါးကို ရိုသေကြည်ညိုသည့်

created using BCL easyPDF Printer Driver
Click here to purchase a license to remove this image

သဒ္ဓါတရားနှင့်ပြည့်စုံသော အမိအဖ ဆွေမျိုးသားချင်း အသိုင်းအဝန်းတွင် ငယ်စဉ်ကလေးဘဝမှစ၍ ကြဉ်လည်ကြီးပြင်းရပြီး ကိုယ်တိုင်လည်း ရတနာသုံးပါးအပေါ် လေးမြတ်ကြည်ညို ရိုသေရခြင်းသည်လည်း **"ဒုလ္လဘော သဒ္ဓါသမ္ပတ္တိ"**ဟူသော ရခဲလှသည့် အခွင့်အခိုက်ကို ရရှိခြင်းဖြစ်သည်။ ထိုမှ္မမက သာမဏေဘဝဖြင့်လည်းကောင်း ဥပသမ္ပဒကံဆောင်၍ မြင့်မြတ်သော ရဟန်းဘောင်ဘဝဖြင့်လည်းကောင်း အနည်းငယ်သောကာလအတွင်း သာသနာ့ဘောင်တွင် ကိုယ်တိုင်ကိုယ်ကျ ဝင်ရောက်ပူဇော်နိုင်ခဲ့ခြင်းသည် ရခဲလှသော ပဗ္ဗဇ္ဇိတဒုလ္လဘ အခွင့်ကြီးပင်ဖြစ်၍ ဝမ်းမြောက်မဆုံး ဖြစ်မိပါသည်။

ထိုသို့ဖြစ်၍ ငယ်စဉ်အခါမှစ၍ ရဟန်းဆရာ အဆူဆူ လူပုဂ္ဂိုလ်ဆရာတို့ထံမှ ဗုဒ္ဓရှင်တော်မြတ်၏ တရားဒေသနာများကို သင်ယူနာကြားမှတ်သားဝေဖန် နည်းနာခံ၍ ကျင့်ကြံကြိုးကုတ်အားထုတ်ဆည်းပူးခွင့်ရခြင်း **"သဒ္ဓမ္မသဝနံ အတိဒုလ္လဘံ"**ဟူသော အလွန်ရခဲလှသော အခွင့်အခိုက်ကြီးကိုလည်း လက်ဝယ်ပိုင်ပိုင် ရရှိနိုင်ခဲ့ပါသည်။ ထို့ကြောင့် တရားဒေသနာတော်များနှင့်စပ်ဆိုင်သည့် အသိဉာဏ်ထင်ရှား ဖြစ်ပေါ်မှုများကို ထိုက်တန်သမျှ ရရှိခဲ့ပါသည်။

ယင်းအသိဉာဏ် ထင်ရှားဖြစ်ပေါ်မှုများအရ လောကုတ္တရာတရား ၉-ပါး အားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်ပင် ရတနာမြတ်သုံးပါးကိုလည်းကောင်း၊ အမိအဖ နှင့်တကွ ဆရာသခင်ကျေးဇူးရှင် အပေါင်းတို့ကိုလည်းကောင်း အကြိမ်ကြိမ်အထပ်ထပ် ရိုသေစွာပူဇော်အပ်ပါသည်။

ဤစာတမ်းကို ရေးသားပြုစုတင်ပြရာတွင် အစဉ်ကျကျ အချက်အလက်များ ဝေဝေဆာဆာ အသင့်ယုတ္တိများ ပြည့်ပြည့်စုံစုံရှိနိုင်ရန် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှပါဝင် အားထုတ်တင်ပြလိုပါသော်လည်း ထိုသို့ မတင်ပြနိုင်သဖြင့် အားမရပါ။ ဤစာတမ်းပါ အသိဉာဏ်ထင်ရှားဖြစ်မှုများသည် ဗုဒ္ဓရှင်တော်မြတ်၏ တရားဒေသနာတော်များနှင့်ကိုက်ညီပါက ဤစာတမ်းသည် ကာလကြာမြင့်စွာ ကမ္ဘာအနှံ့ ပျံ့လိုင်ကြိုင်သင်း လူခပင်းအား မကောင်းမှုမှန်သမျှတို့ကို မကျူးလွန်မိရန် ရှောင်ကြဉ်နိုင်ခြင်း၊ ကောင်းမှုမှန်သမျှတို့ကို ပြည့်စုံအောင်ဆောင်ရွက်နိုင်ခြင်း၊ စိတ်နှလုံး၏ ငြိမ်သက်ငြိမ်းချမ်းခြင်းတို့ဖြင့် ပြီးပြည့်စုံသော ယဉ်ကျေးသည့်ဘဝပိုင်ရှင်များအဖြစ်သို့ ရောက်ရှိအောင် ဆောင်ကြဉ်းနိုင်ပါစေသတည်း။

လိပ်စာ
ဦးကျော်ထွန်း (မဟာမြိုင်၊ မ/လေး)
၃၈-လမ်း၊ ၆၉နှင့်၇၀-လမ်းအတွင်း
မဟာမြိုင် ၁-ရပ်ကွက်
မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။
ဖုန်း- ၀၂-၃၃၄၆၂

created using
BCL easyPDF
Printer Driver
Click here to purchase a license to remove this image